# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်　၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ကြာသပတေးနေ့　အတွဲ (၅၈)၊ အမှတ် (၁၄၄)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား တက်ရောက်




ဟားခါး ဖေဖော်ဝါရီ ၂၀

**၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဖုန်းမြတ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပမည့် ဟားခါးမြို့ ဝမ္မသူးမောင်


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

သတင်းစဉ်

**ချင်းအမျိုးသားနေ့ကို နှစ်စဉ်ကျင်းပ နိုင်သည်နှင့်အမျှ ချင်းပြည်နယ်၏ ဂုဏ်သတင်းများ သည်လည်း သင်းပျံ့နေမည်၊ ချင်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများလည်း တည်တံ့နေမည်**




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လွှတ်တော်များသည် ပြည်သူ့အတွက်သာ...

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရန် အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုပြီးသည့်နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-ခ နှင့် နည်းဥပဒေ ၁၀၅-က တို့နှင့်အညီ ကော်မတီ၏ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်အတူ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကကို ဥက္ကဋ္ဌအဖြစ်တင်ကာ ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေဟူသည် မူလဘူတက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟု အမည်တပ် ခေါ်ဝေါ် သုံးစွဲခဲ့ပြီး အနှစ်သာရမှာ အချုပ်အခြာအာဏာကို ပြည်သူလူထုက ပိုင်ဆိုင်သည်ဟူသည့်အချက်ကို ထင်ဟပ်ကာ ဥပဒေဖြင့် အခိုင်အမာ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ပြည်သူတို့က နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အမှန်တကယ်ပိုင်စိုးသူဖြစ်သည့်အတိုင်း ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များကို မည်သို့ မည်ပုံတာဝန်ပေးကာ မည်ရွေ့မည်မျှ လုပ်ပိုင်ခွင့်ပေးပြီး မည်သို့တာဝန်မှ ရုပ်သိမ်းနိုင်မည်ဆိုခြင်းကို ဥပဒေဖြင့် အခိုင်အမာ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ထိုသို့ရေးဆွဲရာတွင် နိုင်ငံတော်အား မည်သို့ မည်ပုံ ဖွဲ့စည်းမည်၊ မည်သို့သောမူများဖြင့် အုပ်ချုပ်မည်၊ လုပ်ပိုင်ခွင့်နှင့် အာဏာတို့ကို လွှတ်တော်များ၊ အစိုးရအဖွဲ့အစည်းများတို့ မည်ကဲ့သို့ ခွဲဝေတာဝန်ယူရမည်၊ ပြည်သူလူထုက အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မည်သို့ထိန်းချုပ်ကိုင်တွယ်ထားမည်၊ လိုအပ်လာသည့်အခါတိုင်း ပြည်သူလူထုက မည်သို့ပြုပြင်ပြောင်းလဲရေးဆွဲပြင်ဆင်နိုင်ရမည် စသည်တို့ကို ဥပဒေအဖြစ် တိတိကျကျရေးဆွဲထားခြင်းဖြစ်ပါသည်။

ပြည်သူရွေးချယ်ထားသည့် ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတို့အကြား အာဏာလွှဲပြောင်းခွဲဝေပေးမှုဆိုင်ရာ သဘောတူနားလည်မှုကို ဥပဒေဖြင့် စာချုပ်ချုပ်ဆိုထားခြင်း ဖြစ်ပါသည်။

အဓိကက ပြည်သူလူထု ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာကို ပြည်သူလူထု သဘောဆန္ဒအတိုင်း ကိုင်တွယ်နိုင်ရန် ဖြစ်ပါသည်။ ဤသို့ ပြည်သူအများစု၏ သဘောအတိုင်း လိုက်နာရခြင်းသည်ပင် အခြေခံဥပဒေ၏ ရည်မှန်းချက်ဖြစ်ပါသည်။

ဤသည်ကို ထောက်၍ ပြည်သူ့ကိုယ်စားလှယ်များက လက်ရှိအခြေခံဥပဒေကို ပြင်ဆင်ရေးသားကြရန် လိုအပ်ပြီဟူသည့် သဘောထားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားရန် အစီအမံများ ပြုလုပ်လာခြင်းဖြစ်သည်ဟု ရှုမြင်သည်။ ပြည်သူလူထုကသာ အချုပ်အခြာအာဏာကို ပိုင်စိုးရမည်ဟူသည့် အခြေခံမူပေါ်တွင်ရပ်တည်ကာ မည်သို့မည်ပုံ ပြင်ဆင်ရေးသားမည် ဆိုသည်ကို တိုင်ပင်ကြရန်၊ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းကြရန် အားထုတ်ကြခြင်းမျှသာ ဖြစ်ပါသည်။

အခြေခံဥပဒေဆိုသည်က လူတစ်ဦးတစ်ယောက် အဖွဲ့အစည်း တစ်စုံတစ်ခုအတွက် ရည်မှန်းရေးဆွဲရခြင်းမျိုးမဟုတ်ဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို အမှန်တကယ် ရှေးရှုရေးဆွဲရခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ယခုအခြေခံဥပဒေသည် ရေးဆွဲခဲ့စဉ်ကတည်းက ပြည်သူလူထု၏ အကျိုးစီးပွားကို အခြေပြုခဲ့ခြင်းဖြစ်မဖြစ်ကို အငြင်းပွားစရာများ ရှိခဲ့သဖြင့် ယခုလို ပြန်လည်သုံးသပ်ခြင်းဖြင့် ပြည်သူလူထုကို ဦးထိပ်ထားသည့်အနေအထားတို့ မြင်တွေ့ရမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

နိုင်ငံ့အာဏာဆိုသည်မှာ နိုင်ငံအတွက်၊ ပြည်သူလူထုအတွက်သာဖြစ်ပါသည်။ ထို့ကြောင့် အချုပ်အခြာအာဏာနှင့် ပတ်သက်လျှင် ပြည်သူလူထုအများစု၏ ဆန္ဒထက်ဘာကမျှ ပို၍အရေးကြီးသည့် နေရာမှာ မရှိပါ။

ပြည်သူလူထုကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူလူထုအကျိုးကို ရည်မျှော်ကာ ငြိမ်းချမ်းသာယာ တိုးတက်သော အနာဂတ်နိုင်ငံတော်ကို မျှော်မှန်းတည်ဆောက်နိုင်မည့် ပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်တောင်းလိုက်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ ကယားပြည်နယ်တရားလွှတ်တော်၏ အစီအစဉ်ဖြင့် "Seminar On How to Handle New Types of Evidence and Courtled Mediation System" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို လွိုင်ကော်မြို့ Famous Hotel ၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ ကယားပြည်နယ် တရားရေးဦးစီးမှူး ဦးမြင့်စိုး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်နှင့် JICA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်အတွင်းမှ တရားရေးအရာရှိ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် "Seminar On How to Handle New Types of Evidence and Courtled Mediation System" ဆိုင်ရာနှင့် ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မကွေးတက္ကသိုလ်တွင် ပြည်သူ့နီတိ အသိပညာပေးဟောပြော

**မကွေး ဖေဖော်ဝါရီ ၂၀**

မကွေးတက္ကသိုလ်တွင် ယမန်နေ့က မြန်မာစာရေးဆရာကလပ် ပြည်သူ့နီတိ ပြန့်ပွားထွန်းကားရေးကော်မတီမှ ပြည်သူ့နီတိ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခများ၊ ဌာနမှူးများ၊ ကြီးကြပ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

"ပြည်သူ့နီတိပွဲကို စာရေးဆရာတွေနဲ့ စာရေးဆရာကလပ်အသင်းက နေပြီး ကျွန်တော်တို့ကလည်း ကူညီပေးပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူ့နီတိတွေနဲ့ပတ်သက်တာတွေ၊ ကလေးတွေ၊ လူကြီးတွေ၊ အဓိကကတော့ ကျောင်းတွေအတွက် ရည်ရွယ်ပြီးတော့ ဟောပြောပွဲလေးတွေလုပ်ပေးတာပါ။ ၂၀၁၈ ခုနှစ် ၁၀ လပိုင်းလောက်က စတင်ဆောင်ရွက်ခဲ့တာပါ။ အခုဆို ကျောင်းအတော်များများမှာ စာရေးဆရာကလပ်က စာရေးဆရာတွေနဲ့ ကျောင်းတွေကို လာရောက်ဟောပြောဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ တက္ကသိုလ်အသီးသီးဖြစ်တဲ့ မန္တလေးတို့ မော်လမြိုင်၊ ဘားအံတို့ ရန်ကုန်ပွဲတွေ အတော်များများ ရောက်ပြီးသွားပါပြီ။ ဆက်လက်ပြီးလည်း မြစ်ကြီးနားဘက်ကို သွားမှာပါ ဒီလိုမျိုးပွဲလေးတွေ လုပ်ပေးတာ ကောင်းပါတယ်။ ကျောင်းသားကျောင်းသူတွေနဲ့ ပြည်သူတွေပါ သိသွားတာပေါ့။ ပြည်သူ့နီတိဆိုတဲ့ ကျင့်ဝတ်လေးကိုပေါ့။ ပြန့်ပွားအောင် ကျွန်တော်တို့ဘက်က ကူညီပေးတာ ဖြစ်ပါတယ်" ဟု ပွဲစီစဉ်သူ Royal Myanmar Tea-mix မှ ကိုကျော်စွာမင်းက ပြောသည်။

ဟောပြောပွဲတွင် မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာခင်မောင်ဦးက အမှာစကားပြောကြားပြီး စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ စာရေးဆရာမ ဒေါ်နှင်းဝေငြိမ်းတို့က ပြည်သူ့နီတိအသိပညာများနှင့် ပတ်သက်၍ ဟောပြောခဲ့ကြောင်းနှင့် မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (မကွေး) တွင် ဆက်လက်ဟောပြောကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**



ဓာတ်မြစ်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်

**ပြည်ကြီးတံခွန် ဖေဖော်ဝါရီ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်ရုံးတွင် ယနေ့ နံနက်က ကျင်းပသည်။

မန္တလေးခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအေးပိုက အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၃ ကတ်ကို ပေးအပ်ရာ ရပ်ကွက်နေပြည်သူများက တစ်ဦးချင်း လက်ခံယူသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

✾ *ရှေ့ဖုံးမှ*

အားကစားကွင်းသို့ ရောက်ရှိကြရာ ဒေသခံချင်းတိုင်းရင်းသားများက ဂုဏ်ပြုပန်းစည်းများ ပေးအပ်၍ ရင်းရင်းနှီးနှီး ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးဟန်ဇော်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့တို့က (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**အမှာစကားပြောကြား**

ထို့နောက် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရဆရာတော် ဒေါက်တာစတီဗင် လျန်ဟုန်လိန်းက ချင်းအမျိုးသားနေ့ ပွဲတော်အတွက် ကောင်းချီးမင်္ဂလာ ဆုတောင်းစကားပြောကြားပြီး သဘာပတိက (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။

**ချင်းအမျိုးသားနေ့သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာကို ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဖတ်ကြားသည်။

**"ချင်းပြည်နယ်တွင် ထူးကဲမှုများစွာရှိပါကြောင်း၊ အောက်ချင်းငှက်နှင့် တောင်ဇလပ်ပန်းတို့သည် ချင်းပြည်နယ်နှင့် ချင်းအမျိုးသားတို့၏ သင်္ကေတများပင်ဖြစ်ပါကြောင်း၊ တောင်ဇလပ်ပန်းသည် ရဲရဲနီပြီး သတ္တိနှင့်ရဲရင့်မှုကို ပြသနေပါကြောင်း၊ တောင်စွန်းတောင်ဖျားများပေါ်တွင် ဝင့်ဝင့်ကြွားကြွားဖြင့် ပေါက်ရောက်နေခြင်းသည်လည်း အထင်ကရတစ်ခုပင် ဖြစ်ပါကြောင်း၊ ၎င်းမှာ ချင်းလူမျိုးတို့၏ ရဲရင့်မှု၊ သတ္တိရှိမှုနှင့် ဝင့်ကြွားမှုဆိုသည့် လက်ရုံးရည်ကို ပြသခြင်းဖြစ်"**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ချင်းပြည်နယ်၏ သာယာလှပမှုနှင့် ချင်းအမျိုးသားတို့၏ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုမှုများကြောင့် မိမိအနေဖြင့် မိသားစုကဲ့သို့ တရင်းတနှီးခံစားရပါကြောင်း။

**သင်္ကေတများပင်ဖြစ်**

ချင်းပြည်နယ်တွင် ထူးကဲမှုများစွာရှိပါကြောင်း၊ အောက်ချင်းငှက်နှင့် တောင်ဇလပ်ပန်းတို့သည် ချင်းပြည်နယ်နှင့် ချင်းအမျိုးသားတို့၏ သင်္ကေတများပင်ဖြစ်ပါကြောင်း၊ တောင်ဇလပ်ပန်းသည် ရဲရဲနီပြီး သတ္တိနှင့်ရဲရင့်မှုကို ပြသနေပါကြောင်း၊ တောင်စွန်း တောင်ဖျားများပေါ်တွင် ဝင့်ဝင့်ကြွားကြွားဖြင့် ပေါက်ရောက်နေခြင်းသည်လည်း အထင်ကရ တစ်ခုပင် ဖြစ်ပါကြောင်း၊ ၎င်းမှာ ချင်းလူမျိုးတို့၏ ရဲရင့်မှု၊ သတ္တိရှိမှုနှင့် ဝင့်ကြွားမှုဆိုသည့် လက်ရုံးရည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ ထို့အတူ အောက်ချင်းငှက်ကို ကြည့်ပါကလည်း သစ္စာတရားကြီးမားမှုကို တွေ့ရပါကြောင်း၊ အောက်ချင်းဖို၊ အောက်ချင်းမ ငှက်မောင်နှံတို့သည် အတူတကွ ပျံသန်းလေ့ရှိပါကြောင်း၊ အောက်ချင်းငှက်မကသားမွေးပါက အောက်ချင်းငှက်ဖိုက အနားက မခွာဘဲ ကျွေးမွေးစောင့်ရှောက်သည့် တာဝန်ကို ယူကြပါကြောင်း၊ ထို့အပြင် ပို၍သစ္စာတရားကြီးမားမှုမှာ အောက်ချင်းငှက်မ အသက်အန္တရာယ်နှင့် ကြုံတွေ့ရပါက အောက်ချင်းငှက်ဖိုကလည်း လိုက်၍ အသက်ကို စွန့်လွှတ်ပါကြောင်း။

**စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့**

ချင်းအမျိုးသားတို့၏ မေတ္တာတရားနှင့် သစ္စာတရားကြီးမားမှုကို အဆိုပါ သင်္ကေတ နှစ်ခုက ဖော်ညွှန်းနေပါကြောင်း၊ အောက်ချင်းငှက်ဖိုနှင့်ငှက်မတို့၏ သစ္စာတရားသည် ဥမကွဲ၊ သိုက်မပျက် အတူတကွနေထိုင်ကြမည်ဆိုသည့် စံနမူနာကို ပြသနေသည်ဟု ခံယူပါကြောင်း၊ ချင်းအမျိုးသားတို့ အနေဖြင့်လည်း ပြည်ထောင်စုကြီးတွင် ဥမကွဲ၊ သိုက်မပျက် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါကြောင်း၊ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတို့တွင် ချင်းအမျိုးသားများသည် အခြားတိုင်းရင်းသားများနည်းတူ လွတ်လပ်ရေးရရှိအောင် ကြိုးစားပါဝင်ခဲ့ပါကြောင်း၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းရုံတင်မကဘဲ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်တွင် ချင်းအမျိုးသားကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလျှရ်မှုန်၊ ဦးသောင်ဇာခုတ်နှင့် ဦးကီယိုမန်းတို့သည် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထို့ပြင် ဦးဝမ္မသူးမောင်ဆိုပါကလည်း ပြည်မနှင့်တောင်တန်း တစ်ချိန်တည်း လွတ်လပ်ရေး ရယူရန် အဆိုတင်သွင်းခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည့်အတိုင်း ၎င်း၏ ဦးဆောင်မှုအောက်တွင် ချင်းမျိုးချစ်ပုဂ္ဂိုလ်များကလည်း နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးကာလများတွင် ရှပ်ရှပ်ချွံချွံ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

နောက်ပိုင်းတွင်လည်း ကောင်းတူဆိုးဖက်၊ အေးအတူပူအမျှ ပြည်ထောင်စုကြီးအတွင်း အတူတကွလက်တွဲပြီး ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပသည့်အခါတွင်လည်း ချင်းအမျိုးသားများအနေဖြင့် ပါဝင်ဆွေးနွေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို ချင်းအမျိုးသား မျိုးချစ်ပုဂ္ဂိုလ်များအနေဖြင့် သမိုင်းအစဉ်အဆက် ခေတ်တိုင်းခေတ်တိုင်းတွင် ပြသခဲ့ခြင်းဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့ကို နှစ်စဉ်ကျင်းပနိုင်သည်နှင့်အမျှ ချင်းပြည်နယ်၏ ဂုဏ်သတင်းများသည်လည်း သင်းပျံ့နေမည်ဖြစ်ပါကြောင်း၊ ချင်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများလည်း တည်တံ့နေမည်ဖြစ်ပါကြောင်း။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖလမ်းမြို့၌ ကျင်းပသည့် လူထုညီလာခံတွင် ချင်းအမျိုးသားကိုယ်စားလှယ် ၅၀၀၀ ကျော်တက်ရောက်ခဲ့ပြီး တိုက်သူကြီး အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်းသည် ချင်းအမျိုးသားများအနေဖြင့် ဒီမိုကရေစီစနစ်အပေါ် တန်ဖိုးထားမှုနှင့် ဉာဏ်အမြော်အမြင်ရှိမှုကို ပြသခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ ကမ္ဘာလုံးဆိုင်ရာအမြင်ကို စောစီးစွာသိမြင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ချင်းအမျိုးသားများအနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး၊ လူ့အခွင့်အရေးကို လေးစားကြသည်နှင့်အမျှ ဒီမိုကရေစီအသီးအပွင့်များကို ခံစားလာရပြီးဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများ ချင်းရိုးရာယဉ်ကျေးမှုကပွဲတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ချင်းပြည်နယ်အတွင်းတွင် မျိုးနွယ်စု ၅၃ စု ရှိသည်ဟု သိရှိရပါကြောင်း၊ မျိုးနွယ်စုအသွင်ကွဲ၊ အဆင်ကွဲများ ရှိနေခြင်းသည် ချင်းပြည်နယ်၏ အလှတရားများပင်ဖြစ်ပါကြောင်း၊ အသွင်ကွဲ၊ အဆင်ကွဲများကို ယခုကဲ့သို့ စုစည်းညီညွတ်အောင် ဆောင်ရွက်နိုင်ခြင်းသည်ပင်လျှင် ချင်းပြည်နယ်၏ စည်းလုံးညီညွတ်မှု အင်အားဖြစ်ပါကြောင်း၊ ထိုအလှတရားများနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုကြီး တည်တံ့ရေးအတွက် ဥမကွဲ၊ သိုက်မပျက် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

**မြှင့်တင်ထိန်းသိမ်းရန်လို**

ပြည်ထောင်စုအစိုးရအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ် မခွဲခြားဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ချင်းပြည်နယ်၏ အလှတရားသည် ချင်းပြည်နယ်တွင်သာမက ပြည်ထောင်စုကြီး၏ အလှတရားဖြစ်အောင်၊ ချင်းပြည်နယ်၏ ဒီမိုကရေစီတန်ဖိုးထားမှုသည် ချင်းပြည်နယ်တွင်သာမက ပြည်ထောင်စုကြီး တစ်ခုလုံးတွင်လည်း ဒီမိုကရေစီ စံချိန်စံညွှန်းများအတိုင်း တန်ဖိုးထားရှိနိုင်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ချင်းပြည်နယ်၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်း အစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် မြှင့်တင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းတွင်ရှိသည့် တိုင်းရင်းသားပြည်သူ ညီအစ်ကို မောင်နှမ အားလုံးကလည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေများကို ယခုထက်မက တိုးမြှင့်ပြီး ပြည်ထောင်စုကြီး၏အလှကို ဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

ထို့နောက် သဘာပတိက (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့အဖွဲ့အစည်းအသီးသီးက ပေးပို့သည့်သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာပတိအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ (၇၁) နှစ်မြောက် ချင်းပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

**ပြခန်းများ ကြည့်ရှုလေ့လာ**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် (၇၁)နှစ်မြောက် ချင်းပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာ ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည့် ဘွဲ့တိုင်(ခ) အထွတ်အမြတ်တိုင် စိုက်ထူပွဲသို့ တက်ရောက်ပြီး စိုက်ထူပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် ချင်းရိုးရာယဉ်ကျေးမှုကပွဲတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ပါဝင်ဆင်နွှဲကြပြီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ခေါင်ကျွဲပွဲအား ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ စုပေါင်းဝါးညှပ်အကနှင့် ခေါင်ကျွဲပွဲအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် ဟားခါးမြို့ရှုခင်းသာသို့ ရောက်ရှိကြပြီး View Point မှနေ၍ ဟားခါးမြို့၏ ရှုခင်းအလှကို ကြည့်ရှုသည်။

**ယဉ်ကျေးမှု ကပြဖျော်ဖြေပွဲသို့ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ချင်းပြည်နယ်လွှတ်တော်ရုံးဝင်းအတွင်းကျင်းပသည့် မီးပုံပွဲနှင့်ရိုးရာယဉ်ကျေးမှု ကပြဖျော်ဖြေပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ချင်းရိုးရာယဉ်ကျေးမှုကပွဲ တွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ပါဝင်ဆင်နွှဲကြစဉ်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Andrea Faulkner အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နှစ်ပေါင်းများစွာ သံတမန်ဆက်ဆံရေးကောင်းမွန်ခဲ့မှု၊ ဘာသာစကားသင်တန်း၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ သင်တန်း၊ မူးယစ်ဆေးဝါး တန်ပြန်နှိမ်နင်းမှုသင်တန်းနှင့် ဆေးဘက်ဆိုင်ရာသင်တန်းများ စသည့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပညာရေး၊ စီးပွားရေးကဏ္ဍများအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩစတြေးလျနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု၊ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အရေးကိစ္စနှင့် ပတ်သက်ပြီး အစိုးရနှင့်တပ်မတော်မှ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့မှုနှင့် ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Andrea Faulkner အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာနှင့် အမေရိကန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးအခြေအနေများ ဆွေးနွေး



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံ အရပ်ဘက် / စစ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးအခြေအနေများ၊ အမေရိကန်ပြည်ထောင်စု၏ အင်ဒို-ပစိဖိတ်ဆိုင်ရာ ရည်ရွယ်ချက်နှင့် ရပ်တည်ချက်ဆိုင်ရာကိစ္စရပ်များ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက် တပ်မတော်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် အမေရိကန်က ကြိုဆိုထောက်ခံမှုနှင့် ထုတ်ပြန်ချက်ကြေညာပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုနှင့် တိုးတက်မှု၊ ကချင်ပြည်နယ်တွင် IDP Camp များမှ နေရပ်စွန့်ခွာပြည်သူများအား မူလနေရာသို့ ပြန်လည်နေထိုင်နိုင်ရေး အစိုးရနှင့် တပ်မတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ရခိုင်ဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် တပ်မတော်မှ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ရခိုင်ဒေသတွင် ARSA နှင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပြည်နယ်အတွင်း ဖျက်ဆီး၊ နှောင့်ယှက်မှုအပေါ် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအား တပ်မတော်မှ စောင့်ရှောက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု၊ ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်(CWC)အား မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Andrea Faulkner အား ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများအပေါ် ဩစတြေးလျနိုင်ငံက ဆက်လက်ထောက်ခံကူညီသွားမည့် ကိစ္စရပ်များ၊ ပညာရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ စသည်တို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Andrea Faulkner အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။** သတင်းစဉ်

# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၅၀၀ ကျော်ဖန်တီးပေးနိုင်မည့် လုပ်ငန်းခုနစ်ခုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဘယ်လ်ဂျီယံနိုင်ငံမှ မျိုးရင်းကြက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်း၊ တရုတ်နိုင်ငံမှ Contract Farming စနစ်ဖြင့် စပ်မျိုးစပါးများ စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၊ ဟောင်ကောင်မှ CMP စနစ်ဖြင့် စက်ထိုးအထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကိုရီးယားနိုင်ငံမှ စက်မှုဇုန် (Industrial Complex) တည်ထောင်လည်ပတ်ခြင်းလုပ်ငန်း (အဆင့်-၁)၊ ဟောင်ကောင်မှ ၉၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ထိုင်းနိုင်ငံမှ လက်လီလက်ကားရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် စင်ကာပူနိုင်ငံမှ လက်လီရောင်းဝယ်ခြင်းနှင့် ကုန်သိုလှောင်မှုလုပ်ငန်းတို့ကို ခွင့်ပြုပေးသည်။

အထက်ပါလုပ်ငန်းခုနစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၆၂၉ သန်းရှိပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၅၇၂ ဦး ဖန်တီးပေးနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကော်မတီများ၏ သက်တမ်းကို ထပ်မံတိုးမြှင့် သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတို့၏ သက်တမ်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ နောက်ထပ် ၁ နှစ်အထိ လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ နောက်ထပ် ၁ နှစ်အထိ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ နောက်ထပ် ၁ နှစ်အထိ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ နောက်ထပ် ၁ နှစ်အထိလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီတို့၏ သက်တမ်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ နောက်ထပ် ၁ နှစ်အထိ လည်းကောင်း ထပ်မံတိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

## ပညာရေးကောလိပ်အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်မရှိသေး

ဟသ်ၤာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၏ **ဟသ်ၤာတမြို့နယ်အတွင်း ပညာရေးကောလိပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ပုသိမ်ပညာရေးကောလိပ်၊ မြောင်းမြပညာရေးကောလိပ်နှင့် ဘိုကလေးပညာရေးကောလိပ်တို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ဟသ်ၤာတခရိုင်အတွင်း ဆရာနှင့် ကျောင်းသား လိုအပ်ချက်အချိုး သင့်လျော်မှုရှိနေပါကြောင်း၊ အဓိကအားဖြင့် တစ်ပြည်လုံးတွင် ဖွင့်လှစ်ဆောင်ရွက်နေသည့် ၂ နှစ်သင် ပညာရေးကောလိပ် ၂၅ ကျောင်းကို ၄ နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်နေရခြင်းဖြစ်သောကြောင့် ပညာရေးကောလိပ်အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရှောင်မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ **ရှောင်မြို့နယ်အတွင်းရှိ ယကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာအထက်တန်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ် ရှောင်မြို့နယ် ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၆၈ ဦးသာ ရှိပါကြောင်း၊ အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သော မြင်းကျဒိုးအခြေခံပညာအထက်တန်းကျောင်းနှင့် ခုနစ်မိုင်ခန့်သာကွာဝေးပြီး ကျောက္ကူပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းဆင့်သင် ကျောင်းသား ကျောင်းသူ ၇၈ ဦးသာ ရှိသည့်အပြင် အနီးဆုံးအထက်တန်းအဆင့်သင် ကျောင်းဖြစ်သော ရေဦးအခြေခံပညာအထက်တန်းကျောင်းနှင့် သုံးမိုင်ခန့်သာကွာဝေးကြသည်ကို တွေ့ရှိရပါကြောင်း။

ရှောင်မြို့နယ် ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသေးသောကြောင့် ယခုလာမည့်နှစ်တွင် ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် လက်ရှိအားဖြင့်လည်း ကျောင်းသားကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းပညာရပ်များကို သင်ယူနိုင်မှုအခွင့်အလမ်းရှိနေပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ဟသ်ၤာတမဲဆန္ဒနယ်မှ
ဦးခင်မောင်ရီ



မိုးကောင်းမဲဆန္ဒနယ်မှ
ဦးဝင်းနိုင်



ရန်ကင်းမဲဆန္ဒနယ်မှ
ဒေါ်ဇင်မာအောင်

## မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခေါင်းစဉ်အောက်၌ လျာထားတင်ပြမည်ဖြစ်

မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် အမှန်တကယ်လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်အား အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဒေသခံပြည်သူလူထုဆန္ဒနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှုအခွင့်အလမ်း ပိုမိုတိုးတက်စေရန် မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ၆၀ (၁၂၀×၃၀)RCC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခေါင်းစဉ်အောက်တွင် လျာထားတင်ပြမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သောင်းစိန်၊ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်းနှင့် တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ဒစ်ဂျစ်တယ် စာတတ်မြောက်မှု အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ထို့နောက် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် တင်သွင်းသည့် **ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းက စီးပွားရေးမူဝါဒ ၁ အရ လည်းကောင်း၊ စီးပွားရေးမူဝါဒ ၄ ပါ e-Government စနစ်ကို တည်ထောင်နေပြီဖြစ်သကဲ့သို့ လွှတ်တော်မှလည်း e-Government နှင့် ပတ်သက်သည့် အဆိုကိုလည်း အတည်ပြုပြီး ဖြစ်ပါကြောင်း၊ e-Government နှင့် ပတ်သက်သည့် ကော်မတီကိုလည်း ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ ထို့အတူ အာဆီယံ e-Commerce တွင်လည်း လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အားသာချက်တစ်ရပ်အနေဖြင့် စမတ်ဖုန်းများကို လူတိုင်းနီးပါးတွင် ရှိနေပါကြောင်း၊ ယင်းအားသာချက်အပေါ်တွင် မူတည်ပြီး Mobile Device များကို မည်သို့ထိရောက်စွာ အသုံးချမည်ဆိုသည့် စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် Digital Literacy Framework ကို ရေးဆွဲပြဋ္ဌာန်းပြီး ၂၁ ရာစု၏ စိန်ခေါ်မှုများကို ယုံယုံကြည်ကြည်နှင့် ကျော်ဖြတ်ကြရန် တိုက်တွန်းဆွေးနွေးသည်။

ဆက်လက်၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မိမိတို့လက်ရှိ ဝန်ကြီးဌာနများတွင် ဆောင်ရွက်နေသည့် e-Government လုပ်ငန်းများသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်နာယကအဖြစ် ဆောင်ရွက်နေသည့် e-Government အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် အမျိုးသားပညာရည် မြင့်မားရေးမဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များနှင့် ထပ်တူကျနေသည့်အတွက် အချိန်ကိုက်တင်သွင်းသည့် အဆိုဖြစ်နေပါကြောင်း။

အဆိုဆွေးနွေးသည့် ကိုယ်စားလှယ်များ တင်ပြသည့် Digital Literacy Framework အတွက် ရှုထောင့်များ၊ ကဏ္ဍများမှ ထောက်ပြဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ ဆွေးနွေးချက်များအားလုံးကိုလည်း မိမိတို့ Digital Literacy Framework ကိုဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ Digital Literacy Frameworkကို အကောင်အထည်ဖော်ရာတွင် လက်တွေ့မူလတန်းအဆင့်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် ပညာရေးကဏ္ဍအသီးသီးတွင် ဆောင်ရွက်ရန် ICT Infrastructure များ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ Software များ၊ သင်တန်းများ စသည်တို့ကို တစ်ဆင့်ချင်း တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်းနှင့် အဆိုအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

## ဇီးဖြူကုန်းရေထိန်းတံခါးဖြင့် ရွှေမယင်းကွင်း၌ နွေစပါးရာသီတွင် လျာထားချက်ကျော်လွန်စိုက်ပျိုးနိုင်

**တွံတေး ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ဇီးဖြူကုန်းရေထိန်းတံခါးသည် တိုးမြစ်မှတစ်ဆင့် တွံတေးတူးမြောင်းမှ ဝင်ရောက်လာသော ရေချိုများအား သိုလှောင်ထားရှိခြင်းဖြင့် ရွှေမယင်းကွင်းအတွင်း ယခု ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးစိုက်ရာသီတွင် စပါးစိုက်ဧက ၂၇၀၉၄ ဧက လျာထားဆောင်ရွက်ခဲ့ရာ လျာထားချက်ထက် ကျော်လွန်၍ ၃၀၉၁၉ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တွံတေးမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးစပါး ၈၁၂၆၆ ဧကနှင့် နွေစပါး ၂၇၀၉၄ ဧကစိုက်ပျိုးနိုင်ခဲ့သည်။ ရွှေမယင်းကွင်းသည် တွံတေးမြို့နယ်၏ စပါးအများဆုံး စိုက်ပျိုးရာဒေသဖြစ်ပြီး ဇီးဖြူကုန်းရေထိန်းတံခါးမှ အဓိက ရေထိန်း ရေထုတ်နုတ်ပေးနေခြင်းဖြစ်သည်။ ရွှေမယင်းကွင်းအတွင်း မိုးရာသီတွင် ရွာသွန်းသော မိုးရေများအား ကွင်းအတွင်းမှ ရေထုတ်နုတ်ပေးပြီး အမြင့်ဆုံး ဒီရေတက်ချိန်များတွင် ကွင်းအတွင်း မြစ်ရေများဝင်ရောက် နစ်မြုပ်ပျက်စီးမှုမဖြစ်အောင် တူးမြောင်းဘက်ခြမ်း ရေတံခါးများမှ ကာကွယ်ပေးထားသည်။

နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် တိုးမြစ်မှဝင်ရောက်လာသော ရေချိုများကို တွံတေးတူးမြောင်းမှတစ်ဆင့် ဇီးဖြူကုန်းရေတံခါးမှ ရေသွင်း၍ ရေချိုသိုလှောင်ပြီး စိုက်ပျိုးရေနှင့် အောင်ရေတို့ဖြင့် နှစ်စဉ်နွေစပါး စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ တွံတေးတူးမြောင်းသည် ဒီရေအတက်အကျရှိသော တူးမြောင်းဖြစ်ပြီး နှစ်စဉ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရန်ကုန်မြစ်ဘက်မှ ပင်လယ်ရေငန်များဝင်ရောက်လေ့ရှိသဖြင့် နွေစပါး စိုက်ပျိုးမှုအား မထိခိုက်စေရန် ဇီးဖြူကုန်းရေတံခါးမှ ရေတံခါးများပိတ်၍ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးလျက်ရှိကြောင်း သိရသည်။



ဇီးဖြူကုန်းရေထိန်းတံခါးမှ စိုက်ပျိုးရေပေးဝေနေမှုကို တွေ့ရစဉ်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# လှိုင်ကော်လေဆိပ်အဆင့်မြှင့်တင်သည့် စီမံကိန်းကို တင်ဒါလုပ်ငန်းများဆောင်ရွက်ပြီးနောက် စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်



ဒုတိယဝန်ကြီး ဦးလှကျော်



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **ကယားပြည်နယ် လွိုင်ကော်မြို့တော်တွင် ပြေးလမ်းတိုးချဲ့လျက်ရှိသော လေယာဉ်ကွင်းအား မည်သည့်ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လွိုင်ကော်လေဆိပ် အဆင့်မြှင့်တင်မည့် စီမံကိန်းအဆိုပြုချက်ကို စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်ပါ စည်းမျဉ်းနှင့် စံသတ်မှတ်ချက်များအရ စိစစ်မှုခံယူ၍ ပြည့်မီပါက နိုင်ငံတော်က ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု ဆောင်ရွက်ခြင်း၊ လက်ရှိလေဆိပ်အဆောက်အအုံကို အတိုင်ပင်ခံ ကုမ္ပဏီငှားရမ်း၍ တန်ဖိုးဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့နောက် Request for Proposal (RFP) ရေးဆွဲ၍ တင်ဒါအဆိုပြုချက်များ ခေါ်ယူခြင်း၊ တင်ဒါစိစစ်ရွေးချယ်ခြင်းစသည့် တင်ဒါလုပ်ငန်းစဉ်များဆောင်ရွက်ပြီးနောက် စာချုပ်ညှိနှိုင်းချုပ်ဆို၍ လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## အုတ်ဖိုမြို့နယ်တွင် ချောင်းကမ်းပါးပြိုကျမှုများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် တောင်ကျရေများ ဖြတ်သန်းစီးဆင်းသွားသော ချောင်းများတစ်လျှောက်ရေတိုက်စားမှုဖြစ်ကာ ချောင်းကမ်းပါးပြိုကျမှုများအားမည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးကျော်မျိုးက အုတ်ဖိုမြို့နယ်အတွင်း စီးဆင်းနေသော ချောင်းများတွင် ရေတိုက်စားကမ်းပြိုမှုများနှင့် ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံးက ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာ မြောင်ချောင်းအထက်ပိုင်းရှိ ချောင်းနွားရွာမှ ချောင်းအောက်ပိုင်းရှိ ချောင်းခွကျေးရွာအထိ ချောင်းကွေ့ပေါင်း ၂၀ ခန့်ရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း၊ ယင်းချောင်းကွေ့ ၂၀ အနက်မှ နေရာခြောက်နေရာတွင် ချောင်းကွေ့ဖြောင့်ခြင်းလုပ်ငန်းနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်သင့်သည်ကို စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း။

ထို့ပြင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းတိုင်းတာစစ်ဆေးချက်များအရ ဂမုန်းချောင်းအထက်ပိုင်း ဆင်ဂေါ်င်းကညာတန်းရွာအနီးမှ ဂမုန်းချောင်းအောက်ပိုင်း အုတ်ဖိုမြို့သစ်အနီးထိ ချောင်းကွေ့ပေါင်း ခုနစ်ခုရှိသည်ကို တွေ့ရှိရပြီး ၎င်းတို့အနက်မှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်သင့်သော နေရာနှစ်နေရာ စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အဆိုတင်သွင်းစဉ်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဆောင်ရွက်သင့်သည့် အသေးစိတ်လုပ်ငန်းအစီအမံများနှင့် ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင်ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **မော်လမြိုင်- ရန်ကုန် မီးရထားသံလမ်း အဆင့်မြှင့်တင်မှုကို အမြန်ဆုံးပြီးဆုံးအောင် ဆောင်ရွက်ပေးရန်နှင့် မီးရထားလမ်းတစ်လျှောက် ကြံ့ခိုင်မှုမရှိတော့သည့် တံတားများကို ပြန်လည်ပြုပြင်ပေးရန်၊ ခေတ်မမီတော့သည့် ရထားတွဲများ၊ မီးရထားစက်ခေါင်းများနေရာတွင် ခေတ်မီစက်ခေါင်းသစ်များ၊ တွဲများဖြင့် ပြောင်းလဲပြေးဆွဲပေးရန်နှင့် ရထားလက်မှတ်များကို လွယ်ကူလျင်မြန်စွာဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ ရထားသံလမ်းများနှင့် တံတားများကို အဆင့်မြှင့်တင်ခြင်း၊ ရထားတွဲဆိုင်းများတွင် စက်ခေါင်းနှင့် တွဲသစ်များ အစားထိုးဖြည့်တင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ခေတ်မီသော ဆက်သွယ်ရေးနှင့် အချက်ပြစနစ်သစ်များ ပြောင်းလဲအသုံးပြုခြင်း စသည့် စီမံကိန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ရထားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးလာသည်နှင့်အမျှ ခရီးသည်များ လက်မှတ်ဝယ်ယူမှု အဆင်ပြေစေမည့် ကိစ္စအပါအဝင် ရထားဖြင့် ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုအဆင့်အတန်း တိုးတက်လာမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## တံတားကြီးများ ဥပဒေကြမ်းကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပပညာရှင်များ၏ အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကိုနှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** တင်သွင်းရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံအတွင်းတွင်ရှိသည့် မြေယာများကို စနစ်တကျမှန်မှန်ကန်ကန် အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ မှန်ကန်သည့် မြေယာအသုံးချမှု မူဝါဒချမှတ်ခြင်းနှင့် မြေယာကို စနစ်တကျခွဲဝေပေးခြင်းတို့ကို မှန်ကန်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါကြောင်း၊ မြေယာကို စနစ်တကျစီမံခန့်ခွဲနိုင်မှုသည် တိကျမှန်ကန်သော တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာများကို တိကျသည့် မှတ်တမ်းတင်ထားနိုင်ရန်လည်း လိုအပ်ပါကြောင်း။

## မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် လူအင်အား၊ ငွေအင်အား၊ အချိန်နှင့် ခေတ်မီပညာနှင့် ကိရိယာများ လိုအပ်ခြင်းကြောင့် နှစ်ရှည်စီမံကိန်းချ ပြီးစီးအောင်မြင်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းကြီးဖြစ်

မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်သည့်လုပ်ငန်းကို အောင်အောင်မြင်မြင် စီမံကိန်းချဆောင်ရွက်ရန် လိုအပ်ပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းပမာဏကြီးမားခြင်းကြောင့် အချိန်ယူရမည်ဖြစ်သကဲ့သို့ ဘဏ္ဍာငွေများစွာ ကျခံရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အကူအညီကိုရယူပြီး ခေတ်မီနည်းပညာများနှင့် ကိရိယာများကိုလည်း မဖြစ်မနေသုံးစွဲရမည်ဖြစ်ပါကြောင်း၊ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းသည် လူအင်အား၊ ငွေအင်အား၊ အချိန်နှင့် ခေတ်မီပညာနှင့် ကိရိယာများလိုအပ်ခြင်းကြောင့် နှစ်ရှည်စီမံကိန်းချ ပြီးစီးအောင်မြင်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အနေအထားကိုကြည့်၍ တင်ပြခဲ့သည့် အချက်အလက်များကို သုံးသပ်ပြီး အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် ပန်ကြားအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း**က အဆိုသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံးလုပ်ငန်းတွင်ပါဝင်ပြီး နိုင်ငံတော်အတွက် စနစ်တကျဆောင်ရွက်ရမည့်လုပ်ငန်းလည်းဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန်လွှတ်တော်ကသဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

# သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တာဝန်ခံမှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့်အသိပညာများ တိုးပွားလာစေရန်၊ သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၊ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ အသိအမြင် ဗဟုသုတများ ကျယ်ပြန့်လာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတွေးအခေါ်များ မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် International Institute For Democracy and Electoral Assistance (IDEA) တို့ ပူးပေါင်း၍ **"သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တာဝန်ခံမှု"** အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ အီဒင်ဘာရာတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ကထိက၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အီဒင်ဘာရာစင်တာ၏ ညွှန်ကြားရေးမှူး Dr. Asanga Welikala က သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့်တာဝန်ခံမှု ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ ဆွေးနွေးချက်များနှင့် ပတ်သက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ ဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးခင်မောင်ချို၊ ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တာဝန်ခံမှုအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်



# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs.Tone Tinnes အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs.Tone Tinnes အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# လန်ချန်း-မဲခေါင်ဒေသတွင်းနိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုဂံ ဖေဖော်ဝါရီ ၂၀**

လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ "Workshop on Heritage Sites Management in Lancang-Mekong Countries" ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ပုဂံမြို့ ပုဂံဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉နာရီခွဲတွင် လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ပုဂံမြို့ ပုဂံဟိုတယ်ရှိ သစ္စာဝတီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ ပထမအတွင်းဝန်၊ ထိုင်းနိုင်ငံသံရုံးမှ ပထမအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ စီမံခန့်ခွဲခြင်းဖြစ်သည့် ပြုပြင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့သည် နိုင်ငံနှင့် လူမျိုးတို့အတွက် ပဓာနကျသော အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ မဲခေါင်မိသားစုနိုင်ငံများသည် မတူခြားနားသော အမွေအနှစ်များနှင့် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ ပိုင်ဆိုင်ကြသောကြောင့် မျိုးဆက်သစ်များအတွက် မဲခေါင်ဒေသတွင်း အမွေအနှစ်နေရာဒေသများကို ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် အလွန်အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ပြီး ထိုကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် နိုင်ငံနှင့် လူမျိုးတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာကို ပိုမိုခိုင်မာစေခြင်းဖြစ်သကဲ့သို့ ဒေသခံတို့၏ လူမှု-စီးပွားဘဝ မြှင့်တင်ရေးအတွက် အခြေခံကျသော ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ကူညီထောက်ပံ့မည်ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်မှာလည်း အမွေအနှစ်ဒေသများအား ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအကြား ဟန်ချက်ညီအောင် ထိန်းသိမ်းစီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် Mekong-Lancang Cooperation Special Fund ဖြင့် စီမံကိန်းဆောင်ရွက်ရန် ကူညီထောက်ပံ့ပေးခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



**လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အမွေအနှစ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။** သတင်းစဉ်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မဲခေါင် -လန်ချန်း သီချင်း ဗီဒီယို "A River of Friendship" ကို ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် SEAMEO SPAFA၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ Resource Person သုံးဦးတို့က Concept Paper များကို တင်ပြဆွေးနွေးကြရာ SEAMEO SPAFA (South East Asia Regional Center For Archaeology and Fine Arts) မှ Resource Person က "Phe Role of Site Management in Preservation and Promotion of Cultural Heritage" ကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Resource Person က "Introduction to Heritage Sites in China" ကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ Resource Person က "Introduction to Heritage Sites in Myanmar" ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်း အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Resource Person က သဘာပတိအဖြစ်လည်းကောင်း၊ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံမှ Resource Person က သဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့နိုင်ငံများရှိ ယဉ်ကျေးမှု အမွေအနှစ် နေရာဒေသများအား မည်ကဲ့သို့ ထိန်းသိမ်းစီမံခန့်ခွဲနေသည်ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲမစမီ လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် သဗ္ဗညုဂူဘုရား၊ အာနန္ဒာဂူဘုရား၊ လောကနန္ဒာဘုရား၊ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဗူးဘုရားနှင့် အလိုတော်ပြည့်ဘုရားများအား လှည့်လည်ဖူးမြော်ခဲ့ကြသည်။ **သတင်းစဉ်**

✻ *ကျောဖုံးမှ*

ရွှေတောင်ကုမ္ပဏီကလည်းကောင်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့မီးရထားက အနီးကပ်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**ဘူတာ ကိုးဘူတာပါဝင်**

ဒညင်းကုန်းနှင့် ပုရွက်ဆိတ်ကုန်း ဘူတာလမ်းပိုင်းတွင် ဂေါက်ကွင်း၊ မင်္ဂလာဒုံ၊ မင်္ဂလာဒုံဈေး၊ ကျိုက္ကလဲ့ စသော ဘူတာကိုးဘူတာ ပါဝင်ကြောင်း သိရသည်။ အခြားလမ်းပိုင်းများ အဆင့်မြှင့်တင်မှု ဆောင်ရွက်ရာတွင် လမ်းတစ်ခြမ်းဖွင့်၊ တစ်ခြမ်းပိတ်စနစ် ကျင့်သုံးသော်လည်း ဒညင်းကုန်းနှင့် ပုရွက်ဆိတ်ကုန်း ဘူတာအကြားတွင် တာပေါင်နှင့်ရထားလမ်းပိုင်းများပါ အကြီးစားပြင်ဆင်ရခြင်းကြောင့် ယခုကဲ့သို့ လမ်းပိုင်းပိတ်ကာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ပြုပြင်ပြီးရထားလမ်းပိုင်းများကို စံချိန်စံညွှန်းနှင့် ညီ၊ မညီ စစ်ဆေးရာတွင် JICA မှ ဖွဲ့စည်းထားသော ဂျပန်ပညာရှင်များနှင့် မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရလူငယ်များ ပါဝင်သောအဖွဲ့က စစ်ဆေးပြီး လုပ်ငန်းစဉ်တိုင်းတွင် အရည်အသွေး ပြည့်မီမှုကို အဓိကထားသောကြောင့် အချိန်ကြန့်ကြာမှုအနည်းငယ်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ပုဂံဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပ

ပုဂံ ဖေဖော်ဝါရီ ၂၀

**ပုဂံဒေသ အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan Com) ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။**

အဆိုပါအစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညောင်ဦးခရိုင်နှင့် ပခုက္ကူခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တွေ့ကြုံသည့်အခက်အခဲများ ဝိုင်းဝန်းဖြေရှင်း**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့နိုင်ရေးအတွက် ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း၊ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် စာရင်းပါဝင်နိုင်ရေးမှာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းနှင့် တာဝန်ယူဆောင်ရွက်မည့်သူများက တွေ့ကြုံနေသည့် လုပ်ငန်းအခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကြရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆွေးနွေးအကြံပြုပေးကြရန်ဖြစ်ပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြည်တွင်းအဖွဲ့များနှင့် သာမက နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလတွင် ကမ္ဘာ့ကုလသမဂ္ဂ(ယူနက်စကို) အဖွဲ့အစည်းသို့ စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ ၁၉၈၆ ခုနှစ်တွင် UNESCO ၏ ပညာရပ်ဆိုင်ရာအဖွဲ့ဖြစ်သည့် ICCROM သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်၌ ယူနက်စကိုအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းခဲ့သော (Convention Concerning the Protection of World Cultural and Natural Heritage, 1972; - World Heritage Convention, 1972) ကို လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၆ ခုနှစ်၌ မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ရှစ်ခုကို အဆိုပြုအမွေအနှစ်စာရင်းများ (Tentative Lists)အဖြစ် တင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ပုံတောင်ပရိုင်းမိတ်ဒေသများကိုပါ ထပ်မံထည့်သွင်းလိုက်သည့်အတွက် ယဉ်ကျေးမှုဆိုင်ရာအဆိုပြုနေရာ စုစုပေါင်း ၁၀ ခုရှိလာပြီဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ တရားမဝင်တင်သွင်း၊ တင်ပို့မှုနှင့် လွှဲပြောင်းမှု တားဆီးကာကွယ်ရေး(၁၉၇၀) ယူနက်စကို ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကွန်ဗင်းရှင်း (၂၀၀၃) လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့်အတူ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများကလည်း ပုဂံဒေသရှိ ရှေးဟောင်းဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများကို ထိန်းသိမ်းရေးလုပ်ငန်းများမှာ လာရောက်ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပါကြောင်း ပြောကြားသည်။

> **“ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် စာရင်းပါဝင်နိုင်ရေးမှာ သက်ဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းနှင့် တာဝန်ယူဆောင်ရွက်မည့်သူများက တွေ့ကြုံနေသည့် လုပ်ငန်းအခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကြရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆွေးနွေးအကြံပြုပေးကြရန်ဖြစ်”**

**ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ပေးနိုင်**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပုဂံစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအနေဖြင့် အစည်းအဝေးကို ပုံမှန် တစ်လတစ်ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် ဆောင်ရွက်စဉ်ကတည်းက အခက်အခဲများစွာရှိခဲ့ပါကြောင်း၊ ဥပဒေတစ်ရပ်သည် ယဉ်ကျေးမှုအမွေအနှစ်ကို ကာကွယ်ပေးနိုင်သလို ဒေသခံလူထုကိုလည်း ကာကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ် ဖြစ်နိုင်၊ မဖြစ်နိုင်ကို ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ပါကြောင်း၊ ပုဂံဒေသ ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးမူဘောင် (The Integrated Management Framework) တွင် လုပ်ငန်းစဉ်(၁၀)ရပ်ရှိပြီး ဆက်စပ်ဌာနများက အပေးအယူ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေး**

ယခုအစည်းအဝေးတွင် ICOMOS မှ အကြံပြုထားသည့် ဇုန်ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အကောင်းဆုံး ဆွေးနွေးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာမြေပုံ၊ သဘာဝဘေးအန္တရာယ်နှင့် မြေလျှင်ကာကွယ်ရေးမြေပုံ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအစီအမံများ အမြန်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အလားတူ မိုးရာသီကာလမတိုင်မီ ရှေးဟောင်းအဆောက်အအုံများ ထိခိုက်မှုမရှိအောင် ကြိုတင်ကာကွယ် စီမံဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ယခု အစည်းအဝေးဆုံးဖြတ်ချက်များက ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က Bagan Com ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အမှာစာများ တင်ပြဆွေးနွေးခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနနှင့် ပတ်သက်နေသော စီမံခန့်ခွဲမှုလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး**

ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များ အစီရင်ခံစာကိစ္စများကို လည်းကောင်း၊ ပုဂံဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဆက်စပ်ဌာနများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများကို လည်းကောင်း အစည်းအဝေးတက်ရောက်လာသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**




## မွန်တိုင်းရင်းသားများရိုးရာအကပဒေသာကပွဲနှင့် အစားအစာရောင်းချပွဲ ရန်ကုန်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မွန်တိုင်းရင်းသားများနှင့်အတူ ရန်ကုန်မြို့နေတိုင်းရင်းသားညီအစ်ကို ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်နှင့် ဒုတိယဥက္ကဋ္ဌများက (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ သဘာပတိ နိုင်တင်လှိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်) ကျင်းပရေး ကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာကို ဒုတိယဥက္ကဋ္ဌ(၂) မိနီလာခင်က ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ပေးပို့သော သဝဏ်လွှာကို အတွင်းရေးမှူး မင်းရာဇာရဲထွဋ်က ဖတ်ကြားသည်။

ယနေ့ အခမ်းအနားတွင် မွန်လူငယ်အဖွဲ့၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များ-ရန်ကုန်)၊ တိုင်းရင်းသားကျေးရွာအဖွဲ့များက မွန်ရိုးရာအကများဖြင့် လည်းကောင်း၊ မွန်အနုပညာရှင်များ၊ တေးသံရှင်များက အလှည့်ကျ သီဆိုဖျော်ဖြေကြသည်။ ထို့အပြင် မွန်ရိုးရာစားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မွန်အမျိုးသားနေ့(ဗဟို)အခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံနှင့် မွန်တိုင်းရင်းသားအလံတို့ကို အလေးပြုကြသည်။

ထို့နောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဝမ်းမြောက်စကားပြောကြားပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်ထံမှ သဝဏ်လွှာကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားအတွက် လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို ပွဲကျင်းပရေးကော်မတီထံ ပေးအပ်ပြီး ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးသည်။ **သတင်းစဉ်**

**ဓာတ်ပုံ - ဟိန်းထက်(ပဲခူး)**






## (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဘသိန်း၊ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးသန်းကျော်နှင့် သိက္ခာတော်ရဆရာတော် ဦးအောင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ချင်းတိုင်းရင်းသား ဦးလောမ်ဘိခ်နှင့် ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးသန်းကျော်တို့က ဖတ်ကြားပြီး စစ်တွေမြို့ ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဇေယျာမင်းက ပညာထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ချင်းတိုင်းရင်းသားလူငယ်များအား ဂုဏ်ပြုဆုများပေးအပ်သည်။

ယင်းနောက် ချင်းတိုင်းရင်းသားလူငယ်များက ချင်းရိုးရာ ဝါးညှပ်အက၊ စစ်တွေတက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ရခိုင်ရိုးရာအကနှင့် ချင်းတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများက အမျိုးသားနေ့ ဂုဏ်ပြုသီချင်းတို့ကို သီဆိုဖျော်ဖြေကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO အပါအဝင် မီဒီယာဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO, IMS/Fojo, Internews,BBC Media Action, JICA, DW Akademie နှင့် My Pol အဖွဲ့မှ ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ပြည်တွင်းမီဒီယာများရေရှည်တည်တံ့ရေး ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ကျင်းပပြီးစီးခဲ့သည့် သတ္တမအကြိမ် မြန်မာ့မီဒီယာဖွံ့ဖြိုးရေးညီလာခံတွင် ဆွေးနွေးခဲ့သော နယ်ပယ်(၄)ခုဖြစ်သည့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများမှတစ်ဆင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်၊ ရုပ်သံလွှင့်မီဒီယာဥပဒေနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မီဒီယာ၊ စာနယ်ဇင်းသမားများ၏ လုံခြုံရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုတွင် ပြည်တွင်းမီဒီယာများ ရေရှည်တည်တံ့ရေးတို့နှင့်ပတ်သက်၍ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ - တရုတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများအနေဖြင့် မိမိနိုင်ငံ၏ပုံရိပ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိခိုက်မှုမရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ - တရုတ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တရုတ်ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ ကိုယ်စားလှယ်များက ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်ပေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် (၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် 4th ASEAN - India Expo and Summit သို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နယူးဒေလီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

4th ASEAN-India Expo and Summit ကို အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်၊ ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ အတားအဆီးများ ညှိနှိုင်းဖြေရှင်းနိုင်ရန်၊ ဒေသတွင်းကုန်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်ရှိ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှုများ မြှင့်တင်ရန်၊ E - commerce နှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် လူမှုဘဝများ တိုးတက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ် အထပ်သားစက်ရုံမီးလောင်မှုမှ သေဆုံး၊ ဒဏ်ရာရ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၃)ရပ်ကွက် ဆိပ်ကမ်းသာလမ်း အမှတ် ၃၃၈/၃၃၉ ရှိ ဟွန်ဒါမြန်မာအထပ်သားစက်ရုံတွင် ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၃ ဦးဒဏ်ရာရ၊ တစ်ဦးသေဆုံးခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းရွှေသည် ဒဏ်ရာရလူနာ ၁၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီနှင့် သေဆုံးတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၅၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင် အင်းစိန် ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက ဘေးသင့်ပြည်သူများနှင့် ကျန်ရစ်သူမိသားစုထံ လက်ဝယ်သို့ သက်ဆိုင်ရာ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ထောက်ပံ့ပေးခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံး (ရန်ကုန်)မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မော်တင်စွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ရေးအတွက် မော်တင်စွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင် ကူညီကြစေလိုကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မော်တင်စွန်းကမ်းခြေတွင် ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းက ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အကြိုဖျော်ဖြေပွဲ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ **(အောက်ပုံ)**

"ဒေသဖွံ့ဖြိုးရေးကို အစိုးရနဲ့ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒေသခံပြည်သူများ ပူးပေါင်းကူညီကြပါ။ လိုအပ်တာရှိရင်လည်း ကျွန်တော့်ဆီ စာရေးသားပြီး ဆွေးနွေးတိုင်ပင်နိုင်သလို တိုင်လည်း တိုင်ကြားနိုင်ပါတယ်။ ကျွန်တော်တို့ ဥပဒေလမ်းကြောင်းအတိုင်း ပြည်သူအကျိုးကို ဦးလည်မသုန် ထမ်းရွက်နေပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် မော်တင်စွန်းကမ်းခြေ ဒေသဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးရွှေကြိုင်က နိုင်ငံတကာ ရှိ အပန်းဖြေကမ်းခြေများနည်းတူ မော်တင်စွန်းကမ်းခြေအား အများပြည်သူ အသုံးပြုနိုင်မည့် ကမ်းခြေပတ်လမ်းများ ဖောက်လုပ်ခြင်း၊ ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် နိုင်ငံတကာအဆင့်မီ ဟိုတယ်များ ဆောက်လုပ်ခြင်း၊ ဒေသခံပြည်သူများအတွက် လိုအပ်သည့် ဆေးရုံဆေးခန်းများနှင့် ဒေသထွက်ကုန်များဖြစ်သည့် ငါး၊ ပုစွန်များကို အလွယ်တကူရောင်းချနိုင်မည့် ငါးဈေးကြီးများပါ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ပြည်သူများ၏ ဆန္ဒသဘောထားများကို မေးမြန်းခဲ့ရာ ဒေသခံပြည်သူတစ်ဦးက ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့နှင့် မော်တင်စွန်းကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။





သမိုင်းဝင် မြတ်မော်တင်စွန်းစေတီတော်ကြီးအား တစ်နှစ်ပတ်လုံး စည်ကားသိုက်မြိုက်စွာဖြင့် ပြည်သူများ အလွယ်တကူသွားရောက်ဖူးမြော်နိုင်ရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝများ မြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ ပါဝင်မည့် မော်တင်စွန်းကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီအား ထူထောင်သွားမည် ဖြစ်ကြောင်း သိရသည်။

မော်တင်စွန်းကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် လာရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး မော်တင်စွန်းကမ်းခြေတွင် တည်ထားကိုးကွယ်ထားသည့် သမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များက ၁၅ ရက်သာ ကျင်းပခဲ့ရာမှ ယခုနှစ်တွင် တစ်လတိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

## စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့အလင်း**

# Line Walker - 2 ဇာတ်ဝင်ခန်းတချို့ YMCA ခန်းမ၌ ဆက်လက်ရိုက်ကူး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**ရန်ကုန်မြို့ပိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ YMCA ခန်းမတွင် ယနေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ Line Walker - 2 (Operation Midnight Shadow) ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတချို့ ဆက်လက်ရိုက်ကူးလျက်ရှိသည်။**

ယနေ့ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်း တချို့ ရိုက်ကူးနေစဉ်အတွင်း နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ယာဉ်များလမ်းလွှဲမှ သွားလာနိုင်ရန်အတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

ဇာတ်ဝင်ခန်း ရိုက်ကူးနေမှုကို YMCA ခန်းမအနီး လာရောက်အားပေးကြည့်ရှုကြသည့် ရုပ်ရှင်ကြည့်ပရိသတ်အချို့နှင့် တာဝန်ရှိသူများ၏ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ကိုအောင်သိန်းထွန်း၊ မန်နေဂျင်းဒါရိုက်တာ**

**Institute of Business & Investment Management**

ဒီရုပ်ရှင်ရိုက်ကွင်းက ကျွန်တော်တို့ ကျောင်းနဲ့ သိပ်မဝေးဘူး။ အထဲမှာ အလုပ်လုပ်နေရင်းနဲ့ ပစ်ခတ်သံတွေကြားတယ်။ သတင်းစာထဲမှာလည်း တွေ့ထားတော့ လာကြည့်ဖြစ်တာပါ။ ဒီကိုလာကြည့်တော့ တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်။ အချိန်အတော်ကြာကြာ လေ့လာကြည့်တော့ လူအား၊ ငွေအားနဲ့ အချိန်တွေအများကြီး ပေးပြီးတော့ သူတို့ရိုက်နေတာ တွေ့ရတယ်။ ကျွန်တော်ကြားသလောက်ဆိုရင် သူတို့ ဒီပတ်ဝန်းကျင်ကို ရိုက်ကွင်းရွေးတာတင်ပဲ နှစ်လသုံးလလောက် အချိန်ပေးထားတယ် ကြားတယ်။ အစမ်းလေ့ကျင့်မှုတစ်ခုတင်ပဲ အကြိမ် ၅၀ လောက် ထပ်ခါထပ်ခါလုပ်တယ်လို့ ကြားပါတယ်။ Professional ကျတာကို တွေ့ရတယ်။ မြန်မာနိုင်ငံအတွက်လည်း ကောင်းတာတချို့ရှိတယ်လို့ ကျွန်တော်မြင်တယ်။

ကျွန်တော်က Finance Background ကနေ လာတယ်ဆိုတော့ စီးပွားရေးဆိုင်ရာတွေ၊ ငွေကြေးပိုင်းဆိုင်ရာတွေ လေ့လာတယ်။ ကောင်းတာတချို့ တွေ့ရတယ်ဆိုတာက အပြည်ပြည်ဆိုင်ရာ ခရီးသွားတွေပေါ့။ သူတို့အနေနဲ့ ဘယ်လိုပဲလာလာမြန်မာနိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် ခရီးသွားဧည့်သည်ပဲ။ သူတို့နဲ့ ပါလာတဲ့လူအင်အားတင်မနည်းဘူး။ ကျွန်တော်တို့ သိရသလောက်ဆိုရင် လူအင်အား ၂၀၀ လောက်ပါလာတယ်လို့ ကြားသိရတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဟိုတယ်လုပ်ငန်းတွေ၊ သူတို့နဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ မြန်မာနိုင်ငံအတွက် ဝင်ငွေရမယ်။

တစ်ချိန်တည်းမှာပဲ အစိုးရက သူတို့ကို ရိုက်ခွင့်ပြုထားတယ်ဆိုတဲ့အတွက် အစိုးရ အတွက် ဝင်ငွေရမယ်။ သူတို့က ဒီမှာနေပြီး ဒီအတိုင်းပြန်သွားမှာ မဟုတ်ဘူး။ သူတို့ပါလာ တဲ့ ပိုက်ဆံတချို့နဲ့ ဥပမာ စားတာ၊ သောက်တာ၊ အမှတ်တရပစ္စည်းဝယ်တာတွေရှိမယ်။ တခြား သူတို့သုံးချင်တဲ့နေရာတွေမှာလည်း သုံးသွားတယ်ဆိုရင် မြန်မာနိုင်ငံအတွက် အများကြီး ကောင်းပါတယ်။ ကျွန်တော့်အမြင်နဲ့ဆိုရင် မြန်မာနိုင်ငံအတွက် ကောင်းတာတွေ့ရတယ်။ မြန်မာနိုင်ငံမှာ ကမ္ဘာကမမြင်တဲ့ ရှုခင်းတချို့ရှိတယ်။ အဲဒီ ရှုခင်းတချို့ကို သူတို့က အချိန်ယူပြီး ဘယ်နားက ဘယ်လိုကြည့်ရင် လှတယ်ဆိုပြီး ကျွန်တော်တို့ မသိတာတွေ သူတို့ သိသွားနိုင်ခြေရှိတယ်။

မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာမှာ သိလာအောင် သွယ်ဝိုက်သောအားဖြင့် လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း မြှင့်တင်ရာကျတာပေါ့။ ရုပ်ရှင်ဆိုတာ မီဒီယာမှာ အကျိုးသက်ရောက်မှု အဖြစ်ဆုံးလို့ကျွန်တော်မြင်ပါတယ်။ ကိုယ့်နိုင်ငံကို အလွယ်တကူသိသွားစေနိုင်တာပေါ့။ တစ်ခုသတိထားရမှာက မကောင်းတဲ့ မြင်ကွင်းတွေတော့ မပါသင့်ဘူးလို့မြင်တယ်။ အမြဲတမ်းအကောင်းနဲ့ အဆိုးက ဒွန်တွဲနေတယ်။ တစ်ခုခုလိုချင်ရင် တစ်ခုခုတော့ ရင်းရမှာပဲ။ လမ်းပိတ်တယ်ဆိုတာကတော့ သူတို့မလာလည်း လမ်းက ပိတ်နေတာပါပဲ။ လမ်းပိတ်ရင် တခြားလမ်းက သွားလို့ရတယ်။ သူတို့သွားလို့ မရတာ၊ လုပ်ကိုင်လို့ မရတာကို ဒါကြီးတစ်ခုတည်းကို လက်ညှိုးထိုးပြီး မပြောစေချင်ဘူး။

တခြားတစ်ဖက်မှာကျတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အကျိုးရှိတာတွေ အများကြီး ရှိနေတယ်။ ဒါတစ်ခုကို ကိုယ့်ရဲ့ရှင်းနီးမြှုပ်နှံမှု တစ်ခုအနေနဲ့၊ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ သည်းညည်းခံသင့်တယ်။ ဒါမျိုးတွေကို အားပေးသင့်တယ်လို့ ထင်တယ်။အခိုက်အတန့်မှာ အဆင်မပြေတာရှိမယ်။ ရရှိမယ့်အကျိုးတွေ ပြန်ကြည့်မယ်ဆိုရင် အများကြီးသာပါတယ်။ တစ်ချိန်တည်းမှာပဲ လေ့လာစရာတွေ အများကြီးရှိမယ်။ ခေါင်မိုးပေါ်မှာ ရိုက်နေတာ သေချာတော့ မမြင်ရဘူး။ ဒါပေမယ့် အောက်ကနေ သေချာသုံးသပ်ကြည့်မယ်ဆိုရင် တိုက်ပေါ်ကနေ သေနတ်ကိုင်ဆင်းလာတဲ့ အချိန်မှာ ပစ်ခတ်မှုတွေဖြစ်တယ်လို့ ကျွန်တော်ယူဆပါတယ်။ အဆောက်အအုံပေါ်မှာလည်း ဖြတ်ပြီး ရိုက်မယ်ဆိုတော့ တော်တော်လေးကို စိတ်ဝင်စားမယ့် အနေအထားတွေ ရှိနေပါတယ်။

**မနန်းခင်စံခန့်**

**ဒေါပုံမြို့နယ်**

လမ်းလျှောက်လာရင်း သူများတွေကြည့်နေတာတွေ့လို့ မမျှော်လင့်ဘဲ လမ်းကူးရင်း ဝင်ကြည့်မိတာ။ ဒီဇာတ်ကား Line Walker ပထမကားကို ကြည့်ဖူးကတည်းက အတော်ကြိုက်တာ။ မင်းသားကိုတွေ့ရမယ်ထင်ပြီး ဝင်ကြည့်တာ။ မင်းသားကိုလည်း ကြိုက်တယ်။ သေနတ်ပစ်ဖောက်တဲ့အသံတွေ ကြားရတယ်။ ရိုက်ကူးနေတာ သေချာမမြင်တွေ့ရဘူး။ ဒီဇာတ်ကားကို စိတ်ဝင်စားတာကြောင့် နောက်နေ့တွေဆိုရင်လည်း ရိုက်ကွင်းရှိတဲ့နေရာတွေ သွားကြည့်မယ်လို့ စိတ်ကူးထားတယ်။

**ဒေါက်တာ သာဉာဏ်**

**အထွေအထွေအတွင်းရေးမှူး**

**ရန်ကုန်ကလျာဏယုဝအသင်း**

ဟောင်ကောင်က ရုပ်ရှင်လာရောက်ရိုက်ကူးမယ်လို့ မိတ်ဆွေတစ်ဦးက ဆက်သွယ်လာတယ်။ ဒီလို ပြည်တွင်းမှာ ရိုက်ကူးဖို့ဆိုရင် အာဏာပိုင်အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်လိုပါတယ်။ ခွင့်ပြုချက်ယူဖို့အတွက် ဝန်ကြီးဌာနတွေနဲ့ မိတ်ဆက်ပေးပါတယ်။ ခွင့်ပြုချက်ရတဲ့အခါ ကျွန်တော်တို့ရဲ့ YMCA ခန်းမကို အသုံးပြုဖို့ မေးမြန်းဆွေးနွေးတယ်။ အကြိမ်ကြိမ် ဆွေးနွေးကြပြီးတဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကလည်း ရိုက်ကူးဖို့အတွက် ကူညီပေးတယ်။ ရိုက်ခွင့်ပြုတယ်။

ဒီအက်ရှင်ဇာတ်ကားမှာ စွန့်စားခန်းတွေ၊ လုပ်ရှားမှုတွေ၊ ပြိုင်ကားတွေ၊ ဟယ်လီကော်ပတာ၊ သေနတ်အစစ်၊ ထိပ်ဖူးမပါတဲ့ကျည်တွေ၊ ခုန်ချတာ၊ မီးလောင်တဲ့ ဇာတ်ဝင်ခန်းတွေပါတယ်။ ဒါတွေကို အတော်သတိထားပြီး တစ်ခုချင်းဆွေးနွေးပြီးတဲ့အခါ YMCA အဆောက်အအုံတစ်နေရာတည်းမှာ မှုတည်ပြီး အောက်ထပ်မှာ ဆက်တင်တွေဆင်တယ်။ အပေါ်ထပ်မှာ ဈေးဆိုင်ခန်းတွေလုပ်တယ်။ အပေါ်ထပ်မှာပဲ တိုက်တစ်တိုက်ကနေ တစ်တိုက်ကို ခုန်ချပြေးတဲ့အခန်းတွေ ပါတယ်။ လူကုန်ကူးမှုဆိုတာကြောင့် ရဲတွေလိုက်ဖမ်းတဲ့ ကိစ္စတွေလည်းပါတယ်။ တကယ်တော့ သူတို့က အိမ်နီးချင်းနိုင်ငံမှာ ရိုက်ကူးဖို့ပဲ။ မြန်မာနိုင်ငံမှာ ရိုက်ကူးဖို့အတွက် လုပ်နိုင်တဲ့အကြောင်း သက်ဆိုင်ရာကလည်း ခွင့်ပြုတယ်ဆိုတဲ့အကြောင်း၊ မြန်မာနိုင်ငံကလည်း ဖော်ရွေတဲ့အကြောင်း သေချာရှင်းပြရပါတယ်။ ဘာကြောင့် မြန်မာနိုင်ငံမှာ လာရိုက်စေချင်တာလဲဆိုရင် မြန်မာပြည်အကြောင်း နိုင်ငံတကာမှာ တစ်စိတ်တစ်ပိုင်း မကောင်းတာတွေ ဖြစ်နေတယ်။ မြန်မာနိုင်ငံက အင်မတန်ငြိမ်းချမ်းတဲ့နိုင်ငံပါ။ မြန်မာနိုင်ငံရဲ့ ကောင်းသော ဝိသေသတွေ၊ ယဉ်ကျေးမှုတွေက အရင်အတိုင်းရှိတယ်။ ပုဂံလိုနေရာမျိုး၊ ရေခဲတောင်လို နေရာမျိုးတွေဆိုရင် ဘာမှထိမထားဘူး။ ဖျက်ဆီးထားခြင်းလည်း မခံရဘူး။ ဒါတွေကို ပြသနိုင်ဖို့အတွက် ငွေကြေးမတတ်နိုင်ဘူး။ ဒီရုပ်ရှင်ကားက တစ်ကမ္ဘာလုံးကြည့်ကြမှာပါ။

ဒီအခွင့်အရေးရတာကြောင့် YMCA က မေတ္တာ စေတနာအပြည့်အဝနဲ့ ကျရာနေရာက ကူညီဆောင်ရွက်ပေးတာပါ။ မြန်မာကို ကမ္ဘာက သိဖို့ ဒီရုပ်ရှင်ကားက စွမ်းဆောင်ပေးပါလိမ့်မယ်။ မြန်မာနိုင်ငံကို တစ်နည်းတစ်ဖုံအားဖြင့် ကမ္ဘာကို သိသွားစေချင်ပါတယ်။ ဒီရုပ်ရှင်ကားကြောင့် ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ကြားတောရလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မြန်မာသရုပ်ဆောင်တွေ စသဖြင့် ပါနေပါပြီ။

YMCA အဆောက်အအုံ ကိုးထပ်ရှိတာ ငါးထပ်ပေးသုံးထားတယ်။ အထပ်တိုင်းမှာလုံခြုံရေးချထားပေးတယ်။ သေနတ်ဖောက်တဲ့ အသံ၊ ဗုံးဖောက်တဲ့အသံ စတဲ့ပေါက်ကွဲမှုအသံတွေကြောင့် ကလေးတွေထိတ်လန့်မှာစိုးတာကြောင့် YMCA ရဲ့မူကြိုကို နှစ်ရက်တာ ပိတ်ထားပေးတယ်။ နေထိုင်စားသောက်ဖို့၊ ကားရပ်နားဖို့ကအစ အဆင်ပြေအောင် ဆောင်ရွက်ပေးထားတယ်။ ယာဉ်ထိန်းရဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ ပြန်ကြားရေး၊ ပြည်ထဲရေး၊ ဟိုတယ်/ခရီးစတဲ့ ဝန်ကြီးဌာနတွေကလည်း ဝိုင်းဝန်းကူညီပေးနေကြပါတယ်။

**ပန်းအိစံ**

**Operation Assistant**

**KTZ Ruby Hill Securities Company Limited**

သေနတ်ဖောက်သံတွေကြားရတော့ သူတို့ စွန့်စားမှုတွေလုပ်နေပြီပေါ့။ ကြိုးတွေနဲ့ ဆင်းတယ်။ တစ်ကတ်ကို ရုပ်ရှင်ထဲမှာ ကြည့်ရင်ခဏလေးပဲ။ ဒါပေမယ့် သူတို့ ရိုက်နေတာကြတော့ အကြာကြီးပဲ။ ဆင်းလာတယ်၊ မရသေးဘူး။ ပြန်တက်သွားတယ်၊ ပြန်ဆင်းလာတယ်။ အဲဒီလိုမျိုးပေါ့။ ရုပ်ရှင်ကြည့်တာထက်စာရင် ဒါလေးတွေက သူတို့ စွန့်စားထားတယ်ဆိုတာ တကယ်မြင်ရတာပေါ့။ ကြည့်လို့ကောင်းတယ်။ ဒီက မြန်မာမင်းသားတွေလည်း ပါတယ်ဆိုတော့ မြန်မာနိုင်ငံကို နိုင်ငံတကာက သိသွားမှာပေါ့။ သူတို့ ရိုက်ကွင်းရှာပြီး လာရိုက်တယ်ဆိုတော့ မြန်မာနိုင်ငံအတွက်လည်း ရုပ်ရှင်နယ်ပယ်မှာ အခွင့်အလမ်းပိုများသွားတာပေါ့။ မင်းသားကို ကြိုက်တဲ့အတွက် ဒီဇာတ်ကား ထွက်ရင် ကြည့်မှာပါ။

အရင် Line Walker တုန်းက ကြည့်ထားတာ နည်းနည်းမေ့သွားတယ်။ Line Walker-2 ထွက်ပြီ ဆိုရင်တော့ Line Walker ကို ပြန်ကြည့်ပြီး Line Walker-2 ကိုကြည့်မှာပါ။ Line Walker-2 ရိုက်မယ်ဆိုတာကို Social Media မှာ Facebook , YouTube တွေမှာ ရှာကြည့်လို့ တွေ့တာပါ။ အဓိကတော့ မင်းသားသရုပ်ဆောင်တာကို ကြိုက်တာပေါ့။

ရန်ကုန်မြို့တွင်းရှိ မြို့နယ်တချို့၌ Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်း လမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူသွားလာမှု အဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါ ရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။

**သတင်း-ဝင်းမီမီ**



ကိုအောင်သိန်းထွန်း



မနန်းခင်စံခန့်



ပန်းအိစံ



**Line Walker - 2 အက်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေမှုကို တွေ့ရစဉ်။**
ဓာတ်ပုံ-ရဲထွဋ်

**“YMCA အဆောက်အအုံ ကိုးထပ်ရှိတာ ငါးထပ်ပေးသုံးထားတယ်။အထပ်တိုင်းမှာလုံခြုံရေးချထားပေးတယ်။ သေနတ်ဖောက်တဲ့ အသံ၊ ဗုံးဖောက်တဲ့အသံ စတဲ့ပေါက်ကွဲမှုအသံတွေကြောင့် ကလေးတွေထိတ်လန့်မှာ စိုးတာကြောင့် YMCA ရဲ့မူကြိုကို နှစ်ရက်တာပိတ်ထားပေးတယ်။ နေထိုင်စားသောက်ဖို့ ကားရပ်နားဖို့ကအစ အဆင်ပြေအောင် ဆောင်ရွက်ပေးထားတယ်။ ယာဉ်ထိန်းရဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ ပြန်ကြားရေး၊ ပြည်ထဲရေး၊ ဟိုတယ်/ခရီးစတဲ့ ဝန်ကြီးဌာနတွေကလည်း ဝိုင်းဝန်းကူညီပေးနေ”**

# နိုင်ငံပိုင် မီဒီယာများ၏ သတင်းဝန်ဆောင်မှု လုပ်ငန်းများအပေါ် ပြည်သူ့သဘောထားစစ်တမ်းကောက်ယူရေးဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်သူ့သဘောထားစစ်တမ်း ကောက်ယူရေး သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖြည့်ဆည်းဆောင်ရွက်**

သင်တန်း၌ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာနှင့် Website များအပါအဝင် အားပေးဖတ်ရှုနားဆင်နေသော ပြည်သူများ၏ အခြေအနေကို စစ်တမ်းကောက်ယူနိုင်ရန် ရှင်းလင်းဆွေးနွေး သင်ကြားပေးမည်ဖြစ်သည်။ ယခုကဲ့သို့ ပြည်သူ့သဘောထား စစ်တမ်းများ ကောက်ယူနိုင်ခြင်းအားဖြင့် ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မီဒီယာလုပ်ငန်းများနှင့် ပတ်သက်၍ အားပေးဖတ်ရှု နားဆင်သူများ၏ အသက်အုပ်စု၊ နေရပ်ဒေသနှင့် အားပေးဖတ်ရှု နားဆင်သည့်ပုံစံတို့ကို လည်းကောင်း၊ ၎င်းတို့၏ လူမှုအဆင့်အတန်း၊ ကြိုက် နှစ်သက်သည့် ကဏ္ဍများနှင့် ၎င်းတို့ မကြိုက်နှစ်သက်သည့် ကဏ္ဍများကို လည်းကောင်း၊ ၎င်းတို့ဖတ်ရှု



မြန်မာ့ရေးရာလေ့လာရေး သုတေသနမှူး ဦးရဲမြင့်ကျော် ဆွေးနွေးပြောကြားစဉ်။

အသုံးပြုနိုင်သည့် နည်းလမ်းများနှင့် အခြားအကြံပြုချက်များကို လည်းကောင်း သိရှိနိုင်မည်ဖြစ်သည်။ ယင်းအချက်များမှတစ်ဆင့် ပြည်သူလူထု၏ လိုလားချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

သင်တန်းသားများအား စစ်တမ်းကောက်ယူခြင်းဆိုသည်မှာ သုတေသနလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ စိတ်ရှည်ရခြင်း၊ အပင်ပန်းခံရခြင်း၊ ဉာဏ်အမြော်အမြင် ရှိရခြင်းဆိုသည့် အရည်အချင်းများရှိရန် လိုအပ်သည်ဟု သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

**ဆွေးနွေးပို့ချ**

သင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်း ၃၈ ဦး တက်ရောက်ပြီး စစ်တမ်းကောက်ယူရေးစနစ်၊ စစ်တမ်းအဖြေလွှာများမှ ရလဒ်များ ထုတ်ယူပုံဘာသာရပ်များကို သင်ကြားပေးမည့်အပြင် သုတေသနပညာရှင်များက အင်စတီကျူးရှင်းများ ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေး နှစ် ၄၀ ခရီး ခေါင်းစဉ်နှင့် Governance for Globalization World ခေါင်းစဉ်များကိုလည်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားနိုင်ငံ ပရဟိတအဖွဲ့က ရန်ကင်းကလေးအထူးကုဆေးရုံကြီးမှ ကုသမှုခံယူနေသော ကလေးများအား ပန်းချီရေးဆွဲခြင်းများ ပြုလုပ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကိုရီးယားနိုင်ငံ Wooribank Myanmar Global နှင့် Childfund Korea အဖွဲ့များက ရန်ကင်းကလေးဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော ကလေးလူနာများအား အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် ကစားနည်းများ ကစားခြင်းတို့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကင်း ကလေးဆေးရုံကြီး ညီလာခံခန်းမ၌ ပြုလုပ်သည်။ (**အောက်ပုံ**)



"ကျွန်တော်တို့ Wooribank Myanmar ဝန်ထမ်းတွေက လစာထဲက တစ်နိုင်တစ်ပိုင်ကို ပရဟိတလှူဒါန်းမှုအတွက် စုဆောင်းထားကြပါတယ်။ အဲဒီစုဆောင်းငွေနဲ့ နှစ်စဉ် Wooribank လက်အောက်ခံရုံးခွဲတွေ ဖွင့်ထားတဲ့နိုင်ငံတွေမှာ လှည့်လည်ပြီး ပရဟိတလုပ်ငန်းတွေကို ပြုလုပ်လျက်ရှိပါတယ်။ ဒီနှစ်မှာမြန်မာနိုင်ငံကို ဒုတိယအကြိမ်မြောက်လာရောက် လှူဒါန်းရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ၂၀၁၃ ခုနှစ်က လှိုင်သာယာမြို့နယ်အတွင်းရှိ ဝင်ငွေနည်းတဲ့ မိသားစုအတွက် စာသင်ဖို့နဲ့ ပတ်ဝန်းကျင်ကောင်းရရှိဖို့ ရည်ရွယ်ပြီး စာသင်ကျောင်းတွေကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်" ဟု မန်နေဂျင်း ဒါရိုက်တာ Mr. Ahn Jung Kyun က ပြောသည်။

အဆိုပါအဖွဲ့သည် ရန်ကင်းကလေး ဆေးရုံကြီးတွင် Wooribank Childfund Korea JBJ Entertainment တို့က ဆေးရုံနံရံများတွင် ရုပ်ပုံရေးဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အားကစားကွင်းပြန်လည်ပြုလုပ်ပေးခြင်း၊ ဆေးရုံမျက်နှာစာများ ပြုပြင်ပေးခြင်းအတွက် ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ရန်ကင်းကလေး ဆေးရုံကြီးသည် ရန်ကုန်မြို့ရှိ ကလေးအထူးကုဆေးရုံကြီး တစ်ရုံအနက် ခုတင် ၅၅၀ ဆံ့ ဆေးရုံဖြစ်ပြီး ဆေးတက္ကသိုလ် (၂) ၏ သင်ကြားရေး ဆေးရုံအဖြစ် တွဲဖက်ထားကြောင်းသိရသည်။ ဆေးရုံတွင် နေ့စဉ်အတွင်းလူနာ ၄၀၀ မှ ၄၅၀ ကြားခန့်ရှိပြီး အသက် ၁၂ အောက် ကလေးငယ်များကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**

# ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအုပ်စုကျပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၁၉ ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာ ယူ-၁၉ အမျိုးသမီး အသင်းသည် အုပ်စုကျပ်အတွင်းကျရောက်လျက်ရှိသည်။

**ဗိုလ်လုပွဲ ကျင်းပမည်မဟုတ်**

ယင်းပြိုင်ပွဲကို မတ် ၂ ရက်မှ ၆ ရက် အထိ ကျင်းပမည်ဖြစ်ပြီး ဂျပန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာဆီယံဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် ဗိုလ်လုပွဲ ကျင်းပမည်မဟုတ်ဘဲ အုပ်စုပတ်လည်ပွဲများသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် မြန်မာ၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ ၊ အုပ်စု (ခ) တွင် ဂျပန်ကလပ် ဗစ်ဆဲအိုနီဂါဝါ၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ယခုပြိုင်ပွဲမှာ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် အုပ်စုပွဲများကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် မတ် ၂ ရက်တွင် ဗီယက်နမ်၊ မတ် ၃ ရက်တွင် ဂျပန်၊ မတ် ၄ ရက်တွင် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်း၊ မတ် ၅ ရက်တွင် ထိုင်းအသင်းနှင့် လေးရက်ဆက်တိုက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် လေးရက်ဆက်ကစားရမည် ဖြစ်သောကြောင့် ပွဲပန်းမှုဒဏ်ကို ကြိုတင်ပြင်ဆင်နိုင်ရန် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ခြေစမ်းပွဲလေးပွဲဆက်ကစားကာ ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

**လေ့ကျင့်လျက်ရှိ**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ဒေါ်သက်သက်ဝင်းက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

○ *ကျော့ဖုံးမှ*

အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၈) အပြီးတွင် MIC အသင်းက ၅၄ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး VUC အသင်းက ၅၁ မှတ်၊ GV Athletic အသင်းနှင့် မြို့မ YTD အသင်းက ၃၆ မှတ်စီ၊ UPT အသင်းက ၂၇ မှတ်၊ ရွှေမြဝတီအသင်းနှင့် AMM အသင်းက ၂၄ မှတ်စီ၊ Comrade အသင်းက ၁၇ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၅ မှတ်၊ Titan XII အသင်းနှင့် PU အသင်းက ၁၃ မှတ်စီ၊ White Colour အသင်းက ရှစ်မှတ် ရရှိထားသည်။ **ရဲရင့်ရှိုင်း**

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲကြုံတွေ့

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၀**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းအတွက် ရှုံးချက်နာသည့်ပွဲဖြစ်ပြီး ဆီမီးဖိုင်နယ် တက်ရောက်ရေး မျှော်လင့်ချက်နည်းပါးသွားသလို နည်းပြသစ် ပိုပေါ့ဗ်အတွက်လည်း ဖိအားတိုးစေခဲ့သည့် ပွဲလည်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း၏ ခြေစွမ်းနှင့် တိုက်စစ်ကစားပုံမှာ အားရစရာမရှိသေးဘဲ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက နှစ်ပွဲဆက်အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အင်ဒိုနီးရှားနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။ ပိုပေါ့ဗ်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်သည့်အပြင် နည်းဗျူဟာနှင့် ကစားကွက်မှာလည်း အပြောင်းအလဲမရှိသောကြောင့် မြန်မာအသင်းအနေဖြင့် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရပြီး အိမ်ရှင်ကမ္ဘောဒီးယားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းသည် အဖွင့်ပွဲ၌ မလေးရှားကို အနိုင်ရခဲ့သောကြောင့် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့ပြီး ၁၆ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရာ ဆိုဗင် ကန်သွင်းသော်လည်း မြန်မာဂိုးသမား ဘုန်းသစ္စာမင်း ကာကွယ်နိုင်ခဲ့သည်။ မြန်မာဂိုးသမား ဘုန်းသစ္စာမင်းသည် ပထမပိုင်းတွင် သေချာပေါက်ဂိုးသွင်းခွင့်အချို့ကို ကာကွယ်နိုင်ခဲ့သော်လည်း ၂၆ မိနစ်တွင် ဆာဗီ သွင်းယူသည့်ဂိုးကိုမူ ခွင့်ပြုခဲ့ရသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းအနေဖြင့် အပြောင်းအလဲပြုလုပ်နိုင်ခြင်းမရှိသောကြောင့် ကမ္ဘောဒီးယားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရပြီး မိနစ် ၅၀ တွင် ဆိုရာနတ်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း ကမ္ဘောဒီးယားခံစစ်က ထိန်းချုပ်ကစားသွားခဲ့သည်။

ယနေ့ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် ကမ္ဘောဒီးယားအသင်းက ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး အင်ဒိုနီးရှားအသင်းက နှစ်မှတ်၊ မလေးရှားနှင့် မြန်မာအသင်းက တစ်မှတ်စီရထားသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်ပြီး နောက်ဆုံးပွဲတွင် အနိုင်ရရန် လိုအပ်သည့်အပြင် ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားရလဒ်ကိုလည်း စောင့်ကြည့်ရမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်၌ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများအား စိုက်ပျိုးမှုဆိုင်ရာအလေ့အကျင့် ကောင်း (GAP) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်လင်းဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က တောင်သူများ စိုက်ပျိုးသည်မှ ထုတ်လုပ်ဖြန့်ဖြူးစားသုံးသူ လက်ဝယ်ရောက်ရှိသည်အထိ ဆောင်ရွက်ထားရှိမှု အဆင့်ဆင့်ကို စစ်ဆေးခြင်း၊ ဟင်းသီးဟင်းရွက်များတွင် ဓာတုဓာတ်ကြွင်းကျန်ရှိခြင်း ရှိ/မရှိကို စစ်ဆေးနိုင်ရန် နမူနာယူခြင်းတို့ကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ဒါရိုက်တာ ဒေါ်လဲ့လဲ့ဦးက ဦးဆောင်၍ စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ်ရောက်ရှိသည်အထိ ဆောင်ရွက်နေမှုအဆင့်ဆင့်ကို စစ်ဆေးရေးအဖွဲ့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်းက GAP စနစ်ကို လိုက်နာဆောင်ရွက်ခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**မြန်မာ့အလင်း**

# ကွမ်းလုံမြို့နယ်တွင် လက်နက်၊ ခဲယမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**တပ်မတော်မှ ကွမ်းလုံမြို့နယ် နောင်စံဖူးကျေးရွာအနီး ထလုံထန်တောင်ကြော၌ ဖေဖော်ဝါရီ ၁၈ ရက် ည ၉ နာရီခွဲခန့်က ဂမ်ဂျာ မောင်းနှင်ပြီး လနန်(ခ)လှနန် လိုက်ပါလာသည့် တိုယိုတာဟိုင်းလပ် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ကာလတန်ဖိုး ငွေကျပ် သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀၀၊ ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်၊ လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**



ဂမ်ဂျာနှင့် လနန်(ခ)လှနန်တို့အား သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်း၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက် ည ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် ရေပူစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် ရွှေဘ၊ မင်းထက်ကို(ခ)ဆာလာနှင့် မိုးသိန်းတို့ သုံးဦး၏ ခရီးဆောင်အိတ်များအတွင်းမှ ဘိန်းဖြူ ၃ ဒသမ ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၂)ရပ် အမှတ်(၁၅)လမ်းနေ အောင်အောင်(ခ)ရန်အောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ ၊ ငွေကျပ် ၉၃၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အပြင် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖားကန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် မော်ဝမ်းကြီးကျေးရွာအုပ်စု အင်မားယန်းကျေးရွာ မြေစာပုံအနီးတွေ့ရှိသူ ပြည့်စုံအား ရှာဖွေရာ ဘိန်းဖြူ ၃၁ ဒသမ ၆ ဂရမ် ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၉)ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် မန်သက်ကျေးရွာအုပ်စု ကိုးထောင်ကျေးရွာအနီးရှိ တောလမ်းတွင် ဇော်ဦး မောင်းနှင်ပြီး ကွေ့လန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၆၀ ဂရမ်ကို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ မန်သက်ကျေးရွာအုပ်စု ကိုးထောင်ကျေးရွာနေ မအုံးမေ၏နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ၁၈၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို လည်းကောင်း။

ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၆ နာရီခန့်တွင် မိုင်းချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖောင်းပြင်မြို့နယ် နန်းဘုန်းကျေးရွာနေ ဝင်းမောင်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၁၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ ပြားတို့ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် မူးယစ်တပ်ဖွဲ့စု (၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာအုပ်စု ပုတီးဖြူကျေးရွာနေ မတင်မာဝင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၈ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၂-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၇း၃၅ - NRC အစီအစဉ် "ကရင်ဖြူ လူမျိုးအများစုနေထိုင်ရာ တောင်ကျကျေးရွာကလေး"

၉း၄၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၉၆)

၁၀း၃၀ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဇီဝဗေဒဘာသာရပ်)

၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၂၂)
"ဆွေသဟာ ဟိုတယ် လူသတ်မှု"(ပထမပိုင်း)

၁၅း၅၀ - (၂၀၁၉)ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (ဇီဝဗေဒဘာသာရပ်)

**ညပိုင်း**

၁၆း၂၅ - (၂၀၁၉)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဘောဂဗေဒဘာသာရပ်)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - "ရခိုင်မြေမှသွေးရင်းများ ခမီတိုင်းရင်းသား"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၁)
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
ဒါရိုက်တာ-ကြည်စိုးထွန်း

## ပျဉ်းမနားမြို့နယ်နှင့် မဘိမ်းမြို့နယ်တို့တွင် တရားမဝင်ကျွန်းသစ်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ဖေဖော်ဝါရီ ၁၈ ရက်က ပျဉ်းမနားမြို့နယ်နှင့် မဘိမ်းမြို့နယ်တို့၌ တရားမဝင်သစ်များကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ပျဉ်းမနားမြို့နယ်နှင့် ပင်လောင်းမြို့နယ် အစပ် ဧရိယာများတွင် တရားမဝင်သစ် ရှာဖွေဖမ်းဆီးခြင်း ဆောင်ရွက်ရာ သင်္ဂဒူကညင်ခွဲသား ၉၃ ချောင်း (၁၄ ဒသမ ၂၂၈)တန်ကို သိမ်းဆည်းရမိသည်။ အလားတူ မဘိမ်းမြို့နယ် ကျောက်မဲခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ကွင်းချောင်းကြိုးဝိုင်းအတွင်းမှ ကျွန်းသစ် ၇၅ လုံး (၁၃ ဒသမ ၉၀၂)တန်ကို ဖမ်းဆီးရမိသည်။

သစ်တော ဦးစီးဌာနအနေဖြင့် တရားမဝင် သစ်ထုတ်လုပ်သူများကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးသူဟိန်း**

## တစ်ရွာတည်းသားချင်း စကားများရာမှ ဓားခုတ်မှုဖြစ်ပြီး လူတစ်ဦးသေဆုံး

**တောင်ငူ ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာ ကြံစိုက်ခင်းနှင့် အင်ပင်တောများကြားတွင် တစ်ရွာတည်းသားချင်း အရက်မူးပြီး စကားများရာမှ ဖေဖော်ဝါရီ ၁၈ ရက် ည ၁၀ နာရီခန့်က ဓားခုတ်မှုဖြစ်ပွားပြီး လူတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝင်း၊ ကေတုမတီ မြို့သစ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်လင်း ဦးစီးအဖွဲ့က သတင်းအရ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ ကျောင်းစုရွာအနောက်ဘက်၌ စိုးပိုင် (၄၆ နှစ်) ဆင်ရွာနေသူအား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်အား ရဲတပ်ဖွဲ့ကဆက်လက် စုံစမ်းဖော်ထုတ်ခဲ့ရာ အခင်းဖြစ်သည့် နံနက်ပိုင်းကတည်းက အလုပ်လုပ်ရန် အတူတူသွားကြသော တစ်ရွာတည်းနေ ကိုနိုင်(ခ)နိုင်ကြီး (၄၆ နှစ်)နှင့်အတူ ညနေပိုင်း အလုပ်သိမ်း၍ နေထိုင်ရာကျေးရွာသို့ အတူပြန်လာကြရင်း အရက်မူးစကားများကာ ရန်ဖြစ်ခဲ့ကြကြောင်း၊ ထို့နောက် ကိုနိုင်(ခ)နိုင်ကြီးက အသင့်ပါလာသောဓားဖြင့် ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ပြစ်မှုကျူးလွန်သူ ကိုနိုင် (ခ) နိုင်ကြီးကို ဖေဖော်ဝါရီ ၁၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## မော်လူးမြို့ဘုရားပွဲတော်တွင် လူသတ်မှုဖြစ်ပွား ပြစ်မှုကျူးလွန်သူအား ၄၈ နာရီအတွင်း ဖမ်းမိ

**အင်းတော် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးမြို့ ဒီပင်္ကရာဘုရားပွဲတော်တွင် ဖေဖော်ဝါရီ ၁၆ ရက် ည ၁၁ နာရီခွဲခန့်က လူငယ်ချင်း စကားများရန်ဖြစ်ကြရာမှ မော်လူးမြို့ မင်းသုခရပ်ကွက်နေ မောင်နိုင်ဆိုသူမှာ ဒဏ်ရာရရှိသွားသဖြင့် ကသာဆေးရုံတွင် ဆေးကုသမှုခံယူစဉ် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူအား အမြန်ဖမ်းမိရေး အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်သင်းကြီးကြပ်၍ မော်လူးမြို့ ရဲစခန်းမှူး ရဲအုပ် မင်းသိန်းထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မိမိနယ်မြေအတွင်း ရှာဖွေစုံစမ်းနေစဉ် ပြစ်မှုကျူးလွန်သူမှာ မိုးညှင်းမြို့နယ် မော်ဟဲကျေးရွာနေ အောင်ဖြိုးဆိုသူဖြစ်ကြောင်း သိရှိရသဖြင့် ဖေဖော်ဝါရီ ၁၈ ရက်က အောင်ဖြိုးအား ဖမ်းဆီးရမိပြီး မော်လူးမြို့ရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တစ်ပတ်အတွင်း တရားမဝင်ကျွန်းသစ် ၂၉၈ ဒသမ ၅၈၅၆ တန်နှင့် သစ်ခိုးထုတ်သူ ၄၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက် (တစ်ပတ်)အတွင်း ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် တရားမဝင်ကျွန်းသစ် ၂၉၈ ဒသမ ၅၈၅၆ တန်နှင့် တရားမဝင် သစ်ခိုးထုတ်သူ ၄၂ ဦးဖမ်းဆီးရမိခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ သိရသည်။

ထို့ပြင် သစ်တောထွက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် ကျွန်းတံခါး၊ တံခါးအစိတ်အပိုင်းများ (၀ ဒသမ ၈၈၉၆) တန်၊ လုံးပတ်သုံးပေအောက် သစ် ၃ ဒသမ ၀၈၆ တန်၊ ကျွန်းယောင်ခြမ်း ၄၂ ခြမ်း ၂ ဒသမ ၆၀၆၀ တန်၊ ထင်းခွဲခြမ်း ၉ ဒသမ ၈၂၀၈ တန်၊ မီးသွေး ၈ ဒသမ ၈ တန်၊ ကျွန်းလှေတစ်စင်း၊ လမ်းခင်းကျောက်ကြီး ၆ ဒသမ ၅ ကျင်း၊ သစ်စက်အင်ဂျင်ငါးလုံး၊ လွှဝိုင်းငါးဝိုင်း၊ ယာဉ် ၂၉ စီးနှင့် အခြားဆက်စပ်ပစ္စည်းတို့ကိုလည်း ဖမ်းဆီးရမိကြောင်း သိရသည်။

**ကိုမျိုး**

## မင်းလှမြို့နယ်အတွင်း ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိ

**မင်းလှ ဖေဖော်ဝါရီ ၂၀**

မင်းလှမြို့နယ်အတွင်း တစ်တန်လျှင် ဒေသပေါက်ဈေး ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မင်းလှမြို့နယ်ရဲတပ်ဖွဲ့ရှမ်းတပ်ရဲကင်းမှူး ဒုရဲအုပ် မိုးလွင်နှင့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက လှည့်ကင်းဆောင်ရွက်စဉ် မီးလောင်ကုန်းကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ရေကြည်ချောင်းဘေးတွင် အခြားသားသစ်ခွဲသားဆိုက်စုံ ၁၂ ချောင်း (၁ ဒသမ ၅၀၆၂) တန် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၁၈၆၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ရွှေချောင်းဘိနယ်သစ်တောရုံးသို့ သယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေအေတီ**

## မိုးမိတ်မြို့နယ်၌ တရားမဝင်ကျွန်းသစ်လုံးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မိုးမိတ်မြို့နယ် နယ်မြေခံတပ်ရင်းနှင့် မိုးမိတ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက မိုးမိတ်မြို့နယ်အတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ရာ မိုင်းနင်းကျေးရွာအနီး၌ ကျွန်းသစ်လုံး စုစုပေါင်း ၁၇၉ လုံး (၃၆ ဒသမ ၉၃၀ တန်)ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်းသိရပြီး ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ကိုမျိုး**

## ပြင်ဦးလွင်မြို့နယ်၌ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦးအား ဖမ်းဆီးရမိ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့မရဲစခန်းမှ ဒုရဲအုပ် ဝင်းညွန့်အောင် ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့နယ် ကျောက်တောင်ရပ် တီဗွီတိုင်လမ်းနေ ဇော်ဇော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိရကြောင်း၊ စစ်ဆေးချက်အရ အဆိုပါဆေးဝါးများကို လွန်ခဲ့သောတစ်ပတ်ခန့်က ဆင်စားကုန်းရွာတွင် တွေ့ရှိသူတစ်ဦးထံမှ ဆေးပြား ၁၀ ပြားပါ တစ်ထုပ်ကို ငွေကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး ယခုဖမ်းဆီးရမိသော ဆေးဝါးများမှာ ဇော်ဇော် တစ်ဦးတည်းသုံးစွဲပြီး ကျန်ရှိသော ဆေးဝါးများဖြစ်ကြောင်း သိရှိရသဖြင့် ဇော်ဇော်အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဖယ်ခုံ၊ ပင်လောင်းနှင့် မိုးမိတ်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများအား ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဖယ်ခုံမြို့နယ် အုံတိုင်းကျေးရွာ အနောက်ဘက် သုံးဖာလုံခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၈ ဧကခန့်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လင်းနိုင် ဦးစီးပူးပေါင်းအဖွဲ့မှ ဖေဖော်ဝါရီ ၁၈ ရက်က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် ထီတမောင်းကျေးရွာ အရှေ့တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၃၀ ဒသမ ၅ ဧကကို ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ဖယ်ခုံမြို့နယ် ကာလကျေးရွာအနောက်တောင်ဘက် သုံးဖာလုံခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၈ ၂၀ ခန့်ကို ဖယ်ခုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေ ဦးစီးပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။ အလားတူ မိုးမိတ်မြို့နယ် နမ့်ဖွတ်ကျေးရွာအရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်းတစ်ဧကခန့်ကို မိုးမိတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇာနည်လတ် ဦးစီးသည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ယာယီကုန်သွယ်ရေးသဘောတူညီချက် အမေရိကန်သမ္မတ ရက်ရွှေ့ဆိုင်းလို

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

**အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ယာယီကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်သည် မတ် ၁ ရက်တွင် ပြည့်မည်ဖြစ်သော်လည်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုတိုးတက်လာသည့်အတွက် အမေရိကန်သမ္မတ ထရမ့်က နောက်ဆုံးသတ်မှတ်ထားသော မတ် ၁ ရက်ကို ပြောင်းရွှေ့ချင်ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ လက်ရှိဆွေးနွေးမှုသည် အဆင်ပြေကြောင်း သမ္မတထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောခဲ့သည်။ ထို့အပြင် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်အပြည့်အဝရရန် ရက်အတိအကျသတ်မှတ်ထားခြင်းမရှိသည့်အတွက် နောင်တွင် မည်သည့်ကိစ္စများ ဆက်ဖြစ်လာမလဲဆိုသည်ကို စောင့်ကြည့်ဖို့လိုကြောင်း ထရမ့်က ပြောခဲ့သည်။

ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုအခြေအနေ အရပ်ရပ်သည် အနည်းငယ်ရှုပ်ထွေးနေကြောင်းလည်း ထရမ့်က ဆက်လက်ပြောကြားသည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နျူချင်နှင့် အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ် ရောဘတ်လိုင်တင်ဇာအပါအဝင် နှစ်နိုင်ငံအကြီးတန်းအဆင့် အရာရှိများ၏ ဆွေးနွေးပွဲမတိုင်မီ နှစ်နိုင်ငံအငယ်တန်းလက်ထောက်အရာရှိအဆင့်ဆွေးနွေးမှုကို ယမန်နေ့က ဝါရှင်တန်ဒီစီတွင် ပြုလုပ်ခဲ့သည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့ကို တရုတ်အစိုးရ ထိပ်တန်းစီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲကဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

အိမ်ဖြူတော်ဘဲဥပုံရုံးခန်းထဲတွင် ဖေဖော်ဝါရီ ၁၉ ရက်က သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြေကြားနေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို တွေ့ရစဉ်။



# အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ် အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ပြိုင်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အတိုက်အခံ ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သည့် အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်သည် ၂၀၂၀ပြည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် သမ္မတ ရွေးကောက်ပွဲကလည်း ၎င်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ဆန်ဒါးစ်သည် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန်ကြိုးစားခဲ့သော်လည်း နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်ကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အသက် ၇၇ နှစ်ရှိ ဆန်ဒါးစ်သည် ကောလိပ်အခမဲ့တက်ခွင့်၊ အမေရိကန်နိုင်ငံသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရက ပိုပြီးတာဝန်ယူမှု စသည့် မူဝါဒများကြောင့် ထောက်ခံမှုအခိုင်အမာ ရရှိထားခြင်းဖြစ်သည်။



၂၀၂၀ပြည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိ သမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်မည့် အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်။

၂၀၂၀ ပြည့်နှစ် သမ္မတလောင်းအဖြစ် ပါတီအတွင်းရွေးကောက်ပွဲကျင်းပရန် တစ်နှစ်လောက်လိုသည့်အချိန်တွင် ဒီမိုကရက်ပါတီတွင် ယှဉ်ပြိုင်မည့်သူအများအပြားရှိကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲတွင် အဲလိဇဘတ်ဝါရန်၊ ကော်ရီဘွတ်ခ်ကာ၊ အေမီကလော်ဘူချာ၊ ခရစ်စတင်းဂီလီဘရန့်ဒ်နှင့် ကာမလာဟားရစ်တို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်ဒါးစ်သည် သမ္မတထရမ့်ကို မကြာခဏ ဝေဖန်လေ့ရှိသူဖြစ်ကြောင်း သိရပြီး ခေတ်သစ်အမေရိကန်သမိုင်းတွင် သမ္မတထရမ့်သည် အန္တရာယ်အရှိဆုံးဖြစ်ကြောင်း ပြောခဲ့သည်။

ဆန်ဒါးစ်က အတုအယောင်၊ လူလိမ်လူညာ၊ အာဏာရှင်ဆန်ဆန်ဦးဆောင်မှုများကြောင့် အမေရိကန် ဒီမိုကရေစီစနစ်ကို ထိခိုက်စေသူတစ်ဦးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆန်ဒါးစ်သည် ထောက်ခံသူအခိုင်အမာရှိသော်လည်း ဆန့်ကျင်သူများလည်းရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဗြိတိန်တောင်ပိုင်းရှိ ဟွန်ဒါကားစက်ရုံ ပိတ်သိမ်းတော့မည်

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံကားထုတ်လုပ်ရေးကုမ္ပဏီ ဟွန်ဒါသည် ဗြိတိန်တောင်ပိုင်း ဆွင်းဒန်မြို့ရှိ ကားစက်ရုံကို ၂၀၂၂ ခုနှစ်တွင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံ ပိတ်သိမ်းမည်ဖြစ်သောကြောင့် အလုပ်အကိုင်ပေါင်း ၃၅၀၀ ခန့် ဆုံးရှုံးနိုင်ကြောင်းနှင့် နောက်ထပ်အလုပ်အကိုင် ၁၀၀၀၀ အတွက်လည်း စိုးရိမ်ဖွယ်ရှိနေသည်။

ယခုကဲ့သို့ ပိတ်သိမ်းမည့်ကိစ္စသည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ခြင်းကြောင့် မဟုတ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင်ဥရောပဈေးကွက် ထုတ်လုပ်မှုများအားလုံးကို ဂျပန်နိုင်ငံတွင် တစုတစည်းတည်း လုပ်ဆောင်မည်ဆိုသည့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဖြစ်ကြောင်း မြောက်ဆွင်းဒန်ဆိုင်ရာ ကွန်ဆာဗေးတစ် လွှတ်တော်အမတ် ဂျက်စတင်တွမ်လင်ဆန်က ပြောသည်။

ထို့အပြင် ဟွန်ဒါသည် ဝန်ထမ်းအားလုံးနှင့်ညှိနှိုင်းနေပြီး အလုပ်လက်မဲ့ဖြစ်ဖို့ မမျှော်လင့်ကြောင်းနှင့် ၂၀၂၁ ခုနှစ်အထိ ထုတ်လုပ်မှုများကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လုပ်ငန်း ပိတ်သိမ်းမည့် ကိစ္စအပေါ် ဟွန်ဒါကမှတ်ချက်တစ်စုံတစ်ရာထပ်မံပြောကြားထားခြင်း မရှိသေးချေ။

ဟွန်ဒါကားထုတ်လုပ်ရေးကုမ္ပဏီသည် ၁၉၈၅ ခုနှစ်တွင် ဆွင်းဒန်မြို့အရှေ့မြောက်ဘက်တွင် စက်ရုံတည်ဆောက်ကာ လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ကားစီးရေ သုံးသန်းမြောက် ထုတ်လုပ်နိုင်ခဲ့ခြင်း အခမ်းအနားလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရုရှားထိန်းချုပ်ထားသည့် အငြင်းပွားကျွန်းများကို ဂျပန်သို့လွှဲပြောင်းပေးမည့်ကိစ္စ ဒေသခံများကန့်ကွက်

**မော်စကို ဖေဖော်ဝါရီ ၂၀**

ရုရှားနှင့် ဂျပန်တို့က ပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသည့် ရုရှားထိန်းချုပ်ထားသော ကျွန်းများကို ဂျပန်သို့လွှဲပြောင်းပေးမည့်ကိစ္စကို အငြင်းပွားကျွန်းများရှိ ဒေသခံများ အားလုံးနီးပါးတို့က ကန့်ကွက်ခဲ့ကြကြောင်း ဆန္ဒမဲရလဒ်များက အင်္ဂါနေ့တွင် ဖော်ပြ ခဲ့သည်။



အငြင်းပွားကူရီကျွန်းကို ဂျပန်သို့လွှဲပြောင်းမည့်ကိစ္စကို ရပ်တန့်ရန် ဒေသခံများ တောင်းဆိုဆန္ဒပြနေစဉ်။

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော်ကိုင်းဒိုးရှိ ကျွန်းလေးကျွန်းတို့မှ ဒေသခံ ၇၆၉၅ အနက် ၉၆ ရာခိုင်နှုန်းက ယင်းကိစ္စနှင့်ပတ်သက်၍ မဲပေးခဲ့ကြကြောင်း သိရသည်။ မော်စကိုနှင့် တိုကျိုတို့သည် အဆိုပါကျွန်းလေးကျွန်းကို သူပိုင်သည် ငါပိုင်သည်ဟု ဆိုကာ အပြိုင်အဆိုင်အငြင်းပွားနေမှုများကြောင့် စစ်ပြီးကာလ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခြင်းမရှိခဲ့ပေ။

**ကမ်းလှမ်းချက်ကို ငြင်းဆန်**

၁၉၅၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့်ပူးတွဲကြေညာချက်တွင် ဆိုဗီယက်ယူနီယံသည် နှစ်နိုင်ငံ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးထားမှုပြုလုပ်ထားသည့် အခြေအနေအရ ကျွန်းများအနက် နှစ်ကျွန်းကို ပြန်ပေးရန်သဘောတူညီခဲ့ပြီး စစ်မဖြစ်ပွားမီကျွန်းများ၏မူလပိုင်ရှင်ဖြစ်သည့် ဂျပန်က ယင်းကမ်းလှမ်းချက်ကို ငြင်းဆန်ခဲ့သည်။

**သဘောတူညီခဲ့**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့သည် ပြီးခဲ့သည့် နိုဝင်ဘာလက စင်ကာပူ၌ပြုလုပ်ခဲ့သည့် အစည်းအဝေးအတွင်း ၁၉၅၆ ခုနှစ် ပူးတွဲကြေညာချက်အပေါ်အခြေခံသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စတင်ရန် သဘောတူညီခဲ့သည်။

**အေအက်ဖ်ပီ**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်ပွားကာ ပါလက်စတိုင်းပြည်သူများ ဒဏ်ရာရ

**ဂါဇာ ဖေဖော်ဝါရီ ၂၀**

ဂါဇာကမ်းမြောင်ဒေသ၌ အင်္ဂါနေ့ညနေက ပါလက်စတိုင်းဆန္ဒပြပြည်သူရာပေါင်းများစွာနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းပြည်သူ ၂၀ထက်မနည်း သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ဒဏ်ရာများ ရရှိခဲ့ကြောင်း ဆေးအဖွဲ့ကပြောကြားသည်။

အစ္စရေးတို့ဘက်မှ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းပြည်သူ အယောက် ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဂါဇာရှိကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ရှ်ရက်ဖ်အယ်လ်ကွီဒါက ပြောကြားခဲ့သည်။ ဆန္ဒပြလူအုပ်အတွင်း တပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခဲ့ပြီးနောက် လူအများအပြား အသက်ရှူကျပ်ခဲ့ကြောင်း ၎င်းကပြောသည်။ ဆန္ဒဖော်ထုတ်သူများသည် ပါလက်စတိုင်းအလံများကိုဝှေ့ယမ်းခဲ့ကြပြီး တပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အကူအညီအထောက်အပံ့များကို ပိတ်ဆို့ရန် ကူရာကာအိုကျွန်းနှင့် ဆက်သွယ်ထားသည့် လမ်းကြောင်းများကို ဗင်နီဇွဲလားရပ်နားထား

**ကရာကတ် ဖေဖော်ဝါရီ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်မှုများလုပ်ဆောင်ခဲ့ပြီးနောက်တွင် ဗင်နီဇွဲလားတပ်မတော်သည် နယ်စပ်နေရာများ၌ သတိကြီးစွာထားလျက် စောင့်ကြည့်နေပြီး အကူအညီအထောက်အပံ့များဝင်ရောက်မလာမီ ကူရာကာအိုကျွန်းနှင့် ချိတ်ဆက်နေသည့် လေကြောင်းခရီးစဉ်နှင့် ပင်လယ်ခရီးစဉ်သွားလာမှုများကို ရပ်နားထားကြောင်း ဗင်နီဇွဲလားတပ်မတော်က ပြောကြားခဲ့သည်။

မိမိကိုယ်ကို ဗင်နီဇွဲလားနိုင်ငံ၏ ယာယီသမ္မတအဖြစ် ကြေညာခဲ့သည့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် စစ်ဘက်ကပိတ်ဆို့ရန် ကြိုးပမ်းခဲ့သော်လည်း စနေနေ့တွင် အကူအညီအထောက်အပံ့ပစ္စည်းများကို လမ်းကြောင်းအမျိုးမျိုးတို့မှ ဝင်ရောက်လာစေနိုင်ရန် အလေးပေးခဲ့သည်။

သို့သော်လည်း သမ္မတထရမ့်က တပ်မတော်အကြီးအကဲများအား ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုကို ပစ်ပယ်ထားရန် တိုက်တွန်းခဲ့ပြီးနောက်တွင် တပ်မတော်အကြီးအကဲများသည် သမ္မတမာဒူရိုကို ယခင်ထက်နှစ်ဆ ပိုမိုသစ္စာခံလာကြသည်။ ကူရာကာအိုနှင့်အနီးအနားရှိ ကျွန်းများနှင့် ဆက်သွယ်ထားသည့် လေကြောင်းနှင့် ပင်လယ်လမ်းကြောင်းသွားလာမှုများကို ရပ်နားရန် ဗင်နီဇွဲလားက အမိန့်ထုတ်ခဲ့ကြောင်း မီဒီယာများ၏ဖော်ပြချက်ကို နောက်ပိုင်းတွင် ဒေသဆိုင်ရာ စစ်ဘက်အကြီးအကဲ ဗလာဒီမာ ကွင်တီရိုက အတည်ပြုခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နိုင်ငံ၌ ဝက်သက်ရောဂါများ အမြင့်ဆုံးဖြစ်ပွားလျက်ရှိ

**တိုကျို ဖေဖော်ဝါရီ ၂၀**

ဂျပန်နိုင်ငံတွင် လတ်တလော ဝက်သက်ရောဂါဖြစ်ပွားသူ အရေအတွက် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဖြစ်လာပြီး အကြီးအကျယ် ကူးစက်ပြန့်ပွားမှုဖြစ်နိုင်ခြေများလျက်ရှိသည်။

ဝက်သက်ရောဂါသည် အဖျားတက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးတွင် အဖုအပိမ့်များထွက်လာတတ်သည့် ကူးစက်မှုနှုန်းမြန်သည့် ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။ ကိုယ်ဝန်ဆောင်မိခင်များ ကူးစက်ခံရပါက ကိုယ်ဝန်ပျက်ကျတတ်သလို လမစေ့ဘဲ မီးဖွားမှုများဖြစ်တတ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ဝက်သက်ရောဂါဖြစ်ပွားသူ လူနာပေါင်း ယခုအချိန်အထိ ၁၆၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ ယခုဖြစ်စဉ်သည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးအရေအတွက်ဖြစ်ပြီး တစ်နှစ်တာ လူနာအရေအတွက် တစ်သောင်းကျော်ခဲ့သည့် ၂၀၀၈ ခုနှစ်နောက်ပိုင်း ဒုတိယအဖြစ်အများဆုံး ဖြစ်သည်။ ဝက်သက်ကာကွယ်ဆေးထိုးရန်လည်း ဂျပန်ကူးစက်ရောဂါဌာနက အရာရှိများက တိုက်တွန်းလျက်ရှိသည်။ ထို့အပြင် ဝက်သက်ရောဂါကူးစက်ခံရကြောင်း သံသယရှိပါကလည်း နောက်ထပ် ရောဂါကူးစက်မပြန့်ပွားအောင် တားဆီးရေးအတွက် ဆေးရုံဆေးခန်းများသွားရန် နှိုးဆော်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### နျူကလီးယားလက်နက် ဖျက်သိမ်းရေး အလောတကြီး လုပ်စရာမလိုကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

မြောက်ကိုရီးယား နျူကလီးယားလက်နက်ဖျက်သိမ်းရေး အလောတကြီး လုပ်ဆောင်ရန်မလိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။ အင်္ဂါနေ့က သတင်းထောက်များ၏ မေးမြန်းမှုကိုဖြေကြားရာတွင် ထရမ့်က ၎င်းအနေဖြင့် လာမည့်ရက်သတ္တပတ်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းနှင့် အတူကျင်းပမည့် ထိပ်သီးအစည်းအဝေးသည် အလွန်စိတ်ဝင်စားစရာကောင်းလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့ပြီး ယင်းအစည်းအဝေးမှ ရလဒ်များစွာပေါ်ထွက်လာနိုင်ကြောင်း ဖြေကြားခဲ့သည်။

ထို့အပြင် ထရမ့်က မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းမှုကို အကြွင်းမရှိမြင်တွေ့ရဖွယ်ရှိကြောင်း၊ သို့သော် ယင်းကိစ္စအတွက် အချိန်ဇယားများဖြင့် ဖိအားပေးထားခြင်းမရှိကြောင်း၊ နျူကလီးယားလက်နက်စမ်းသပ်မှုများ မပြုလုပ်သေးသရွေ့ ၎င်းအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ထိတ်ထိတ်ပျာပျာ ဖြစ်စရာမရှိကြောင်း ထရမ့်က ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားအရေး ရတက်မအေး

***ထွန်းသစ်စ***

**အမေရိကန်က အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ထောက်ခံဖို့ ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေကို သတိပေးပြောကြားမှုတွေရှိသော်လည်း ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေအနေနဲ့ လက်ရှိသမ္မတ မာဒူရိုကို စစ်ဘက်ဆိုင်ရာ ကူညီထောက်ပံ့မှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ အတိအလင်းကြေညာလိုက်ပြီ ဖြစ်ပါတယ်။ ထို့အတူပါပဲ။ နယ်စပ်ကို ဖြတ်ကျော်လာမယ့်၊ နိုင်ငံရဲ့ အချုပ်အခြာပိုင်နက်ကို ထိခိုက်လာမယ့် ရန်စွယ်ဟူသမျှကို နှိမ်နင်းတိုက်ခိုက်သွားမှာ ဖြစ်တယ်လို့လည်း ပြောလိုက်ပါတယ်။**



လက်ရှိသမ္မတ မာဒူရိုအပေါ် သစ္စာစောင့်သိသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီး မိန့်ခွန်းပြောနေစဉ်။

### မရောက်သေး

မကြာသေးမီကမှ ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေဝင်ရောက်ခွင့်ပြုရေးနဲ့ ဂျူအန်ဂွိုက်ဒိုကို ထောက်ခံဖို့အရေး ရာဇသံပေးလိုက်တဲ့အမေရိကန်ဟာ ပြောတဲ့အတိုင်းဖြစ်မလာရင် ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေကို အရာအားလုံးဆုံးရှုံးနိုင်ကြောင်း သတိပေးခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာတစ်လွှားပုန်းခိုဖို့အတွက် ငွေရှိနေတဲ့ ဗင်နီဇွဲလားစစ်ဘက်ဆိုင်ရာ အရာရှိတွေနဲ့သူတို့ရဲ့ မိသားစုတွေ ဘယ်နေရာမှာပဲ ပုန်းနေပုန်းနေ အမေရိကန်ပြည်ထောင်စုက သိမှာဖြစ်တဲ့အကြောင်း သမ္မတအိမ်ဖြူတော်က ထပ်မံပြောကြားလိုက်ပါသေးတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မှာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေနံနဲ့ချမ်းသာတဲ့ နိုင်ငံတွေအနက် ဆင်းရဲတွင်းနက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံရဲ့ အကျပ်အတည်းတွေနဲ့ ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာ ကြားဝင်မှုတွေ ဆောင်ရွက်မယ့်သဘောရှိပါတယ်။

ထို့အတူ ဗင်နီဇွဲလားနိုင်ငံကို ပေးပို့တဲ့ နိုင်ငံခြားအထောက်အပံ့တွေကိုလည်း မတားဆီးဖို့ သမ္မတထရမ့်က ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေကို သတိပေးခဲ့ပါသေးတယ်။ ဗင်နီဇွဲလားနိုင်ငံကို တင်ပို့ဖို့ အစားအစာနဲ့ ဆေးဝါးတန်ချိန်ပေါင်းများစွာဟာ တစ်ဖက် ကိုလံဘီယာနယ်စပ်မှာ သောင်တင်နေတဲ့ အခြေအနေရှိနေပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေ တင်ဆောင်လာတဲ့ အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်သုံးစင်းဟာလည်း ကိုလံဘီယာနိုင်ငံ ကူကူတာကို မကြာသေးမီက ရောက်ရှိခဲ့ပါတယ်။ သို့သော်လည်း အဲဒီပစ္စည်းတွေဟာ ဗင်နီဇွဲလားနိုင်ငံထဲကို အခုချိန်အထိ မရောက်နိုင်သေးပါဘူး။

### ရင်ဆိုင်ရနိုင်

ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေးဆိုင်ရာ ယိုယွင်းပျက်စီးနေတဲ့ အခြေအနေရှိပြီးတော့ ငွေကြေးဖောင်းပွခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အစားအစာနဲ့ ဆေးဝါးတွေ ပြတ်လပ်ခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကုလသမဂ္ဂရဲ့ အဆိုအရစီးပွားရေးကပ်ဆိုက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံက ထွက်ပြေးလာတဲ့ လူဦးရေဟာ ၂၀၁၅ ခုနှစ်ကစပြီး ယခုအချိန်အထိ ၂ ဒသမ ၃ သန်းအထိရှိတယ်လို့ သိရပါတယ်။

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ဗင်နီဇွဲလားနိုင်ငံမှာရှိတဲ့ လူဦးရေ သုံးသိန်းလောက်ဟာ ငတ်မွတ်ပြီး သေဆုံးမယ့် အခြေအနေရှိတယ်လို့ ပြောပါတယ်။ သူတို့ဟာ ကိုလံဘီယာနဲ့ ထိစပ်နေတဲ့ ဗင်နီဇွဲလားနယ်စပ်မှာ အမေရိကန်ပြည်ထောင်စုနဲ့ အခြားအလှူရှင်တွေက ပေးလှူထားတဲ့ အကူအညီတွေ စုပုံနေပြီး ဗင်နီဇွဲလားနိုင်ငံအတွင်း မကြာမီ မရောက်ရှိဘူး။ အဲဒီအကူအညီတွေ သူတို့မရရှိဘူးဆိုရင် သူတို့ဟာ အသက်အန္တရာယ်စိုးရိမ်ရတဲ့ အခြေအနေနဲ့ ရင်ဆိုင်သွားရနိုင်တယ်လို့လည်း ဆိုပါတယ်။

"တစ်နိုင်ငံလုံးအလိုရှိနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေရရှိဖို့ ကျွန်တော်တို့တွေ တစ်နိုင်ငံလုံးမှာ လှုပ်ရှားမှုတွေ လုပ်ဆောင်ရမယ်" လို့ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ပြောလိုက်ပါတယ်။ ပိတ်ဆို့ထားမှုနဲ့ ပတ်သက်ပြီး လူသားချင်းစာနာမှုကို ဖောက်ဖျက်နေတဲ့ ပြစ်မှုတွေပဲလို့တောင် သူကပြောလိုက်ပါတယ်။ အခုချိန်အထိ စစ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်တွေဟာ သမ္မတ မာဒူရိုကိုပဲ ထောက်ခံနေတယ်လို့လည်း သူက ပြောလိုက်ပါတယ်။

### နှောင့်နှေးကြန့်ကြာမှုတွေ ရှိမယ်

ဒီလောက်တောင် အခြေအနေဆိုးနေတဲ့နိုင်ငံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေ ဘာကြောင့် အဝင်မခံတာလဲဆိုတဲ့အပေါ် လက်ရှိသမ္မတ မာဒူရိုအနေနဲ့ ဘယ်လိုစဉ်းစားလဲတော့မသိပါဘူး။ သို့သော်လည်းပဲ သူ့အနေနဲ့ ဒီအပေါ်စိုးရိမ်မှုတွေရှိနေတယ်လို့တော့ သုံးသပ်ရပါတယ်။

ထိပ်တန်းလေတပ် ဗိုလ်ချုပ်ကြီးတစ်ဦးဟာ ဂွိုက်ဒိုဘက်က ရပ်တည်ကြောင်း လူသိရှင်ကြားကြေညာပြီးနောက် ဖေဖော်ဝါရီ ၃ ရက် အစောပိုင်းမှာ မာဒူရိုက စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တွေကိုနိုင်ငံရဲ့ကမ်းရိုးတန်းအရှေ့မြောက်ဘက်မှာ စစ်ရေး လေ့ကျင့်မှုလုပ်ဖို့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အတိုက်အခံအုပ်စုက "နိုင်ငံကို နိုင်ငံခြားသားလွှမ်းမိုးမှုနဲ့ ပြိုကွဲအောင် လုပ်နေတယ်"လို့ မာဒူရိုက တပ်ဖွဲ့ဝင်တွေကို ပြောခဲ့ပါတယ်။

> **"တပ်ဖွဲ့ဝင်တွေဟာ နိုင်ငံရဲ့ အချုပ်အခြာတည်တံ့ခိုင်မြဲရေးကို ချိုးဖောက်မယ့် ဘယ်လိုမျိုး ချိုးဖောက်မှုမျိုးကိုမဆို တားဆီးကာကွယ်နိုင်ရေးအတွက် နယ်စပ်တစ်လျှောက် တပ်လှန့်ဖြန့်ကြက်သွားမှာပါ" လို့ ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပါဒရီနိုက ပြောကြား"**

"တပ်ဖွဲ့ဝင်တွေဟာ နိုင်ငံရဲ့အချုပ်အခြာတည်တံ့ခိုင်မြဲရေးကို ချိုးဖောက်မယ့် ဘယ်လိုမျိုး ချိုးဖောက်မှုမျိုးကိုမဆို တားဆီးကာကွယ်နိုင်ဖို့အတွက် နယ်စပ်တစ်လျှောက် တပ်လှန့်ဖြန့်ကြက်သွားမှာပါ" လို့ ကာကွယ်ရေးဝန်ကြီး ဗလာဒီမာပါဒရီနိုက ပြောကြားခဲ့ပါတယ်။

ဒီလိုပြောကြားမှုကို သုံးသပ်ရမယ်ဆိုရင် ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေအနေနဲ့ကတော့ နယ်စပ်တစ်လျှောက် တပ်လှန့်မှုတွေ ဆောင်ရွက်ပြီး ဖြန့်ကြက်စောင့်ကြည့်သွားဦးမယ့်သဘော တွေ့နေရပါတယ်။ ထို့အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေလည်း နှောင့်နှေးကြန့်ကြာမှုတွေ ရှိနေဦးမယ့်သဘောကို တွေ့ရပါတယ်။

### လိုအပ်နေတယ်

ဗင်နီဇွဲလားနိုင်ငံ ကာကွယ်ရေးဝန်ကြီးကတော့ သူတို့ဟာ လက်ရှိ သမ္မတ မာဒူရိုအပေါ်မှာ ဆက်လက်သစ္စာစောင့်သိသွားမယ်ဆိုတဲ့အကြောင်း ပြောကြားခဲ့ပါတယ်။ အသက် ၅၆ နှစ်ရှိပြီဖြစ်တဲ့ မာဒူရိုဟာ သမ္မတရာထူးမှ နုတ်ထွက်ရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာ ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဥရောပနိုင်ငံအချို့ရဲ့ တောင်းဆိုမှုကို ပြောင်ပြောင် တင်းတင်းဖီဆန်ထားတဲ့ မာဒူရိုက စပိန် ရုပ်မြင်သံကြားတစ်ခုရဲ့ အင်တာဗျူးမှာ ဘာပြောခဲ့သလဲဆိုရင် သူ့ရဲ့နုတ်ထွက်မှုအတွက်တောင်းဆိုနေတဲ့သူတွေအပေါ် အလျှော့ပေးသွားမှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

တစ်ဖက်မှာလည်း အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနဲ့ များစွာသော လက်တင်အမေရိကနိုင်ငံတွေကပါ နိုင်ငံခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတဲ့ ဂွိုက်ဒိုအနေနဲ့ တပ်မတော်ကိုလည်း စီးပွားရေးကြောင့် နာလန်မထူနိုင်တဲ့ နိုင်ငံကို ကူညီဖို့တိုက်တွန်းပြောကြားလိုက်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံမှာ လူပေါင်း သုံးသိန်းလောက် အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေလိုအပ်နေတယ်လို့ သူက ပြောပါတယ်။

### ဘူးလေးရာ ဖရုံဆင့်

အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင်ဘက်မှာ ရပ်တည်နေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပြင် ဒုသမ္မတ မိုက်ပန့်စ်ကပါ ထပ်လောင်း ပြောကြားခဲ့ပါသေးတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံမှာ လွတ်လပ်မှု ပြန်လည်ရရှိလာတဲ့အထိ အမေရိကန်အစိုးရအနေနဲ့ ဗင်နီဇွဲလားပြည်သူတွေနဲ့အတူ ရပ်တည်သွားမှာဖြစ်ကြောင်း မိုက်ပန့်စ်က ပြောပါတယ်။

နိုင်ငံရေးတင်းမာမှုတွေ တစ်နေ့တခြားမြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိ သမ္မတ နီကိုးလပ်စ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်း မရပါဘူး။

မာဒူရိုလက်ထက်မှာ နိုင်ငံဟာ စီးပွားရေးနဲ့ပတ်သက်ပြီး ယိုယွင်းလာခဲ့ပါတယ်။ စီးပွားရေးယိုယွင်းလာတဲ့ ဗင်နီဇွဲလားနိုင်ငံဟာ ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်အောင်ကြီးလာပြီး အစားအစာတွေနဲ့ ဆေးဝါးတွေလည်း ပြတ်တောက်ခဲ့ပါတယ်။ ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းတွေအပြင် နိုင်ငံတကာ အကူအညီတွေလည်း ပိတ်ဆို့ခံထားရတယ်ဆိုတော့ ဗင်နီဇွဲလားပြည်သူတွေအနေနဲ့ အခုတော့ ဘူးလေးရာ ဖရုံဆင့်ဆိုသလိုပါပဲ။

ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တွေအနေနဲ့လည်း နိုင်ငံရဲ့ အချုပ်အခြာတည်တံ့ခိုင်မြဲရေးကို လက်ကိုင်ပြုထားသလို တစ်ဖက်ကလည်း လူသားချင်းစာနာထောက်ထားမှုကို အကြောင်းပြုနေပါတယ်။ ဒီနောက်ကွယ်မှာတော့ လက်ရှိသမ္မတ မာဒူရိုနဲ့ ဂျူအန်ဂွိုက်ဒိုရဲ့ အားပြိုင်မှုကလည်း ရှိနေပါတယ်။

ထို့အတူ ပြောတဲ့အတိုင်း ဖြစ်မလာပါက အမေရိကန်ကလည်း စစ်ရေးအရ ဝင်ရောက်လာမယ့်သဘောကိုလည်း တွေ့နေရပါတယ်။ ဒီအခြေအနေတွေကို အကောင်းဆုံးဘယ်လိုထိန်းကျောင်းလုပ်ဆောင်သွားမလဲဆိုတာကိုတော့ စောင့်ကြည့်သွားရဦးမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံ

**ဘားအံ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဖေဖော်ဝါရီ ၁၈ ရက်က ဇွဲကပင်ခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နိုင်ငံသားတိုင်း အသက် ၁၈ နှစ်ပြည့်လျှင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး ဆောင်ရွက်ထားကြ စေလိုကြောင်း၊ ကျေးရွာဒေသ ဖွံ့ဖြိုးရေးအတွက် ရေတွင်းရရှိရေး၊ စာသင်ကျောင်းများ ပြင်ဆင်နိုင်ရေးအတွက် တင်ပြတောင်းဆိုကြရန်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ တားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပူပြင်းခြောက်သွေ့သော ရာသီကို ကူးပြောင်းလာပြီ ဖြစ်သောကြောင့် အမှိုက်အစရှိသည်များ သန့်ရှင်းဆောင်ရွက်ထားစေလိုကြောင်း၊ ပွင့်လင်းရာသီတွင် မိမိတို့ဒေသသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်လည်ပတ်ကြသူများ များပြားသောကြောင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားသင့်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စုမှ အုပ်ချုပ်ရေးမှူးများထဲမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြတောင်းဆိုကြရာ ကော့ထော်- တောင်စွန်းလမ်းအတွင်းရှိ တံတားရေကြီးနစ်မြုပ်၍ ကြံ့ခိုင်မှုအားနည်းနေသဖြင့် ဆောင်ရွက်ပေးနိုင်ရေး သာမညကျေးရွာစာသင်ကျောင်းဆောင် တိုးချဲ့ပေးနိုင်ရေး၊ ကော့ရင်းအောက်ကျေးရွာအုပ်စု မရင်းကုန်းကျေးရွာ စာသင်ကျောင်း ကျောင်းဆောင်တိုးချဲ့ပေးနိုင်ရေး၊ ကျုံမသွယ်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာ စာသင်ကျောင်းအတွင်း ရေတွင်းဆောင်ရွက်ပေးနိုင်ရေး၊ ဝဲကြီးကျေးရွာအုပ်စု ဌာနေကုန်းကျေးရွာ ရေရရှိရေး ဆောင်ရွက်ပေးနိုင်ရေးတို့ကို တင်ပြတောင်းဆိုကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ပေးမည်ကို ပြောကြားခဲ့သည်။

**နေမျိုးလွင် (ပြန်/ဆက်)**



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အမှာစကားပြောကြားစဉ်။

# ပဲခူး၌ မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပရန် အလှူငွေလှူဒါန်း

**ပဲခူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်း၌ ယမန်နေ့က ပဲခူးမြို့တွင် ကျင်းပမည့် မွန်အမျိုးသားနေ့ (ဗဟို)အခမ်းအနား ကျင်းပရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးတို့က အလှူငွေကျပ်သိန်း ၁၀၀ နှင့် လှူဒါန်းမှုမှတ်တမ်းတို့ကို ပေးအပ်လှူဒါန်းရာ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံယူသည်။

အဆိုပါ အခမ်းအနားကို ပဲခူးမြို့ ရွှေမော်ဓော အနောက်ဘက်မုခ် ယာဉ်ရပ်နားဝင်း၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကျင်းပရေးကော်မတီဥက္ကဋ္ဌထံ အလှူငွေ ပေးအပ်စဉ်။



သထုံမြို့တွင် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပစဉ်။

# (၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား သထုံ၌ ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်၏(၇၂) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို မရမ်းကုန်းကျေးရွာ ရွှေမာလာဘုရားဝင်းအတွင်း၌ ယနေ့နံနက်က ကျင်းပသည်။

မွန်အမျိုးသားနေ့ကို မွန်တိုင်းရင်းသားတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကား စသည်တို့အား မေ့ပျောက်သွားခြင်းမရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ နိုင်တင်နွယ်က ပြောသည်။

မွန်အမျိုးသားနေ့မှာ သာသနာသက္ကရာဇ် (၁၁၁၆) ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့တွင် သမလနှင့် ဝိမလ ညီနောင်တို့က ဟံသာဝတီမင်းနေပြည်တော်ကြီးအား စတင်တည်ထောင်ခဲ့သည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကာ ကျင်းပခြင်းဖြစ်သည်။

ယင်းနေ့ နံနက် ၇ နာရီမှစတင်ကာ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံနှင့် မွန်အမျိုးသားအလံတော်တို့ကို တက်ရောက်လာသူများက အလေးပြုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံမှပေးပို့သည့် မွန်အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားပြီး ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထွန်းဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ(ဗဟို)မှ ပေးပို့သည့် သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားပြီး မွန်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံကို မွန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှင့်အထက် မွန်တိုင်းရင်းသား သက်ကြီးဘိုးဘွားများအား ကျင်းပရေး ကော်မတီဝင်များက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ခဲ့သော မွန်တိုင်းရင်းသား တိုင်းရင်းသူများအား ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# (၇၁)ကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရိခေါဒါရ် ဖေဖော်ဝါရီ ၂၀**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်လူငယ်များနှင့် ပြည်သူများ ပူးပေါင်းကျင်းပသည့် (၇၁) ကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ရိခေါဒါရ်မြို့ အမှတ် (၁) ရပ်ကွက်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းလူမျိုးများထဲမှ ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့် ဝမ္မသူးမောင်၊ ကြွမ်ဘိခ်၊ လှူရ်မှုန်၊ တိုက်ချွန်း၊ ဟရန်ထီးယို၊ ခိုင်ကမ်းနှင့် ဇာကိုင်တို့၏ အမည်များကို အစွဲပြု၍ စစ်ကြောင်း ခုနစ်ကြောင်းဖွဲ့ကာ ထိုစစ်ကြောင်းများအား စုရပ်ဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ အားကစားကွင်းအထိ ချီတက်ကြသည်။ ထို့နောက် အားကစားကွင်း၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၇၁) ကြိမ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံမှ ပေးပို့သော သဝဏ်လွှာကို ရိခေါဒါရ်မြို့အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဒေးဗစ်က လည်းကောင်း ဖတ်ကြားသည်။ ထို့နောက် ချင်းအမျိုးသားနေ့ သဘာပတိကြီး ဦးလာလ်ချန့်လျန်နာက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းဆွေးနွေးသည်။

(၇၁)ကြိမ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ စသည့်အားကစားပြိုင်ပွဲ သုံးမျိုးကို ဖေဖော်ဝါရီ ၂၁ ရက်မှ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



စစ်ကြောင်းခုနစ်ကြောင်းဖြင့် ချီတက်လာပြီး နိုင်ငံတော်အလံအား အလေးပြုကြစဉ်။

## ရွှေဘို-မြစ်ကြီးနားလမ်း အဆင့်မြှင့်တင်

**ခင်ဦး ဖေဖော်ဝါရီ ၂၀**

ရွှေဘို-မြစ်ကြီးနားလမ်းသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အပိုင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၁၉၇ ဒသမ ၁၄ သန်းဖြင့် ၅ မိုင် ၇ ဒသမ ၅ ဖာလုံကို ၁၂ ပေ အကျယ်မှ ၁၈ ပေ အကျယ် တိုးချဲ့ခင်းခြင်း၊ ၇ လက်မ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ကြည်ကြည်ဝေနှင့် တာဝန်ရှိသူတို့က ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခင်ဦးမြို့နယ်အပိုင်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ၇ မိုင် ၄ ဒသမ ၅ ဖာလုံကို ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်အထိ တိုးချဲ့ခင်းပြီးဖြစ်ကြောင်း၊ ယခုခင်းခြင်းမှာ ၁၈ ပေအကျယ် တိုးချဲ့သည့်အပြင် ထပ်ပိုးလွှာပါ ခင်းခြင်းဖြစ်ကြောင်း ဦးစီးအရာရှိက ပြောသည်။

**စိုးဝေအောင် (ခင်ဦး)**

# နိုင်ငံတကာအဆင့်မီစာသင်ခန်းများနှင့် မိုက်ခရိုကွန်ပျူတာ အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ ဂျွန်ဘုအမျိုးသားတက္ကသိုလ် (Chonbuk National University)မှ နိုင်ငံတကာအဆင့်မီစာသင်ခန်းများနှင့် မိုက်ခရိုကွန်ပျူတာ အဆင့်မြင့်ဓာတ်ခွဲခန်းသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာန၌ ကျင်းပရာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များဖြစ်သော ဒေါက်တာ ဒေါ်နုနုရည်နှင့် ဒေါက်တာ ဒေါ်နေသွယ်ကြည်တို့က အမှာစကားပြောကြားသည်။



ရုက္ခဗေဒဌာနမှ ကျောင်းသား ကျောင်းသူများ သုတေသနခန်းအတွင်း လက်တွေ့ဆောင်ရွက်နေစဉ်။

"ဒီစာသင်ခန်းတွေမှာ အိုင်စီတီ အသုံးပြုပြီးတော့ ကျောင်းသား ကျောင်းသူတွေကို စာသင်ကြားလို့ရတယ်။ ပါဝါပွိုင့်တွေနဲ့သင်မယ်။ ဗီဒီယိုကလစ်တွေနဲ့ သင်ကြားမယ်ဆိုရင် အချိန်တိုအတွင်းမှာ မျက်စိနဲ့လည်း မြင်ပြီးတော့ ထိထိမိမိရှိတာပေါ့။ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ ပိုမို နားလည်သဘောပေါက်သွားမယ်။ သင်ထောက်ကူပစ္စည်းတွေကလည်း ကောင်းတဲ့အခါကျတော့ ကျောင်းသား ကျောင်းသူတွေအတွက် ဆွေးနွေးချိန်တွေ ပိုရလာမှာပါ။ ပုံမှန်သင်ကြားမှုမျိုးထက်စာရင် ထိထိမိမိ ပိုရှိတာပေါ့" ဟု အဆင့်မြင့်စာသင်ခန်းများ အသုံးချနိုင်မှုနှင့် ပတ်သက်၍ ဒေါက်တာ မြတ်မြတ်မိုးက ပြောသည်။

ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာနနှင့် ဂျွန်ဘုအမျိုးသားတက္ကသိုလ် (CBNU) တို့ ပူးပေါင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စမ်းသပ်တီထွင်ခြင်းတို့ကို ၂၀၁၇ ခုနှစ်မှ စ၍ လေးနှစ်တာကာလ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုအတွက် CBNU က ပထမနှစ်တွင် အမေရိကန်ဒေါ်လာ ရှစ်သောင်းကျော်တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ ဒုတိယနှစ်တွင် ဒေါ်လာ ရှစ်သောင်းနီးပါးတန်ဖိုးရှိ နိုင်ငံတကာအဆင့်မီစာသင်ခန်းများနှင့် မိုက်ခရိုကွန်ပျူတာ အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာနသို့ ထောက်ပံ့ကူညီခြင်းဖြစ်ကြောင်း၊ အဆိုပါ တက္ကသိုလ်နှင့်ပူးပေါင်း၍ တစ်သျှူးမျိုးပွားနည်းဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

CBNU မှ ပါမောက္ခ Bang Keuk Soo က ထပ်မံပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ "နောက်ထပ်လည်း နှစ်နှစ်ဆက်တိုက် ပူးပေါင်းလုပ်ဆောင် သွားမှာပါ။ စာကြည့်တိုက်တွေလည်း ထပ်ပြင်ပေးဖို့ရှိသလို အဆောက်အအုံတွေလည်း ထပ်ပြီး ဆောက်ပေးသွားဖို့ရှိ ပါတယ်" ဟု ပြောသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မြန်မာ-ဂျပန် ကျောင်းသား ကျောင်းသူများ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာ-ဂျပန် နှစ်နိုင်ငံသံတမန်ရေးရာ ဆက်ဆံမှုနှစ်(၆၀) ပြည့်ဖြစ်သည့် ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်တည်ထောင်ခဲ့သော International Development Field Camp (IDFC )တွင် မြန်မာ-ဂျပန် နှစ်နိုင်ငံ ကျောင်းသူ ကျောင်းသားများ လေ့လာတွေ့ရှိချက်များ အလုပ်ရုံဆွေးနွေးမှုကို ဖေဖော်ဝါရီ ၁၉ ရက်က ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

International Development Field Camp for Myanmar and Japan Youth Leaders 2019 ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပခြင်းဖြစ်ရာ ယင်းနေ့ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ နှစ်နိုင်ငံတွင် လေ့လာခဲ့ကြသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ ပညာရေးပိုင်းဆိုင်ရာ အကြောင်းအရာများနှင့် လူတန်းစားအားလုံး ပါဝင်နိုင်မည့် ပတ်ဝန်းကျင်တစ်ရပ် နှစ်နိုင်ငံလုံးတွင် ပေါ်ပေါက်လာစေရန် နည်းလမ်းများဆိုင်ရာ အကြောင်းအရာတို့ကို အလုပ်ရုံဆွေးနွေးမှုနှင့် နှစ်နိုင်ငံ ကျောင်းသား ကျောင်းသူများ လေ့လာတွေ့ရှိချက်တို့ကို အပြန်အလှန် မျှဝေဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ Tokyo Metropolition University မှ ကျောင်းသူ Rhio Brie Tan-aka က "ဒီ IDFC Camp တစ်လျှောက်လုံးမှာ မြန်မာကျောင်းသားတွေနဲ့အတူ ပူးပေါင်းလေ့လာတဲ့ အချိန်ဟာ ကျွန်မအတွက် သင်ယူစရာများစွာရရှိခဲ့ပါတယ်။ ပထမဆုံးအကြိမ် မြန်မာကျောင်းသားတွေနဲ့ တွေ့ဆုံရတာဖြစ်သလို ပထမဆုံးမြန်မာပြည်ကို ရောက်ရှိတာပါ။ ကျောင်းကို ပြန်ရောက်ရင်လည်း မိမိတို့ရဲ့အယူအဆ အတွေးအခေါ်တွေကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြသဖို့၊ မျှဝေဖို့လည်း ရှိပါတယ်။ မြန်မာလူငယ်တွေထံက သိရှိရလို့ ကျေနပ်အားရပါတယ်။ ဒီမှာလေ့လာတွေ့ရှိမှုတွေကို ပြန်လည်မျှဝေမှာပါ။ အခုလို နှစ်နိုင်ငံ လေ့လာဆွေးနွေးမှုတွေ လုပ်ဆောင်ခြင်းဟာ နှစ်နိုင်ငံလူငယ်တွေအတွက် အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

**သန်းထိုက်**

# မိုင်းဖြတ်မြို့နယ်၌ ကျေးရွာ ရှစ်ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်



ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးနေစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ချပြရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီပြီး သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်း ရှစ်ခုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အဆိုပါလုပ်ငန်းများသည် မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝ၁၂**

# ပိုက်ကျော်ခြင်းပြိုင်ပွဲ တီးတိန်၌ ကျင်းပ

**တီးတိန် ဖေဖော်ဝါရီ ၂၀**

ချင်းပြည်နယ် တီးတိန်မြို့တွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အလွတ်တန်းပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ယမန်နေ့က တီးတိန်မြို့ ကမ်းဟောက် အားကစားကွင်းရုံ ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၂-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၅ | ကျပ် | ၉၁၅/၉၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၅ | ကျပ် | ၉၃၀/၉၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၇၂၀ | ကျပ် | ၇၅၀/၇၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၄၅/၈၁၀ | ကျပ် | ၈၅၅/၈၇၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ · ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၄ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၁ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၂ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၉ · ၅ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၈၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၂၀၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံနှင့် အယ်လ်နီညို အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

### အယ်လ်နီညိုဖြစ်စဉ်

အယ်လ်နီညို(El-Nino) ဟူသော ဝေါဟာရသည် မြန်မာနိုင်ငံသား အများစုတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသော စကားလုံးဖြစ်သည်။ အကယ်စင်စစ်အားဖြင့် အယ်လ်နီညိုဆိုသည်မှာ သမုဒ္ဒရာအတွင်း လှည့်ပတ်စီးဆင်းနေသော ရေပူစီးကြောင်းကို စပိန်ဘာသာဖြင့် ခေါ်ဝေါ်သော အသုံးအနှုန်းတစ်ခုဖြစ်သည်။ ထိုအသုံးအနှုန်းကို အကြောင်းပြု၍ အီကွေတာနှင့်နီးကပ်သော ပစိဖိတ်သမုဒ္ဒရာရပ်ဝန်းတွင် ပုံမှန်ရှိရမည့် အပူချိန်ထက် မြင့်တက်ကာ ပိုမို ပူနွေးနေခြင်းကို အယ်လ်နီညိုဖြစ်စဉ်ဟု အမည်နာမတပ်ခဲ့ကြခြင်း ဖြစ်သည်။

သမုဒ္ဒရာအတွင်း၌ အယ်လ်နီညို ရေပူစီးကြောင်းများ လှည့်ပတ်စီးဆင်းသည့်အခါ နီးကပ်သောဒေသများတွင် ပုံမှန်မဟုတ်သောဖြစ်ရပ်များနှင့် ကြုံတွေ့ကြရသည်။ ငါး၊ ပုစွန်စသော ရေထွက်သယံဇာတများ ရှားပါးသွားခြင်းနှင့် ဂေဟစနစ်အပေါ် သိသာသောသက်ရောက်မှုများ ဖြစ်ပေါ်ခြင်းစသည်တို့မှသည် မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်ပေါ်ခြင်းနှင့် ရာသီဥတုပြောင်းလဲသွားခြင်းများအထိပင် ဒေသခံတို့ တွေ့ကြုံခံစားကြရသည်။ မိုးရွာသွန်းမှု သိသာစွာ လျော့နည်းသွားခြင်းမှသည် မိုးခေါင်သည်အထိ၊ မုတ်သုံအဝင်နောက်ကျခြင်းမှသည် မုတ်သုံမိုးရွာသွန်းမှု နည်းပါးခြင်းအထိ၊ မိုးလယ်ကာလတွင် မိုးရေချိန်ပမာဏ လျော့နည်းခြင်းမှသည် မုတ်သုံအထွက်စောခြင်းအထိ ကြုံတွေ့ကြရသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများမှစ၍ တစ်နံတစ်လျားကျယ်ပြန့်စွာတည်ရှိနေကြသော လုပ်ငန်းကိစ္စအဝဝတို့အပေါ် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကျရောက်လာစေသည်။

အယ်လ်နီညိုဖြစ်စဉ်၏ အဖျက်စွမ်းအားကြောင့် တွေ့ကြုံလာရနိုင်ဖွယ်ရှိသော ဘေးဒုက္ခများမှာ ကြီးမား ကျယ်ပြန့်လှသည်ဖြစ်၍ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်ခဲ့သည့်နှစ်တို့ကို အယ်လ်နီညိုနှစ်ဟူ၍ပင် ခေါ်ဝေါ် သမုတ်လာခဲ့ကြသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့ ကုန်းမြေနှင့် လေထု၊ ရေထုတို့ အပြန်အလှန် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေခြင်း၏ သဘာဝဖြစ်စဉ်တစ်ခုသာလျှင် ဖြစ်သည်။ သာမန်အားဖြင့် အယ်လ်နီညိုဖြစ်စဉ်သည် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာ ဖြစ်ပေါ်တတ်သော်လည်း ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကာလအတွင်း ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ် စုစုပေါင်း ၁၁ ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည်မှာ ထိတ်လန့်ဖွယ်ကောင်းလှသည်။

အဆိုပါဖြစ်စဉ်များအနက် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် နှစ်နှစ်ဆက် ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုကာလ၏ဖြစ်စဉ်သည် အဆိုးရွားဆုံးဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့သည်။ စိုက်ပျိုးမြေ ဧကပေါင်း ၅၆ သန်းကို ထိခိုက်စေပြီး လူပေါင်း ၂၄၀၀၀ ကို သေဆုံးစေကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ထရီလီယံကျော်အထိ ရှိခဲ့သည်။

### အယ်လ်နီညိုနှင့် မြန်မာနိုင်ငံ

အယ်လ်နီညိုဖြစ်စဉ်သည် ရာသီဥတု အခြေအနေများကို ဖောက်လွဲဖောက်ပြန် ဖြစ်ပေါ်စေသည်ဖြစ်၍ အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွက်လည်း အလေးဂရုပြုရမည့် ဖြစ်စဉ်ကြီးတစ်ခုဟု ဆိုရပေမည်။ စံချိန်တင် အယ်လ်နီညိုနှစ်သည် မြန်မာနိုင်ငံအတွက် ၁၉၉၇ ခုနှစ် ဇွန်လမှ ၁၉၉၈ ခုနှစ် မေလအထိ တစ်နှစ်တိတိ ဖြစ်ပေါ်ခဲ့ပြီး မြို့ ၁၅ မြို့၌ မိုးရေချိန်ရရှိမှုအနည်းဆုံး စံချိန်တင်ခဲ့ကာ မြို့ ၁၈ မြို့၌လည်း အပူချိန်အမြင့်မားဆုံး စံချိန်တင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းကလည်း အီကွေတာနှင့်နီးကပ်သော အရှေ့ဇုံဟု အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ၏ ရေပြင်အပူချိန်မှာ သိသာစွာ မြင့်တက်ခဲ့သည်။ ထိုသို့သော အပူချိန်မြင့်တက်မှုကြောင့် ၂၀၁၅ ဒီဇင်ဘာလမှ ၂၀၁၆ ဖေဖော်ဝါရီလအတွင်း ရေပြင်၏ ပျမ်းမျှအပူချိန်သည် အယ်လ်နီညိုဖြစ်စဉ်အဆင့်အထိ ရောက်ရှိအောင်ပင် ပူနွေးလာနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ကြိုတင်ခန့်မှန်း ထားခဲ့သည်။

အကယ်၍ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်လာမည်ဆိုပါကလည်း ၁၉၅၀ ပြည့်နှစ်မှစ၍ ၂၀၁၅ ခုနှစ်မတိုင်မီအတွင်း ကာလများက ဖြစ်ပေါ်ခဲ့သည့် အယ်လ်နီညိုဖြစ်စဉ်များထဲမှ ထူးခြားပြင်းထန်သော ၁၉၇၂-၁၉၇၃ အယ်လ်နီညို၊ ၁၉၈၂-၁၉၈၃ အယ်လ်နီညိုနှင့် ၁၉၉၇-၁၉၉၈ အယ်လ်နီညိုတို့ထက်ပင် ပို၍ အားကောင်းလာနိုင်ကြောင်း သုံးသပ်ခန့်မှန်း တွက်ချက်ပေးခဲ့ကြသည်။

### အယ်လ်နီညို အကျိုးသက်ရောက်မှု

ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ ရေထုတို့သည် အပြန်အလှန် အမှီသဟဲပြုပြီး ကျိုးကြောင်းဆက်စပ်လျက် ရှိနေကြသည့် အားလျော်စွာ အယ်လ်နီညိုဖြစ်စဉ်ပေါ်ပေါက်သည့်နှစ်များတွင် ပင်လယ်ရေမျက်နှာပြင်ပေါ်၌ လေစီးကြောင်းများ လှည့်ပတ်တိုက်ခတ်မှုပုံစံ ပြောင်းလဲသွားသည်နှင့်တစ်ပြိုင်နက် ကုန်းမြေပေါ်ရှိ မိုးလေဝသအခြေအနေကလည်း ယိုယွင်းလာကာ ရာသီဥတုကလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။

ကောင်းကင်ယံတွင် တိမ်ဖြူတိမ်တိုက်များ ကင်းစင်သွားကာ နေ့အခါ အလွန်ပူပြင်းပြီး ခြောက်သွေ့နေမှုကြောင့် လေပူများသည် အထက်သို့ တက်ရောက်ကုန်သည်။ ထိုအခါ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ပြီး ထိုရပ်ဝန်းသို့ ဖိအားများသော လေထုက အလုံးအရင်းနှင့် ဝင်ရောက်နေရာယူ တိုက်ခတ်မှုကြောင့် အပူပိုင်းမုန်တိုင်းများ ဖြစ်ပေါ်လာသည်။

ထို့အတူ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အထက်လွှာလေထု၏ လှည့်ပတ်တိုက်ခတ်သည့်ပုံစံ ပြောင်းလဲသွားကာ ပုံမှန်အားဖြင့် မိုးကောင်းသည့် အရပ်ဒေသများ၌ မိုးနည်းခြင်းနှင့် မိုးခေါင်မှုများကို ဖြစ်ပေါ်လာစေသလို မူလက မိုးနည်းသည့်ဒေသများတွင်လည်း မိုးရေချိန် အများအပြားရွာသွန်းမှုကို ဖြစ်ပေါ်စေကာ ရေကြီးရေလျှံမှုများကိုပါ ဆက်စပ်၍ ဖြစ်စေနိုင်သည်။



မြန်မာနိုင်ငံတွင် အယ်လ်နီညိုရာသီဥတု ကြုံတွေ့ခဲ့ရသည့် ၂၀၁၆ ခုနှစ်က ခရမ်းမြို့နယ်မှ ပြည်သူများအား ရဲတပ်ဖွဲ့က သောက်သုံးရေများ လှူဒါန်းခဲ့စဉ်။

အယ်လ်နီညိုနှစ် တစ်နှစ်စာကို ပိုင်းခြားဆန်းစစ်ကြည့်မည်ဆိုပါက ပထမလေးလတွင် အားကောင်းပြီး ဒုတိယ လေးလတွင် အားပျော့သွားလေ့ရှိသည်ကို တွေ့ရှိရမည် ဖြစ်သည်။ ကမ္ဘာ့ရာသီဥတု မှတ်တမ်းများအရ ဖြစ်ပေါ်ခဲ့ပြီးသမျှသော အယ်လ်နီညိုဖြစ်စဉ်စုစုပေါင်း၏ ထက်ဝက်သည် အားပျော့သွားပြီးနောက်ပိုင်း၌ ပုံမှန်ရာသီဥတုအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြသည်။ ၄၀ ရာခိုင်နှုန်းကမူ အယ်လ်နီညိုဖြစ်စဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော လာနီညာ(La-Nina) ဖြစ်စဉ်သို့ ပြောင်းလဲသွားကာ ကျန်သော ၁၀ ရာခိုင်နှုန်းမှာမူ အားပျော့ချိန်ရောက်ခါမှ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးရေချိန် လျော့နည်းသွားခြင်း၊ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း စသည့် အားကောင်းသော အယ်လ်နီညိုရာသီဥတု၏အစွမ်းကို ပြသကြသည်။

မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်းဒေသ နိုင်ငံများ၌ အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရပါက အကျိုးသက်ရောက်မှုများအဖြစ် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ သောက်ရေ သုံးရေများ ရှားပါးပြတ်လပ်ခြင်း၊ မြစ်ချောင်း အင်းအိုင်များတွင် ပုံမှန်ရှိမြဲထက် ရေပမာဏလျော့နည်းခြင်းများကို ကြုံတွေ့ကြရနိုင်ပြီး ထိုမှ ဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်း ထုတ်လုပ်ရေး၊ ရေကြောင်းသွားလာရေး၊ ရေဖြန့်ဝေမှု၊ ရေအားလျှပ်စစ် ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း စသည်တို့နှင့်အတူ ကျန်းမာရေးပြဿနာများကိုပါ ရင်ဆိုင်ကြရဖွယ်ရှိနေကြသည်။

### အယ်လ်နီညိုကို ရင်ဆိုင်ရန်

အယ်လ်နီညိုဖြစ်စဉ်ကို အကောင်းဆုံး ရင်ဆိုင်ရမည့် နည်းလမ်းများအနက် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးရေ စသော ရေသယံဇာတများကို အလေအလွင့်မရှိအောင် စနစ်တကျ၊ စည်းကမ်းတကျ နည်းလမ်းမှန်မှန်ဖြင့် စီမံခန့်ခွဲခြင်းမှာ အထူးပင် အရေးကြီးသည်။ ဆည်နှင့် တမံများ၊ ရေလှောင်ကန်ကြီးများအတွင်းရှိ ရေများကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်း၊ အလေအလွင့်မရှိအောင် နေ့ညမပြတ် ဂရုပြု၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြင့်မားသည့်အပူရှိန်ကြောင့် ရေများ အငွေ့ပျံဆုံးရှုံးရသည့် ပမာဏ လျော့ပါးသက်သာစေသောနည်းလမ်းများကို အသုံးချခြင်း၊ ညစ်ညမ်းသောရေများနှင့် ဓာတုအဆိပ်ပျော်ဝင်နေသော ရေများ စီးဝင်လာခြင်းမရှိစေရန် ခေတ်သစ်နည်းလမ်းများဖြင့် ကာကွယ်တားဆီးခြင်း စသည်တို့ကို မလွှဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့အတူ မြစ်ချောင်းအင်းအိုင်နှင့် ဆည်တမံများအတွင်းရှိ ရေများကို သောက်ရေနှင့် ချက်ပြုတ် လျှော်ဖွတ်နိုင်သော ရေများအဖြစ်သို့ ဓာတုနည်းစဉ်(Chemical Process)များ သုံးကာ သန့်စင်ခြင်း၊ သုံးရေကိုပင် အဆင့်ဆင့် အကျိုးရှိအောင်သုံးစွဲခြင်း(ဥပမာ-သုံးပြီးသောရေနှင့် ချိုးပြီးသောရေများကို သစ်ပင်ပန်းမန်နှင့် ကောက်ပဲသီးနှံပင်များသို့ လောင်းခြင်း၊ မွေးမြူရေးလုပ်ငန်း၌ သုံးစွဲခြင်းနှင့် မြေပြင်သန့်ရှင်းရေးအတွက် အသုံးပြုခြင်း)၊ ရေအရင်းအမြစ်မှန်သမျှကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေကို ဖြုန်းတီးခြင်းနှင့် ပြုန်းတီးစေခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ လိုအပ်ပါက ရေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ အသုံးပြုနေကြသော နည်းပညာတစ်ခုဖြစ်သည့် လေထုထဲရှိ ရေငွေ့များကို စုဝေးသိပ်သည်းစေကာ တိမ်ဖြူများအဖြစ် ဖန်တီးဖြစ်ပေါ်စေသော နည်းလမ်းမျိုးကိုပင် အသုံးချကြရမည်ဖြစ်သည်။ တိမ်ဖြူများ စုဝေးဖြစ်ပေါ်လာခြင်းဖြင့် မြေပြင်နှင့်ကပ်လျက်ရှိနေသော လေထု၏ အပူရှိန်ကို လျော့ကျသွားစေကာ ပူပြင်းခြောက်သွေ့မှုကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချပေးနိုင်မည် ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်နှင့် ရင်ဆိုင်ကြုံတွေ့ရသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအနေဖြင့် ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ကောက်ပဲသီးနှံများကိုသာ ရွေးချယ်စိုက်ပျိုးကြရန် တာဝန်ရှိသူတို့က အကြံပြုတိုက်တွန်းသင့်ကြသည်။ မျိုးစေ့ကြဲပက်သည့်အချိန်နှင့် ရိတ်သိမ်းချိန်များကိုလည်း သတ်မှတ်ထုတ်ပြန်ပေးထားရန် လိုအပ်ပြီး လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ထိရောက်သော နည်းလမ်းကောင်းများဖြင့်လည်း ပံ့ပိုး ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

### အယ်လ်နီညိုနှင့် ကျန်းမာရေး

အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာသည့်အခါ ပူပြင်းခြောက်သွေ့မှု လွန်ကဲခြင်းကြောင့် အပူလျှပ်ခြင်းနှင့် အပူဒဏ်ကြောင့် သတိလစ် မေ့မြောခြင်းများကို ခံစားကြရလေ့ရှိသည်။ ထိုသို့ ခံစားကြရသူများအနက် အချို့မှာ ဆေးကုသဌာနများသို့ အချိန်မီ ရောက်မလာခြင်းကြောင့်လည်းကောင်း၊ ရောက်လာသည့်တိုင် ရောဂါအခြေအနေ ပြင်းထန်လွန်းသောကြောင့်လည်းကောင်း အသက်ဆုံးရှုံးကြရလေ့ ရှိသည်။

လူတို့၏ခန္ဓာကိုယ်တွင်း၌ သဘာဝအလျောက် ရှိနေသော ဇီဝရေဟုခေါ်ဆိုသည့် ကိုယ်တွင်းရေများသည် ခန္ဓာကိုယ်၏ အပူချိန်ကို ပြင်ပအပူချိန်နှင့် လိုက်လျောညီထွေဖြစ်အောင် ထိန်းညှိပေးလျက်ရှိကြရာ သာမန်အားဖြင့် ပြင်ပအပူချိန်နှင့် ခန္ဓာကိုယ်တွင်းအပူချိန်တို့ ကွာဟလာသည့်တိုင် လူ့ခန္ဓာကိုယ်သည် ချက်ချင်းဆိုသလို ပူလိုက်အေးလိုက်ဖြစ်ပေါ်ခြင်း မရှိနိုင်တော့ပေ။ သို့ရာတွင် ပြင်ပအပူချိန်က အဆမတန် မြင့်တက်လာသည့်အခါ ဇီဝရေဖြင့် အပူချိန်ထိန်းညှိသည့်စနစ်လည်း ပျက်ယွင်းလာပြီး ခန္ဓာကိုယ်အပူချိန်ကပါ လိုက်၍ မြင့်တက်လာသည်။

ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၄ ဒီဂရီဖာရင်ဟိုက်အထိပင် မြင့်တက်လာနိုင်ပြီး ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်လာစေသည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်လျော့နည်းသွားခြင်းနှင့် ဓာတ်ဆားများ၏ အချိုးအစား ပြောင်းလဲသွားခြင်းကြောင့် ချွေး လုံးဝမထွက်တော့ခြင်း၊ အလွန် ပင်ပန်းနွမ်းနယ်လာခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ် မေ့မြောသွားခြင်းများ ဖြစ်ပွားလာနိုင်ပြီး အချိန်မီ ကုသမှုမခံယူနိုင်ပါက အသက်ဆုံးရှုံးရသည်အထိပင် ဖြစ်ပွားနိုင်ဖွယ်ရှိသည်။

ယင်းကဲ့သို့ အပူဒဏ်လွန်ကဲမှုကို ခံစားကြရနိုင်သည့်အထဲတွင် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါ ရှိသူများ၊ နေရောင်ထဲ၌ အလုပ်လုပ်နေကြသော ကာယလုပ်သားများ စသည်တို့သည် ရောဂါကို ခံစားရနိုင်ခြေ ပို၍ရှိနေကြသည်။ ထို့အပြင် အရက်သေစာသောက်စားထားသူများသည်လည်း အပူဒဏ်ကို ပိုမို ခံစားကြရလိမ့်မည်ဖြစ်သလို အပူဒဏ်ကြောင့်ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများကိုလည်း သာမန်လူများထက် ပိုမိုကြုံတွေ့ကြရလိမ့်မည် ဖြစ်သည်။

သို့ဖြစ်၍ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ရောဂါဝေဒနာအမျိုးမျိုးကို ခံစားနေကြရသူများသည် မွန်းတည့်ချိန်နှင့် မွန်းလွဲပိုင်းအချိန်များတွင် အရိပ်အာဝါသကောင်းသော နေရာများ၊ လေဝင်လေထွက်ကောင်းသော နေရာများ၊ လေထုတ်ပန်ကာ တပ်ဆင်ထားသော နေရာများနှင့် လေအေးပေးစက်တပ်ဆင်ထားသော နေရာများ၌သာ နေထိုင်ကြရန် လိုအပ်သည်။

ထို့အတူ ကာယလုပ်သားများအနေဖြင့်လည်း ပြင်းထန်သောနေရောင်၏အောက်၌ အလုပ်လုပ်ခြင်းမျိုးကို ရှောင်ကြဉ်သင့်ကြသလို အားကစားသမားများအနေဖြင့်လည်း ပြင်းထန်သော လေ့ကျင့်ခန်းများ၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းမျိုးကို ရှောင်ရှားကြရမည်ဖြစ်သည်။ အလားတူပင် အများပြည်သူအားလုံးသည်လည်း ပူပြင်းသော မွန်းတည့်ချိန်နှင့် မွန်းလွဲချိန်များတွင် မြစ်ကမ်းဘေး၊ ချောင်းကမ်းပါးများနှင့် ရေချိုးဆိပ်များ၌ ရေချိုးခြင်းများကို လုံးဝ ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်းဒေသ နိုင်ငံများ၌ အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရပါက အကျိုးသက်ရောက်မှုများအဖြစ် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ သောက်ရေ သုံးရေများ ရှားပါးပြတ်လပ်ခြင်း၊ မြစ်ချောင်း အင်းအိုင်များတွင် ပုံမှန်ရှိမြဲထက် ရေပမာဏလျော့နည်းခြင်းများကို ကြုံတွေ့ကြရနိုင်ပြီး ထိုမှ ဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်း ထုတ်လုပ်ရေး၊ ရေကြောင်းသွားလာရေး၊ ရေဖြန့်ဝေမှု၊ ရေအားလျှပ်စစ် ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း စသည်တို့နှင့်အတူ ကျန်းမာရေးပြဿနာများကိုပါ ရင်ဆိုင်ကြရဖွယ်ရှိနေကြသည်။ အယ်လ်နီညိုဖြစ်စဉ်ကို အကောင်းဆုံးရင်ဆိုင်ရမည့် နည်းလမ်းများအနက် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးရေ စသော ရေသယံဇာတများကို အလေအလွင့်မရှိအောင် စနစ်တကျ၊ စည်းကမ်းတကျ နည်းလမ်းမှန်မှန်ဖြင့် စီမံခန့်ခွဲခြင်းမှာ အထူးပင် အရေးကြီးသည်။**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လည်း မကြာမီအထမြောက်လာမှာဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အားလုံး တစ်စုတစ်စည်းတည်းဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမယ်လို့ မျှော်လင့်ပါတယ်

**နီပေါသံအမတ်ကြီး Mr. Bhim Udas**

## ဘာသာပြန်ဆိုသူ - ဒေါက်တာသာစိန်

**ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Udas နှင့် တွေ့ဆုံမေးမြန်းမှုကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**



နီပေါသံအမတ်ကြီး Mr. Bhim Udas

*ယမန်နေ့မှအဆက်*

**မေး ။ နီပေါနိုင်ငံဟာ ဗုဒ္ဓရဲ့ မွေးဖွားရာနေရာဖြစ်တဲ့အတွက် မြန်မာခရီးသွားတွေ အထူးစိတ်ဝင်စားကြပါတယ်။ အရင်က နီပေါနဲ့ မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်း ရှိခဲ့တယ်လို့ သိရပါတယ်။ နီပေါနိုင်ငံအစိုးရအနေနဲ့ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် နီပေါနဲ့ မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်း ပြန်လည်စတင်ဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ ။ ဒီမေးခွန်းအတွက် ကျေးဇူးတင်ပါတယ်။ ၁၉၇၀ ပြည့်နှစ်များက ရန်ကုန်နဲ့ ခတ္တမန္တုအကြား တိုက်ရိုက်လေကြောင်းလိုင်းရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းပဋိပက္ခနဲ့ ဒီမိုကရေစီလှုပ်ရှားမှုတွေကြောင့် ရပ်စဲခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ရန်ကုန်နဲ့ ခတ္တမန္တုအကြား ဟိမဝန္တာလေကြောင်းလိုင်း စတင်ပျံသန်းခဲ့သော်လည်း အချိန်ကြာအောင် ပျံသန်းနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီလိုအခက်အခဲတွေရှိနေသည့်တိုင် ပြီးခဲ့တဲ့နှစ်က နီပေါနိုင်ငံကိုလာရောက်တဲ့ ဘုရားဖူးဧည့်သည် သုံးသောင်းကျော် ရှိခဲ့ပါတယ်။

ခရီးသွားတွေဟာ ငွေကုန်ကြေးကျနည်းပြီး အချိန်တိုအတွင်း မြန်ဆန်စွာရောက်ရှိနိုင်တဲ့ ခရီးစဉ်ကို နှစ်သက်ကြပါတယ်။ ရန်ကုန်နဲ့ ခတ္တမန္တုအကြား တိုက်ရိုက်ပျံသန်းရင် ၂ နာရီခွဲသာကြာပြီး ဈေးနှုန်းလည်း ချိုသာပါတယ်။ အခုတော့ ခရီးသည်တွေဟာ ၆ နာရီကနေ ၁၂ နာရီကြာအောင် ဗန်ကောက်ကနေ (သို့မဟုတ်) ကွာလာလမ်ပူကနေတစ်ဆင့် သွားရတဲ့အတွက် အကုန်အကျလည်းများသလို အဆင်ပြေမှုလည်း မရှိကြပါဘူး။

သို့သော်လည်း မြန်မာနိုင်ငံက ဘုရားဖူးတွေဟာ ရန်ကုန်ကနေ ဗုဒ္ဓဂယာကို စင်းလုံးငှားလေယာဉ်နဲ့ သွားကြပြီး အဲဒီကနေတစ်ဆင့် လုမ္ဗိနီကို ကုန်းလမ်းခရီးနဲ့ သွားခဲ့ကြပါတယ်။ လုမ္ဗိနီမှာ တရားထိုင်ဖို့အချိန် ပိုရလာခဲ့ကြပါတယ်။ လောလောဆယ်မှာတော့ ဒီနည်းလမ်းကို ရွေးချယ်လို့ မရသေးပါဘူး။ အခုနှစ် စက်တင်ဘာလကစပြီး လုမ္ဗိနီမှာ ဂေါတမဗုဒ္ဓ နိုင်ငံတကာလေဆိပ် ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ဘုရားဖူးတွေဟာ ရန်ကုန် (သို့မဟုတ်) မန္တလေးကနေ လုမ္ဗိနီကို လေယာဉ်နဲ့ ကုန်ကျစရိတ်နည်းပါးစွာနဲ့ ရောက်ရှိလာနိုင်ပြီး လုမ္ဗိနီမှာ လည်ပတ်ချိန်ပိုရကြမှာ ဖြစ်ပါတယ်။

တိုက်ရိုက်လေကြောင်းပျံသန်းရေးနဲ့ ပတ်သက်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခတ္တမန္တုကို ရောက်ရှိလာစဉ်တုန်းက ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်ဟာ နီပေါခရီးသွားနှစ်ဖြစ်တဲ့အတွက် မြန်မာကနေ လုမ္ဗိနီကို စင်းလုံးငှားလေယာဉ်ပျံသန်းလိုက်ခြင်းက လတ်တလောဖြေရှင်းနည်းတစ်ခု ဖြစ်လာဖို့ရှိပါတယ်။

**မေး ။ မြန်မာနိုင်ငံက ခေါင်းဆောင်တွေလည်း နီပေါနိုင်ငံကို မကြာသေးမီက သွားရောက်လည်ပတ်မှု ရှိခဲ့ပါတယ်။ သံအမတ်ကြီးအနေနဲ့ မြန်မာနဲ့ နီပေါနှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေနဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အကြံပြုစရာတွေ ရှိပါသလား။**

ဖြေ ။ မှန်ပါတယ်။ ၂၀၁၇ ဒီဇင်ဘာလကနေ ၂၀၁၈ ဒီဇင်ဘာလထိ အဆင့်မြင့်အရာရှိတွေ အပြန်အလှန်လည်ပတ်မှု လေးကြိမ်ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်ကတော့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၈ ခုနှစ် ဩဂုတ်လက လာရောက်လည်ပတ်ခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလက လာရောက်လည်ပတ်ခဲ့ပါတယ်။ ထို့နည်းတူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့ပါတယ်။ ဒါကြောင့်မို့လည်း နီပေါတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ရာဂျင်ဒရာချက်ထရီက ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ခြင်း ဖြစ်ပါတယ်။ အပြန်အလှန် လည်ပတ်မှုအားလုံးဟာ မြန်မာနဲ့ နီပေါနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းမှတ်တိုင်ဖြစ်ခဲ့ပါတယ်။

အပြန်အလှန်လည်ပတ်ကြတဲ့အတွက် နှစ်နိုင်ငံကြား ကုန်သွယ်ရေး သိသိသာသာ မြင့်မားလာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က မြန်မာက နီပေါဘက်ကို ပဲမျိုးစုံတန်ချိန် ၇၀၀၀၀ ခန့် တင်ပို့ခဲ့ပါတယ်။ ပဲမျိုးစုံအပြင် အထပ်သားနဲ့ သစ်သားပစ္စည်းများကိုလည်း တင်ပို့လျက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ခတ္တမန္တုမှာ ကျင်းပတဲ့ နိုင်ငံတကာကုန်စည်ပြပွဲမှာလည်း မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ပါဝင်ပြသခဲ့ပါတယ်။ ငါးနဲ့ ပုစွန်တွေကလည်း နီပေါနိုင်ငံမှာ အရောင်းသွက်တဲ့ ရေထွက်ပစ္စည်းတွေဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါနိုင်ငံကို အလည်အပတ်မလာရောက်မီ ၂၀၁၈ ခုနှစ် ဩဂုတ်လ စောစောပိုင်းက မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ နီပေါနိုင်ငံကို လာရောက်ခဲ့ပါသေးတယ်။ ထိုနည်းတူ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု မြှင့်တင်ရေးအတွက် နီပေါစီးပွားရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အခုနှစ်မှာ မြန်မာနိုင်ငံကို လာရောက်ဖို့ရှိပါတယ်။ နီပေါနိုင်ငံက စိတ်ဝင်စားဖွယ်ပစ္စည်းတွေကတော့ လက်ရက်ကော်ဇောများ၊ ဆေးဖက်ဝင်အပင်များ၊ လက်မှုပညာပစ္စည်းများ ဖြစ်ပါတယ်။

နှစ်နိုင်ငံအနေနဲ့ ကုန်သွယ်မှုတိုးမြှင့်မယ်ဆိုရင် အခွင့်အလမ်းများစွာ ရရှိလာကြမှာဖြစ်ပါတယ်။ ကုန်သွယ်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ အိန္ဒိယအစိုးရနဲ့ မကြာသေးမီက သဘောတူညီချက်အရ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားနဲ့ ဝိသာခါပတ်နမ်မြို့မှ နီပေါနိုင်ငံ ဘာဂူနာဆိပ်ကမ်းသို့ ကုန်သေတ္တာတိုက်ရိုက်တင်ပို့နိုင်ခဲ့တဲ့အတွက် ဒီအစီအစဉ်ကနေ မြန်မာကုန်သည်များအတွက်လည်း အချိန်ကုန်၊ ငွေကုန် သက်သာလာတော့မှာပဲ ဖြစ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာ နီပေါနွယ်ဖွား မြန်မာနိုင်ငံသားတွေ အထိုက်အလျောက် ရှိနေပါတယ်။ သူတို့တွေအတွက် သတင်းစကားပါးပေးစေလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံမှာနေထိုင်တဲ့ နီပေါနွယ်ဖွား မြန်မာနိုင်ငံသား တစ်သိန်းငါးသောင်းခန့်ရှိပါတယ်။ နီပေါတွေဟာ ၁၈၈၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံထဲကို ပထမဆုံးအကြိမ် ဝင်ရောက်လာခဲ့ကြတဲ့မှတ်တမ်းတွေ ရှိခဲ့ပါတယ်။ သူတို့ထဲက တော်တော်များများဟာ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အဲဒီထဲက အချို့ကတော့ ဒီနိုင်ငံမှာပဲ အသက်ပေးသွားခဲ့ကြပါတယ်။

အခုအချိန်မှာတော့ အခြားတိုင်းရင်းသားများနဲ့အတူ မြန်မာနိုင်ငံသားတွေအဖြစ် အတူတကွ အေးချမ်းစွာရှိနေကြပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေမှာ ပါဝင်လျက်ရှိပါတယ်။ တစ်ပါးသူရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ ကိုးကွယ်ရာဘာသာကို အလေးအမြတ်ထားသလို သူတို့ရဲ့ ဘာသာ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကိုလည်း ထိန်းသိမ်းခဲ့ကြပါတယ်။

သူတို့ဆီကို ပေးပို့ချင်တဲ့ သတင်းစကားကတော့ မြန်မာနိုင်ငံဟာ သူတို့ရဲ့အမိမြေဖြစ်သလို နီပေါနိုင်ငံဟာလည်း သူတို့ရဲ့ အဖမြေဖြစ်တယ်ဆိုတာကိုလည်း သတိရစေချင်တယ်။ ထို့အတူ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပြည်သူအချင်းချင်း ဆက်ဆံရေး မြှင့်တင်ရာမှာ အပြုသဘောနဲ့ ပါဝင်ကြဖို့နဲ့ မြန်မာနိုင်ငံက သူတို့ရဲ့ ဘိုးဘွားတွေပြသခဲ့တဲ့ ရဲရင့်မှု၊ သစ္စာရှိမှုနဲ့ ရိုးသားဖြောင့်မတ်မှုတွေကို အမြဲသတိရကြဖို့ဆိုတဲ့ သတင်းစကားပါပဲ။

**မေး ။ နောက်ဆုံးမေးခွန်းကတော့ မြန်မာနိုင်ငံမှာ သံအမတ်ကြီး နေထိုင်လုပ်ကိုင်ရတာနဲ့ပတ်သက်ပြီး ဘယ်ဟာကို အကြိုက်ဆုံးဖြစ်ပါသလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံကို ကြိုက်နှစ်သက်တဲ့အတွက် နောက်ထပ်တစ်ခေါက်ပြန်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အစိုးရက ဒီတာဝန်ပေးလိုက်တဲ့အပေါ် ကျွန်တော့်အနေနဲ့ အလွန်ပျော်ခဲ့ရပါတယ်။ မြန်မာနိုင်ငံသားတွေဟာ ရိုးသားကြတယ်၊ မော်ကြွားမှု မရှိဘူး၊ ထူးကဲကြပါတယ်။ မြန်မာနိုင်ငံသားနဲ့ ကျွန်တော်တို့တစ်တွေဟာ ဘာသာတူ၊ ယဉ်ကျေးမှုတူ၊ နေထိုင်စားသောက်မှုလည်း တူကြပါတယ်။ ခင်ဗျားတို့နီပေါကို သွားရောက်လည်ပတ်မယ်ဆိုရင် နီပေါနိုင်ငံသားတွေက သူတို့နိုင်ငံသားတစ်ဦးအဖြစ် မှတ်ယူမှာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက လှပတဲ့ နေရာဒေသ တော်တော်များများကို ကျွန်တော်မရောက်ခဲ့သေးပါဘူး။ မြန်မာနိုင်ငံမြောက်ပိုင်းက အင်းတော်ကြီးနဲ့ တောင်ပိုင်းက ပင်လယ်ကမ်းခြေဒေသတွေအပါအဝင် လှပတဲ့ ဒေသတွေကို သွားရောက်လည်ပတ်ဖို့ ရည်မှန်းထားပါတယ်။ နီပေါမှာဆိုရင်တော့ ပင်လယ်ကမ်းခြေကို တွေ့ရဖို့ မလွယ်ပါဘူး။

**မေး ။ မြန်မာပြည်သူတွေကို ထပ်မံပြောကြားချင်တဲ့စကားတွေ ရှိပါသလား။**

ဖြေ ။ မြန်မာပြည်သူတွေအတွက် ဆုမွန်ကောင်း တောင်းပေးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လည်း မကြာမီအထမြောက်လာမှာဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အားလုံး တစ်စုတစ်စည်းတည်းဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမယ်လို့ မျှော်လင့်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလည်း ချောချောမောမော တည်တည်တံ့တံ့ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာပြည်သူတွေဟာ ကမ္ဘာပေါ်မှာ အလှူအတန်းအများဆုံးလုပ်တဲ့သူတွေဖြစ်တဲ့အတွက် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ထိုက်တန်တဲ့သူတွေပါ။ မြန်မာနိုင်ငံမှာ အလှူအတန်းတွေ များပြားနေခြင်းဟာ မြန်မာပြည်သူတွေရဲ့ သဒ္ဓါတရား အားကောင်းမှုကို ပြသနေတာပဲ ဖြစ်ပါတယ်။ မြန်မာပြည်သူတွေကို ကျွန်တော်ချီးကျူးပါတယ်။ ။

> **"အခုအချိန်မှာတော့ အခြားတိုင်းရင်းသားများနဲ့အတူ မြန်မာနိုင်ငံသားတွေအဖြစ် အတူတကွ အေးချမ်းစွာရှိနေကြပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေမှာ ပါဝင်လျက်ရှိပါတယ်။ တစ်ပါးသူရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနဲ့ ကိုးကွယ်ရာဘာသာကို အလေးအမြတ်ထားသလို သူတို့ရဲ့ ဘာသာ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကိုလည်း ထိန်းသိမ်းခဲ့ကြပါတယ်"**

# ဘုတလင်း-ရေဦး-ခင်ဦး ကားလမ်းပေါ်ရှိ မူးမြစ်ကူးတံတား(ရေဦး)အား တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်-ရေဦး-ခင်ဦးမော်တော်ကားလမ်းတွင် ရေဦးရှိ မူးမြစ်ပေါ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် ရထားလမ်းတံတားကို ရထားနှင့် ကားများ၊ ဆိုင်ကယ်များပါ မောင်းနှင်သွားလာအသုံးပြုနေရသဖြင့် ကားလမ်းပိတ်ဆို့မှု၊ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေရသည်။ ယင်းကိစ္စများကို ဖြေရှင်းပေးမည့် မူးမြစ်ကူးတံတား(ရေဦး)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားမှာ အရှည်ပေ ၂၁၂၅ ပေ၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၄ ပေ၊ အကျယ် ပေ ၈၀၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ ကိုယ်ထည်သံကူကွန်ကရစ်ကမ်းကပ်ခုံ အပေါ်ထည်ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

ယခု တည်ဆောက်နေသည့် တံတားကြီးပြီးသွားလျှင် တံတားပေါ်ဖြတ်၍ တစ်ဖက်တွင် ရေဦး၊ ကလေးဝမှ တမူးအထိ မောင်းနှင်သွားလာနိုင်မည်ဖြစ်ပြီးတစ်ဖက်ရှိ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်မှ ရန်ကုန်အထိ ခရီးပေါက်တော့မည်ဖြစ်သည်။ ရွှေဘိုရောက်လျှင် ရွှေဘို-မြစ်ကြီးနားကားလမ်းကို အသုံးပြု၍ မြစ်ကြီးနားအထိ သွားနိုင်မည်ဖြစ်သည်။ ထို့အပြင် နေ့စဉ်ဖြတ်သန်းသွားလာနေရသည့် ခရီးသွားမော်တော်ယာဉ်များနှင့် ဆိုင်ကယ်များသွားလာရာတွင် အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

တံတားတစ်စင်းလုံး ခန့်မှန်းစီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်း ၆၀၀၀ ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၀ ဖြင့် ၁-၁၀-၂၀၁၈ ရက်ကစ၍ စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



**တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာဖြူဖြူအိ၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကိုတင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင်ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို မေးခွန်းပုံစံသစ်ဖြင့် မေးမြန်းမည်ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်ကိုလည်း ကြိုတင်ရှင်းပြထားပြီးဖြစ်ပြီး ယခုထပ်မံရှင်းပြသွားပါမည်။ မေးခွန်းတွင် ယခင်ကကဲ့သို့ အပိုင်း(က)နှင့် အပိုင်း(ခ)ဟူ၍ (၂)ပိုင်းခွဲခြားမထားတော့ပဲ (၅)ပုဒ်မေးထားပြီး မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းထဲမှ အချို့မေးခွန်းများကိုရွေးချယ်ရန် အပုဒ်ရေပိုပေးပြီး ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်ကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

**ဘောဂဗေဒမေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံပြဇယား**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းပုံစံ | ပေးမှတ် | ဖြေရသည့်အမှတ် |
|---|---|---|---|---|
| ၁ | ၁ | ဓမ္မဓိဋ္ဌာန် (က)မှား/မှန်ရွေး ၅<br>(ခ)အဖြေမှန်ရွေးချယ် ၅<br>(ဂ)ကွက်လပ်ဖြည့် ၁၀ | ၂၀ | အားလုံးဖြေ ၂၀ |
| ၂ | ၂ | အဓိပ္ပာယ်သတ်မှတ်ချက်(၂×၁၂) | ၂၄ | ၁၀ ခုဖြေ ၂၀ |
| ၃ | ၃ | ၁၀ မှတ်တန်မှတ်စုတို(၄)ပုဒ်မှ(၂)ပုဒ် ဖြေဆိုရန် | ၄၀ | ၂၀ |
| ၄ | ၄ | အမှတ် ၂၀ မေးခွန်းရှည် (၂)ပုဒ်မှ (၁)ပုဒ် ဖြေဆိုရန် | ၄၀ | ၂၀ |
| ၅ | ၅ | တွက်ချက်ရန်ပုစ္ဆာ (၃×၁၀) | ၃၀ | ၂ ပုဒ်ဖြေ ၂၀ |
| | | **စုစုပေါင်း** | **၁၅၄** | **၁၀၀** |

မေးခွန်း(၁) ပုဒ်ချင်းစီအတွက် ရှင်းပြသွားပါမည်။

မေးခွန်းနံပါတ်(၁)တွင် (က)၊ (ခ)နှင့် (ဂ)ဟူ၍ နံပါတ်ငယ်(၃)ခုနှင့်(၃)ပိုင်းထပ်ခွဲထားပါသည်။ ၁။(က)တွင် ဖော်ပြချက်(၅)ခုကို မှား/မှန် ဖြေဆိုရန်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သောမေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက်(၅)ခုကို စာကြောင်းတစ်ခုတွင် (က)၊ (ခ)နှင့်(ဂ) အဖြေ(၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်ကိုရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကို ပေးထားသည့် (က)၊ (ခ) နှင့်(ဂ)ထဲမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက်(၁၀)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာနားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကို နားလည်ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁) (က)၊ (ခ)နှင့် (ဂ)အတွက် ရရှိမည့်အမှတ်မှာ (၂၀)မှတ်ဖြစ်ပါသည်။

ယခင်မေးခွန်းပုံစံတွင် မေးလေ့ရှိသောမေးခွန်းပုံစံနှင့် အနည်းငယ်ကွဲလွဲမှုရှိသည်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အထူးသတိထားကြရန် သတိပေးလိုပါသည်။

မေးခွန်းနံပါတ်(၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း(၁)ခန်းစီမှ (၂)ခုစီနှင့် အခန်း(၆) ခန်းအတွက် (၁၂)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀)ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်ပေးသည့် မှတ်စုတို(၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် (၂၀)မှတ်ပေးသည့်မေးခွန်းရှည်(၂)ပုဒ်ကိုပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း(၁)ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်းကိန်းဂဏန်းများကိုအသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း စသည်ဖြင့် သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကိုဆန်းစစ်သော ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုရန်ဖြစ်သည်။ ယခင်မေးခွန်းပုံစံအတိုင်း မေးခွန်းခွဲ (က)၊(ခ)နှင့်(ဂ)မှ နှစ်သက်ရာ(၂)ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက်ရမှတ်မှာလည်း (၂၀)မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း(၅)ပုဒ်မေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား(၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်များ (၃)မှတ်စုတိုမေးခွန်း (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။

ဆက်လက်၍ ဖြေဆိုပုံဖြေဆိုနည်းနှင့် သတိပြုရန်အချက်များကို ရှင်းလင်းသွားပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း(၅)ပုဒ်ကိုဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း(၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း(၁-က) ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောဖော်ပြချက်ကို မှားသလား(သို့)မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ- "အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်ဆံမှု၏ အခြေခံဖြစ်သည်။"ဟူသောဖော်ပြချက်တွင် အဖြေက'မှန်'ဖြစ်သည့်အတွက် 'မှန်'ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသားပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား(သို့မဟုတ်)မှန် တိကျပြတ်သားရန်လိုပါသည်။ စာစစ်သူဖတ်၍မရသော၊ မှား/မှန်မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက်(၅)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ဤမေးခွန်းတွင်မေးထားသောစာကြောင်းတွင် အဖြေကို (က)(ခ)(ဂ)(၃)မျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ 'ပြန်းတီးမှုတန်ဖိုးနုတ်ပြီးသောဝင်ငွေသည် (က)အမှန်ဝင်ငွေ (ခ)ငွေကြေးဝင်ငွေ (ဂ)အသားတင်ဝင်ငွေ'ဟူသော မေးခွန်း၏အဖြေမှန်မှာ (ဂ)အသားတင်ဝင်ငွေ ဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ) မေးခွန်းနံပါတ်သေး(၁) (ဂ)ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၅)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း(၁-ဂ) ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောစာကြောင်းတွင် လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်းပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ ဥပမာ-'ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံးသည် သတ်မှတ်ထားသော အနည်းဆုံး___ကို ဗဟိုဘဏ်တွင် ထားရန်တာဝန်ရှိသည်။'ဟူသောမေးခွန်းအတွက်အဖြေမှာ 'သီးသန့်ငွေသား' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း(၁)ခုလျှင် (၁)မှတ်ဖြင့် (၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)မေးခွန်းအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်မှ သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန်ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ် (၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုမေးထားရာ၌ ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၂)ခုထဲမှ နှစ်သက်ရာ(၁၀)ခုကိုဖြေဆိုရပြီး တိကျမှန်ကန်ပြည့်စုံပါက (၁)ခုအတွက်(၂)မှတ်အပြည့်၊ မှန်ကန်သော်လည်းမပြည့်စုံပါက (၁)မှတ်နှင့် မှားယွင်းပါက(၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။

ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာဖြေဆိုရန် လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန်လိုအပ်ပါသည်။ မှားယွင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်း မရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။ဥပမာ-'ထပ်ဆင့်တိုးတန်ဖိုး'၏ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးထားခြင်းကို 'ထပ်ဆင့်တိုးတန်ဖိုးဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့်ထုတ်လုပ်မှု၏တန်ဖိုး ဖြစ်သည်။'ဟု ဖြေဆိုရမည့်အစား 'ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသောတန်ဖိုးများအပေါ်တွင် ကောက်ယူသည့်အခွန်ဖြစ်သည်။'ဟူသော ထပ်ဆင့်တိုးတန်ဖိုးခွန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှားယွင်းဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။

ထို့ကြောင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန် လိုအပ်ပါသည်။ တစ်ခုလျှင် (၂)မှတ်နှင့် (၁၀)ခုဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန်မှတ်စုတို(၄)ခုမေးထားပြီး ယင်းထဲမှ နှစ်သက်ရာ(၂)ပုဒ်ကို ဖြေဆိုရမည် ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆)ခန်းစလုံးမှမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကိုနှံ့စပ်စွာ ကျေညက်အောင် ဖတ်ရှုလေ့လာထားရန် အထူးလိုအပ်ပါသည်။ ဤမေးခွန်းအတွက် ရမှတ်မှာ (၂၀)မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၄)တွင် အမှတ်(၂၀) မေးခွန်းရှည်(၂)ပုဒ်ကိုမေးထားပြီး ယင်းထဲမှ နှစ်သက်ရာ (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်းရှည်အတွက် ကျောင်းသားများအနေဖြင့် ကျက်မှတ်ရသည်မှာ အနည်းငယ် ခက်ခဲသဖြင့် ယခင်မေးခွန်းဟောင်းတွင် စာဖြေသူအများစုက ဖြေဆိုမှုနည်းပါးသော်လည်း ယခုမေးခွန်းပုံစံသစ်တွင် (၁)ပုဒ်ကို မဖြစ်မနေဖြေဆိုရမည်ဖြစ်သဖြင့် ယခင်ကကဲ့သို့ မလေ့လာပဲချန်လှပ်ထားခြင်းမျိုးမပြုကြရန် အထူး သတိပေးလိုပါသည်။

မေးခွန်းနံပါတ်(၃) မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းနံပါတ်(၄) မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုရာတွင်လည်း မေးထားသည့်အကြောင်းအရာ၏အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကိုဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးလာပါက စစ်ဆေးသူ ရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို အသေးစိတ် ထပ်မံဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ်(၅)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ)ခွဲ၍ (၁၀)မှတ်စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့်ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကို တိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။ ဥပမာ - 'အားမှုခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်ဦးစွာ 'အားမှုခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် မေးခွန်းပါကိန်းဂဏန်းကိုလေ့လာ၍ သင့်လျော်သောစကေးကို ဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများအတွက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကိုဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် အမှတ်(၂)ခုစီကိုပေတံဖြင့်မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ အမှတ်အားလုံးကို အစဉ်လိုက် လက်ဖြင့်ပြေပြစ်သောမျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။

(၂) ထို့အတူ'ထုတ်လုပ်နိုင်မှုအခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသောမေးခွန်းတွင်လည်း ဦးစွာ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကို အခြေခံ၍ သင့်လျော်သောစကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက်အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကိုဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရရှိပါမည်။ ဤတွင်လည်း အစက်များကို အစဉ်လိုက်ပြေပြစ်သော မျဉ်းကွေးအဖြစ်ရေးဆွဲရမည်ဖြစ်သည်။ အခွင့်အလမ်းစရိတ် တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့်ပုံသေနည်းကိုဖြေဆိုပြီး မေးခွန်းတွင် မေးထားသည့် အမှတ်(၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၃) အားမှုခြေတွင် ဇယားပေးပြီး အားမှုခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့်မေးခွန်းအပြင် ဈေးကွက်အားမှုခြေအပေါ်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိဈေးကွက်အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကိုပြဋ္ဌာန်းသော အချက်များထဲမှ အချက်တစ်ခုခုကိုပြောင်းလဲစေခြင်းသည် လေ့လာရမည့်ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည်စသည်ကို ပုံနှင့်တကွဖြေဆိုရမှာဖြစ်သည်။

(၄) ကိန်းဂဏန်းအချက်အလက်ကိုအခြေခံပြီး တွက်ချက်စေသောမေးခွန်းတွင် မေးထားသည့်အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှ

ထို့နောက်မှတွက်ချက်မှုကိုပြုလုပ်သင့်ပါသည်။ ဥပမာ တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာမေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေနှင့် တစ်ဦးကျဝင်ငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး တွက်ချက်မှုကိုဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNPနှင့် တစ်ဦးကျဝင်ငွေအထိမေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ဤတွင် ပေးထားသောကိန်းဂဏန်းများကို ချရေးပြရုံဖြင့် အမှတ်မရနိုင်သဖြင့် အဆင့်လိုက်တွက်ချက်သွားရန်နှင့် တွက်ချက်မှုတွင် အသုံးပြုသောလက္ခဏာများကို ဖော်ပြရန်လိုပါသည်။

(၅) ငွေကြေးအရေးအတွက်သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကိုရှာရန် မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက်သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့်ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကိုတွက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ အခွန်စည်းကြပ်မှုပုံသဏ္ဌာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး အိမ်ထောင်စု (၁)ခုချင်းစီ၏ အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့် အခြားနှစ် (၂)ခုတို့၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကိုပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာ ကုန်ဖလှယ်မှုအချိုး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃)နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁)နှစ်စီတွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှု အချိုးသည် (၁၀၀)ဖြစ်ပြီး ကျန်(၂)နှစ်တွင် ထွက်ရှိသောအဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော(သို့)ကျဆင်းသောကုန်ဖလှယ်မှုဟုသုံးသပ်ပြီး (၁၀၀)ထက်များပါက အခွင့်သာသော(သို့) တိုးတက်သောကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် ပုံစံအသစ်ဟုဆိုသော်လည်း များစွာပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ကို ခြုံငုံမိသော လေ့လာမှုဖြစ်လာစေရန်ရည်ရွယ်ကာ ရွေးချယ်ရန်များစွာပေးထားခြင်းကိုလျှော့ချပြီး ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဖြေဆိုရသည့်မေးခွန်းမျိုးကို ပေါင်းစပ်မေးမြန်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဖြေဆိုရန်အတွက်ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါသည်။ မေးခွန်းသည် ကျက်မှတ်သည့်အတိုင်းဖြေဆိုရသည့်မေးခွန်းများပါဝင်သည့်အပြင် ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဖြေဆိုရသည့် မေးခွန်းမျိုးကိုပါ ထည့်သွင်းထားခြင်း၊ ရွေးချယ်ရန် ပုဒ်ရေအနည်းငယ်လျှော့ထားခြင်းတို့ကြောင့် ဖြေဆိုသူ ကျောင်းသားကျောင်းသူများအနေဖြင့် ပိုမိုဂရုစိုက်လေ့လာထားရန် အထူးအသိပေးလိုပါသည်။ ဖြေဆိုသူ ကျောင်းသားကျောင်းသူများအားလုံး အောင်မြင်ပါစေဟုဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

# သီပေါ အောင်တော်မူမင်္ဂလာစေတီ ထီးတော်တင်မင်္ဂလာ အခမ်းအနားကျင်းပ



သီပေါ အောင်တော်မူမင်္ဂလာစေတီ ထီးတော် တင်လှူနေစဉ်။

**သီပေါ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ မဟာစည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ အရှင်သူမြတ်အားအမှူးထား၍ မဟာစည်ယောဂီများ၊ တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်းလျက် တည်ဆောက်ခဲ့သော အောင်တော်မူမင်္ဂလာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်းဆန်တော်ကြီးလောင်းလှူခြင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တင်လှူပွဲ မင်္ဂလာ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့်တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ထီးတော်သစ်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်မြတ်ကို ပန်းရထားဖြင့် ပင့်ဆောင်ရာတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ပူဇော်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဘားအံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာလူနာများအား အခမဲ့ခွဲစိတ်ကုသပေး

ဘားအံ ဖေဖော်ဝါရီ ၂၀

**ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာစာဖိုမှူးများအသင်းနှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များ၏ စီစဉ်မှုဖြင့် ဂျာမနီနိုင်ငံမှ Dr.Heinrich Schoeneich ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦးတို့သည် ဆေးကုသမှုအဖွဲ့(Inter Plast) နှင့် မြန်မာဆရာဝန်များ ပူးပေါင်း၍ ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာ လူနာများအား ဖေဖော်ဝါရီ ၂၈ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးသွားမည် ဖြစ်သည်။**

ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ဝေဒနာရှင် ၁၂၀ ကျော်ခန့် လာရောက်စာရင်းပေးသွင်းထားသော်လည်း လူနာအားလုံးကို ခွဲစိတ်ကုသပေးရန် အချိန်လုံလောက်မှုမရှိသည့်အတွက် လူနာဦးရေ ၁၀၀ ခန့် ခွဲစိတ်ကုသပေးသွားရန် မျှော်မှန်းထားကြောင်း၊ ဝေဒနာရှင်အချို့၏ ရောဂါများသည် လာရောက်ခွဲစိတ်ကုသပေးသည့် ဆရာဝန်ကြီးများနှင့် မသက်ဆိုင်သည့် ရောဂါများဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများသို့ ညွှန်းပို့ပေးထားကြောင်း သိရသည်။



နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာအား ခွဲစိတ်ကုသပေးနေစဉ်။

ခွဲစိတ်ကုသမှုခံယူမည့်သူ တစ်ဦးလျှင် လူနာစောင့်နှစ်ဦးဖြင့် အဆင်ပြေချောမွေ့စွာ ခွဲစိတ်ကုသမှုခံယူနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ သုမေဓာရာမ ကြားတောရဘုန်းတော်ကြီးကျောင်းနှင့် မဲဘောင်ကျောင်းတိုက်တို့တွင် တည်းခိုနေထိုင်နိုင်ရန် စီစဉ်ပေးထားပြီး တည်းခိုနေထိုင်စားသောက်စရိတ်၊ ကုန်ကျစရိတ်များနှင့် ပတ်သက်ပြီး မာဃလူမှုကူညီရေးအသင်း၊ ဘားအံမှတွဲဖက်အတွင်းရေးမှူး ကိုစိုးစံမင်းက ပြည်နယ်အစိုးရဆီသို့ အကူအညီ တောင်းခံထားကြောင်း၊ ထို့အပြင် ဘားအံမြို့၌ရှိသည့် ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များထံတွင်လည်း အလှူခံ၍ ယင်းခွဲစိတ်ကုသမှုအတွက်အကူအညီတောင်းခံ၍ လူနာများကို တာဝန်ယူထားကြောင်း သိရသည်။

"ခွဲစိတ်ကုသပေးတဲ့အခါမှာ အထူးသဖြင့် ကလေးငယ်တွေရဲ့ မီးလောင်ဒဏ်ရာတွေကို ခပ်များများတွေ့ရပါတယ်။ ကရင်ပြည်နယ်မှာတော့ တခြားအဖွဲ့အစည်းတွေ သိပ်မလာသေးတဲ့အတွက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲတွေလည်း အများကြီး မြင်တွေ့ရပါတယ်။ တချို့ဒေသတွေမှာတော့ နှုတ်ခမ်းနဲ့ အာခေါင်ကွဲတွေ့ရရင် နှုတ်ခမ်းကိုပဲ ချုပ်သွားတဲ့အတွက် ရုတ်တရက်တော့ရုပ်က ပြောင်းလဲသွားလို့ ပျော်စရာကောင်းပေမယ့် နောက်ပိုင်းမှာဆရာဝန်တွေက အာခေါင်ကို ခွဲရတဲ့အခါ တော်တော်အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို နှုတ်ခမ်းကွဲရော၊ အာခေါင်ကွဲပါ နှစ်ခုဖြစ်နေတဲ့ ဝေဒနာရှင်မျိုးမှာ အာခေါင်ခွဲလို့ ရတဲ့အရွယ်အထိစောင့်ပြီး အာခေါင်ခွဲဖို့ အရင်ချုပ်ပေးလိုက်တာက ပိုပြီး အဆင်ပြေမယ်ထင်ပါတယ်" ဟု မြန်မာစာဖိုမှူးများ အသင်းဥက္ကဋ္ဌ Mr. Oliver E Soe That က ပြောသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# အိမ်မဲမြို့၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမည်

**အိမ်မဲ ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက်(၁၄) လမ်းထိပ်ရှိအမှတ်(၂၉) မိုးကုတ်ဝိပဿနာ ဓမ္မာရိပ်သာ၌ ဆေးတက္ကသိုလ်(၂) ရန်ကုန်မိသားစုမှ အထူးကုဆရာဝန်ကြီးများက အိမ်မဲမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်ပရဟိတအသင်းနှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်မိသားစုတို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကုသမှုအဖွဲ့တွင် ပါမောက္ခသမားတော်ကြီးများ၊ အထွေထွေရောဂါကု၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ မျက်စိ၊ နား၊ နှာခေါင်း လည်ချောင်းအထူးကု၊ အရေပြားစသည့် အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးမှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် မည်သူမဆိုအခမဲ့လာရောက် ကုသမှုခံယူနိုင်ကြောင်းနှင့် ကုသမှုခံယူသူများမှ ဒေါက်တာမျိုးကျော်အောင် ဖုန်း- ၀၉-၇၈၀၁၅၈၇၆၆၊ ဦးဝေယံစိုး ဖုန်း-၀၉-၇၇၅၁၆၆၁၄၀ တို့ထံသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မလှိုင်၌ အခြေခံအင်္ဂလိပ်စာသင်တန်း အခမဲ့ပို့ချမည်

**မလှိုင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့တွင် အခြေခံအင်္ဂလိပ်စာသင်တန်းကို နွေရာသီတွင် အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ သင်ကြားပို့ချမည်ဖြစ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ Book Club အဖွဲ့ဝင် အင်္ဂလိပ်စာ ဘာသာပြန်ဆရာ ဦးစိုးရာဇာဖြိုးက မတ် ၄ ရက်တွင် စတင်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို အဓိကထားကာ အခြေခံအရေး၊ အဖတ်၊ အပြောကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကို Pre-intermediate (Booster ) level အဆင့်သတ်မှတ်၍ စတင်သင်ကြားမည် ဖြစ်ကြောင်း၊ ထို့အပြင် အင်္ဂလိပ်စာကို စိတ်ပါဝင်စား၍ လေ့လာသင်ကြားလိုသူ မည်သူမဆို တက်ရောက်နိုင်သည့်အပြင် Placement test ဖြင့် အရည်အသွေးစစ်ဆေး၍ တက်ရောက်သင်ကြားမည့် သင်တန်းသားများ၏ level များနှင့် ချိန်ညှိကာ လိုက်လျောညီထွေဖြစ်သော သင်ရိုးဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# နေကြာမျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်း သရုပ်ပြ

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာရေဆင်းစပ်မျိုး(၁) မျိုးစေ့ထုတ် စိုက်ခင်းတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မျိုးကွဲပယ်ခြင်း နည်းပညာလက်တွေ့ကွင်းဆင်း သရုပ်ပြသခြင်းကို ယမန်နေ့က ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံ၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်တိုင်း မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူအောင်နှင့် ဒက္ခိဏခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှညိမ်းတို့က စိုက်ပျိုးရေးသိပ္ပံကျောင်းသား ကျောင်းသူ ၇၀ အား နေကြာရေဆင်းစပ်မျိုး(၁) မျိုးကောင်းမျိုးသန့် မျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မျိုးကွဲပယ်ခြင်း နည်းပညာတို့ကို သရုပ်ပြသခဲ့ကြောင်းနှင့် အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ မျိုးစေ့တာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ကျင်းပသွားမည်

သံတွဲ ဖေဖော်ဝါရီ ၂၀

**ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲအား ဖေဖော်ဝါရီ ၂၁ ရက် မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ကျင်းပသွားမည်ဖြစ်သည်။**


ဒေါက်တာထူးမင်းသိမ်း


ဦးအေးဇော်ဆွေ


ဦးဝင်းမောင်မောင်



Dr.Denchai Akaradajdachachai

ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထူးမင်းသိမ်းက "ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ လုပ်ရတဲ့ရည်ရွယ်ချက်ကတော့ ရခိုင်ပြည်နယ်မှာဆိုရင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်တဲ့ လုပ်ငန်းကဏ္ဍစုံမှာ အလားအလာတွေရှိတယ်။ ဒီအလားအလာတွေကို သိရှိတဲ့သူလည်းနည်းတယ်။ လက်ရှိအချိန်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်မှု နည်းပါးသေးတဲ့အတွက် ဒါတွေကို တကယ်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လာအောင် ဖိတ်ခေါ်ချင်တယ်။ ဒီလိုမျိုးပြပွဲလုပ်ပြီး ဆွေးနွေးလိုက်ခြင်းအားဖြင့် နိုင်ငံတကာမှာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မယ့် အလားအလာတွေ ပြည်တွင်းမှာရှိပါလားဆိုတဲ့ သတင်းအချက်အလက်တွေသည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ သိရှိသွားမယ်။ ရခိုင်ပြည်နယ်ကို စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံမှုတွေလာမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ဆွေးနွေးသွားမည်**

ထိုရင်းနှီးမြှုပ်နှံမှု ပွဲတော်တွင် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဌာနနှင့် ပတ်သက်သည့် မူဝါဒများ၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် စီမံကိန်းများ၊ ဂျပန်ပြည်ပ ကုန်သွယ်မှုအဖွဲ့မှ ဦးစီးကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ၊ ကုလားတန်မြစ် စီမံကိန်း၊ လျှပ်စစ်မီးဆိုင်ရာများ စသည်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးသွားမည်ဖြစ်သည်။

Biotech Farmconsult International Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဇော်ဆွေက "ထိုင်းနိုင်ငံက ထုတ်တဲ့ ရေချိုး၊ ရေငန် ပုစွန်အစာကို မိတ်ဆက်တဲ့အနေနဲ့ ဒီပွဲမှာလာပြတာပါ။ ရခိုင်ဒေသမှာက သဘာဝအရင်းအမြစ်တွေ အများကြီးရှိတယ်။ နယ်မြေတည်ငြိမ်မယ်၊ အစိုးရကလည်း ပံ့ပိုးမှုကောင်းမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ဝင်လာဖို့ အများကြီးရှိတယ်။ သူတို့လည်းရခိုင်ကို တော်တော်လေး စိတ်ဝင်စားတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ပြည်ပကရင်းနှီးမြှုပ်နှံမှုတွေ ပိုများလာရင် နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုတွေ များများရှိလာမှာပါ။ နိုင်ငံတော်ကလည်း ဒီလိုပွဲတွေ များများလုပ်ပေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ သံတွဲရုံးခွဲတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်မောင်က "ဒီပြခန်းမှာ ရခိုင်ပြည်နယ်ရဲ့အထင်ကရနေရာတွေအပြင် ရင်းနှီးမြှုပ်နှံမှုအတွက် ဖြစ်နိုင်ချေရှိတဲ့ ထပ်ပြီးရင်းနှီးမြှုပ်နှံမယ့်နေရာတွေ၊ ခရီးစဉ်ဒေသ အသစ်တွေကို ပြသထားတယ်။ ရခိုင်ပြည်နယ်ထဲမှာ ငပလီနဲ့ အနီးတစ်ဝိုက်မှာ ထပ်ပြီးရင်းနှီးမြှုပ်နှံလို့ရသေးတဲ့ ကမ်းခြေတွေ အများကြီး ရှိပါသေးတယ်။ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်လို့ရတဲ့ နေရာတွေကိုလည်း ကျွန်တော်တို့ ပြသသွားမယ်။ သဘာဝအခြေပြုခရီးသွားလုပ်ငန်းနဲ့ ကမ်းခြေတွေ တိုးချဲ့ပြီး စီမံကိန်းတွေ၊ ခရီးစဉ်အသစ်တွေ ပြသသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံဖြည့်စွက်ပြီး ပြောချင်တာက ရခိုင်ပြည်နယ်ထဲမှာရှိတဲ့ မာန်အောင်ကျွန်းဆိုတာ နောက်ထပ်ခရီးသွားလုပ်ငန်း အလားအလာအများကြီးရှိတဲ့ နေရာပဲဖြစ်ပါတယ်။ အခုအချိန်မှာ တချို့ကုမ္ပဏီတွေ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ ရှိနေပြီဆိုတာ ဒါလေးကိုလည်း သတင်းကောင်း ပါးချင်ပါတယ်"ဟု ပြောသည်။



ပွဲတော်ကာလအတွင်း သဘာဝခရီးသွားလာရေး ဒေသများဖြစ်သည့် ငပလီအနီးရှိ ကမ်းခြေများ၊ အအေးခန်းစက်ရုံ၊ ဂွရှိ ကမ်းခြေဒေသများသို့ လေ့လာရေးခရီးစဉ်များလည်း စီစဉ်ထားကြောင်း သိရသည်။

**ပြသထားမည်**

ပြပွဲတွင် အစိုးရဌာနဆိုင်ရာပြခန်းများ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ လာရောက်ပြသသည့် ပြခန်းများ၊ ဒေသထွက်ကုန်ဆိုင်ရာ ပြခန်းများ စသည်ဖြင့် ကဏ္ဍပေါင်းစုံမှ ပြခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသထားမည်ဖြစ်သည်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် လာရောက်ပြသသည့် ထိုင်းနိုင်ငံရေထွက်ပစ္စည်း အစားအစာထုတ်လုပ်ရေး Tluxe Global Business ကုမ္ပဏီမှ ဒါရိုက်တာ Dr.Denchai Akaradajdachachai က "အဓိကလာရင်းနှီးတာက ပစ္စည်းတွေ လာရင်းနှီးတာမဟုတ်ဘူး။ နည်းပညာဖြန့်ဝေတာ။ အသိပညာဖြန့်ဝေတဲ့နေရာမှာ လာရောက်လုပ်ကိုင်မှာပါ။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ ဖြစ်ပါတယ်။ အခုက ရခိုင်အစိုးရနဲ့ ပူးတွဲပြီးလုပ်ဖို့ စီမံကိန်းတော့ ရှိပါတယ်။ စစ်တွေက စမှာပါ။ အဓိကက ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေး အသိပညာကို ပို့ချပေးဖို့ရှိပါတယ်။ ရခိုင်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ရခိုင်ဒေသခံတွေကို မွေးမြူရေးနဲ့ဆိုင်တဲ့ အသိတွေ ပိုသိအောင် ကူညီချင်တယ်။ ရခိုင်ပြည်နယ် အစိုးရကလည်း အပြည့်အဝ အထောက်အကူပေးတယ်။ ရခိုင်အစိုးရက ဘယ်လိုမျိုးကုမ္ပဏီပဲလာလာ အမြဲတမ်းတံခါးဖွင့်ထားတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ အလွန်ကောင်းတဲ့နေရာလို့ မြင်ပါတယ်" ဟုပြောသည်။

ပြပွဲသို့ စီးပွားရေးနှင့် ဆက်စပ်သည့် နိုင်ငံတကာသံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ကုန်သည်အသင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်မည့်အပြင် အွန်လိုင်းမှ စာရင်းပေးသွင်းသူများတွင် နိုင်ငံခြားသား ၅၀ ရာခိုင်နှုန်းကျော် စိတ်ဝင်တစား စာရင်းသွင်းခဲ့ပြီး အာရှ၊ အနောက်ဥရောပနိုင်ငံများမှ စာရင်းပေးသွင်းသူများအနက် ဂျပန်နှင့် ထိုင်းနိုင်ငံမှ အများဆုံးဖြစ်ကြောင်း သိရသည်။

**သတင်း - သီသီမင်း၊ မင်းသစ်**

**ဓာတ်ပုံ - နေလင်း**

# ရခိုင်ပြည်နယ်အတွင်း ဒါးလက်ချောင်းတံတားနှင့် တိမ်ညိုတံတားတို့ကို မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြု

စစ်တွေ ဖေဖော်ဝါရီ ၂၀

**ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သော ဒါးလက်ချောင်းတံတားနှင့် မြောက်ဦးမြို့နယ်ရှိ တိမ်ညိုတံတားတို့ကို ယနေ့မှစတင်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း အဆိုပါတံတားများကို တာဝန်ယူတည်ဆောက်သော တံတားဆောက်လုပ်ရေး အထူးအဖွဲ့ ၇ မှ သိရသည်။**

**စတင်ဖြတ်သန်းခွင့်ပြု**

"တံတားတည်ဆောက်မှုလုပ်ငန်းတွေ ပြီးစီးသွားပြီဖြစ်တဲ့အတွက် ဒါးလက်ချောင်းတံတားနဲ့ တိမ်ညိုတံတားနှစ်စင်းလုံးကို ဒီနေ့မှာပဲ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပြီး တံတားကို စတင်ဖြတ်သန်းခွင့် ပြုလိုက်ပါတယ်"ဟု ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၇ မှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းထွန်းက ပြောသည်။

ဒါးလက်ချောင်းတံတားမှာ အရှည် ပေ ၉၆၀ ရှိပြီး ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း) မိုင်တိုင်(၂၇/၀)ပေါ်တွင် ဆောက်လုပ်ထားသည်။ တံတားအမျိုးအစားမှာ Steel Box Girder သံကူကွန်ကရစ်တံတားဖြစ်ကာ ရခိုင်ပြည်နယ်၏ ပထမဆုံးသော Steel Box Girder တံတားဖြစ်သည်။ တံတားကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် ပြီးစီးခဲ့သည်။ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

**သံကူကွန်ကရစ်တံတား အမျိုးအစား**

တိမ်ညိုတံတားမှာ အရှည်ပေ ၃၆၀ ရှိပြီး ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း) မိုင်တိုင် (၁၂၀/ ၃-၁၂၀/၄) ပေါ်တွင် ဆောက်လုပ်ထားသည်။ ယင်းတံတားမှာ Steel Plate Girder သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ၂၀၁၇ ခုနှစ် မေလ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ပြီးစီးခဲ့သည်။ တံတားခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်ကြောင်းသိရသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**


မြောက်ဦးမြို့နယ်ရှိ တိမ်ညိုတံတားကို တွေ့ရစဉ်။

# ကျောက်ဆည်မြို့ကို အမှိုက်ကင်းစင်သည့်မြို့အဖြစ် သတ်မှတ်နိုင်ရန် စတင်အကောင်အထည်ဖော်

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ကို အမှိုက်ကင်းစင်သည့်မြို့အဖြစ် သတ်မှတ်နိုင်ရေး အတွက် လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှ စ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။


အမှိုက်သိမ်းယာဉ်များ၊ ယာဉ်မောင်းနှင့် အလုပ်သမားများကို ရပ်ကွက်များသို့ အပ်နှံပေးစဉ်။

အမှိုက်ကင်းစင်သည့်မြို့အဖြစ် သတ်မှတ်နိုင်ရေးအတွက် ကျောက်ဆည်မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် အစည်းအဝေးတစ်ရပ်ကို ဖေဖော်ဝါရီ ၁၉ ရက်က ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးကော်မတီရုံး၌ ပြုလုပ်ခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ အမှိုက်သိမ်းမော်တော်ယာဉ်၊ ယာဉ်မောင်းနှင့် ဝန်ထမ်းများ အပ်နှံပေးခဲ့ကြောင်း မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောကြားသည်။

"ကျောက်ဆည်မြို့ကို အမှိုက်ကင်းစင်မြို့ဖြစ်ရေး ဒီနေ့ကစပြီး စတင် အကောင်အထည်ဖော်နေပါပြီ၊ အကောင်အထည်ဖော်တဲ့နေရာမှာလည်း ရပ်ကွက်နေပြည်သူတွေရော၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေရော ပါမှသာလျှင် ရမှာဖြစ်တဲ့အတွက် ရပ်ကွက်ကြီးရင် ကားတစ်စီး၊ ရပ်ကွက်သေးရင် နှစ်ရပ်ကွက်ကို ကားတစ်စီးနှုန်းနဲ့ အမှိုက်သိမ်းမော်တော်ယာဉ်ရယ်၊ ယာဉ်မောင်းရယ်၊ အလုပ်သမားရယ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ တခါတည်း အပ်ပေးခဲ့ပါတယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ကိုယ့်ရပ်ကွက်မှာ ဘယ်နေရာမှာတော့ အမှိုက်ပုံရှိတယ်၊ ဘယ်ကိုသွားရမယ်ဆိုတာ သူတို့ညွှန်ကြားတဲ့အတိုင်း ကျွန်တော်တို့ လုပ်ပါမယ်"ဟု ၎င်းက ဆက်ပြောသည်။

ကျောက်ဆည်မြို့ကို အမှိုက်ကင်းစင်သည့်မြို့အဖြစ် သတ်မှတ်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်က စီမံချက်ရေးဆွဲခဲ့ဖူးသော်လည်း ဝန်ထမ်းအင်အား မလုံလောက်မှုနှင့် ယာဉ်ယန္တရား မလုံလောက်မှုတို့ကြောင့် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းအင်အား ထပ်တိုးခန့်ခြင်း၊ ယာဉ်ယန္တရားများ ထပ်မံဝယ်ယူခြင်းများ ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်မှ အမှိုက်ကင်းစင်သည့်မြို့အဖြစ် သတ်မှတ်နိုင်ရန် အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"အခုတော့ ကျွန်တော်တို့ ဝန်ထမ်းတွေလည်း ထပ်တိုးခန့်တယ်၊ ယာဉ် ယန္တရားတွေလည်း ထပ်ဝယ်ထားတယ်၊ အမှိုက်သိမ်းမော်တော်ယာဉ်ရှစ်စီးနဲ့ အမှိုက်ကြိတ်စက်ယာဉ် တစ်စီး စုစုပေါင်း ကိုးစီး၊ ယာဉ် ယန္တရားရော၊ ဝန်ထမ်းရော အတန်အသင့်လုံလောက်တဲ့အချိန်မှာ ဒီစီမံကိန်းကို ဒီနေ့ကစပြီး အကောင်အထည်ဖော်ပါတယ်"ဟုလည်း မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက ဆိုသည်။

ကျောက်ဆည်မြို့တွင် မြို့ပေါ်ရပ်ကွက် ၁၀ ခုရှိပြီး လက်ရှိတွင် အမှိုက်သိမ်းယာဉ် ရှစ်စီးဖြင့် နေ့စဉ် အဆိုပါရပ်ကွက်များအတွင်းရှိ အမှိုက်များကို ရှင်းလင်းသိမ်းဆည်းပေးလျက်ရှိကြောင်း၊ ယခုလကုန်တွင် အမှိုက်သိမ်းယာဉ်များ ထပ်မံရောက်ရှိလာဦးမည်ဖြစ်ပြီး ရောက်ရှိလာပါက ရပ်ကွက်တစ်ခုလျှင် တစ်စီးနှုန်းဖြင့်ပေး၍ ကျောက်ဆည်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

**ကိုမင်း(အင်းတော်)**

## မိတ္ထီလာမြို့ ထီလာဦးမျက်စိအထူးကုဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၀**
မိတ္ထီလာမြို့ရှိ ထီလာဦး မျက်စိအထူးကုဆေးရုံ၌ မျက်စိဝေဒနာရှင် သံဃာတော်များ၊ သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက အခမဲ့ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထီလာဦး မျက်စိအထူးကုဆေးရုံအနေဖြင့် ကျေးလက်ဒေသများတွင် သီတင်းသုံးနေထိုင်သော သာသနာ့ဝန်ထမ်းများဖြစ်ကြသည့် ရဟန်းသံဃာများ၊ သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား မျက်စိအလင်းရရှိ ကောင်းမွန်စေရန် ရည်ရွယ်၍ လစဉ် လပြည့်နေ့တိုင်း အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ ယခု တပို့တွဲလပြည့်နေ့တွင်လည်း ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ သာစည်၊ တောင်ကြီး၊ မလှိုင်၊ တောင်သာ၊ ရပ်စောက်၊ အောင်ပန်းမြို့များနှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ပျော်ဘွယ်နှင့် မိတ္ထီလာမြို့နယ်တို့တွင်ရှိသည့် ဘိုးဘွားရိပ်သာများမှ ဘိုးဘွားများအား အဓိကထား၍ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခွဲစိတ်ရာတွင် သံဃာတော် ကိုးပါး၊ သီလရှင် တစ်ပါးနှင့် အဘိုးအဘွား နှစ်ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း ထီလာဦး မျက်စိအထူးကုဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဇော်ထွန်းထံမှ သိရသည်။

သံဃာတော်နှင့် သီလရှင်များ၊ ဘိုးဘွားများအား အဓိကထား၍ ထီလာဦး မျက်စိအထူးကုဆေးရုံက အခမဲ့ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခြင်းမှာ ယခုတစ်ကြိမ်သည် အကြိမ်ရေ (၁၂၀)မြောက်ဖြစ်ကြောင်း၊ ထိုသို့ ခွဲစိတ်ကုသမှု အကြိမ် ၁၂၀ အတွင်း ယနေ့အထိ ရဟန်းသံဃာ အပါး ၁၀၀၀ ကျော်၊ သီလရှင်နှင့် သက်ကြီးဘိုးဘွား ၄၀၀၀ ကျော်တို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း၊ ခွဲစိတ်ကုသရာတွင် ရေတိမ်နှင့် အတွင်းတိမ်များကို အဓိက ခွဲစိတ်ကုသပေးပြီး ခွဲစိတ်ပြီးသည့် လူနာများအား ဆေးဝါးများနှင့်အတူ နေကာမျက်မှန် တစ်လက်စီနှင့် ပါဝါမျက်မှန် တစ်လက်စီကိုပါ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## YBS ယာဉ်လိုင်းများပေါ်တွင် ကွမ်းမစားရန် တားမြစ်စေလိုကြောင်း ခရီးသည်အချို့ ပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**
ရန်ကုန်မြို့၌ ပြေးဆွဲနေသော YBS ယာဉ်လိုင်းများပေါ်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသကဲ့သို့ ကျန်းမာရေးကိုထိခိုက်စေပြီး ကွမ်းစားသူအချို့၏ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းကြောင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော ကွမ်းစားခြင်းကိုလည်း တားမြစ်ပေးစေလိုကြောင်း ခရီးသွားပြည်သူအချို့က ပြောသည်။

ကွမ်းတံတွေး စည်းကမ်းမဲ့ထွေးခြင်းကို အများပြည်သူဆိုင်ရာနေရာများဖြစ်သည့် ကားမှတ်တိုင်များနှင့် လိုင်းကားများပေါ်တွင် မြင်တွေ့နေရဆဲဖြစ်ပြီး အဲယားကွန်းပါ အလုံပိတ် YBS လိုင်းအချို့တွင် ခရီးသည်များအနေဖြင့် မှန်တံခါးဖွင့်၍ ကွမ်းတံတွေး ထွေးခြင်းများကိုလည်း တွေ့နေရသည်။ ထိုသို့ ယာဉ်ပေါ်မှ စည်းကမ်းမဲ့ ကွမ်းတံတွေး ထွေးချသဖြင့် လမ်းဘေးတွင် လျှောက်လာသူအချို့အနေဖြင့် အဝတ်အစားများ ပေကျံ စွန်းထင်းရခြင်းများကိုလည်း လူမှုကွန်ရက်ပေါ်တွင် မကြာခဏ မြင်တွေ့ရသည်။ ထို့အပြင် ခရီးသည်အချို့အနေဖြင့် ကွမ်းတံတွေးထည့်ထားသော အိတ်ငယ်များနှင့် ဘူးခွံများကို မိမိနှင့်အတူ ယူမသွားဘဲ လိုင်းကားပေါ်တွင် စည်းကမ်းမဲ့ချန်ထားခဲ့သည်များကိုလည်း ယာဉ်လိုင်းအချို့တွင် မြင်တွေ့နေရသည်ဟု ခရီးသည်အချို့က ပြောသည်။

ကွမ်းစားခြင်းကို ကြိုက်နှစ်သက်၍ စားကြသူများအား အပြစ်မပြောလိုကြောင်း၊ သို့သော် အများပြည်သူသွားလာနေသည့် လိုင်းကားများပေါ်တွင်မူ ဆေးလိပ်သောက်ခြင်းကို ခွင့်မပြုထားသကဲ့သို့ ကွမ်းစားခြင်းကိုလည်း ခွင့်မပြုစေလိုကြောင်း ရန်ကုန်မြို့တွင်းနေ ပြည်သူတစ်ဦးက ပြောသည်။

၂၀၁၀ ဝန်းကျင်က ရန်ကုန်မြို့တွင်းမောင်းနေသော ယာဉ်များတွင် ကွမ်းတံတွေးများ ပေကျံနေပါက ယာဉ်မောင်းအား အရေးယူမှု ပြုလုပ်ခဲ့ဖူးရာ ယာဉ်မောင်းများအနေဖြင့် မမောင်းမီတွင် ယာဉ်ကိုယ်ထည်၌ ကွမ်းတံတွေးပေကျံခြင်းမရှိအောင် စစ်ဆေးရသလို ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ခြင်းများ ရှိခဲ့သော်လည်း ယင်းသို့ အရေးယူမှု မပြုလုပ်တော့သည်မှာ နှစ်အတော်ကြာပြီဖြစ်ကြောင်း ယာဉ်မောင်းသူများထံမှ သိရသည်။

**ခင်ဆိုင်**

## ရှမ်းရိုးမအပန်းဖြေဆင်စခန်း၌ ဝန်ဆောင်မှုများပိုပေးနိုင်ရန် ပြင်ဆင်နေ

**ကလော ဖေဖော်ဝါရီ ၂၀**
ကလောမြို့နယ် နန့်ပန်တက်ကျေးရွာအနီးတွင် တည်ရှိသည့် ရှမ်းရိုးမ အပန်းဖြေဆင်စခန်းသို့ အပန်းဖြေလာရောက်သူများအား ဆင်စီးခြင်းသာမက အခြားဝန်ဆောင်မှုများ ပိုပေးနိုင်ရန်အတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဆင်စခန်း၏ တာဝန်ခံထံမှ သိရသည်။


ရှမ်းရိုးမ အပန်းဖြေဆင်စခန်း၌ ဆင်စီး၍ တောတွင်းခရီး လှည့်ပတ်နေသူများကို တွေ့ရစဉ်။

"ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို လာရောက်တဲ့ ပြည်တွင်းပြည်ပက ခရီးသွားဧည့်သည်များအတွက် သဘာဝသစ်တောများထဲကို ဆင်စီးခြင်းအပြင် အခြားဝန်ဆောင်မှုတွေ ပိုပေးအပ်နိုင်ဖို့ လတ်တလော ပြင်ဆင်ဆောင်ရွက်နေပါတယ်၊ ဆင်စခန်းကနေ နှစ်မိုင်လောက်ဝေးတဲ့ ဘူးချောင်းဝဖျားရေတံခွန် ခြေကျင်ခရီး၊ ခရီးတိုဆင်စီးခြင်း၊ တောတွင်းလမ်းအတိုင်း ဆိုင်ကယ်ခရီးနဲ့ ရေတံခွန်သို့သွားရောက်ခြင်း၊ ရေချိုး အပန်းဖြေနိုင်မယ့် ရေအိုင်နဲ့ နားနေဆောင်များ တိုးချဲ့ခြင်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ရောင်းချခြင်းစတဲ့ ဝန်ဆောင်မှုတွေကို ပိုမိုဖြည့်ဆည်းပေးဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု ဆင်စခန်းတာဝန်ခံ ဦးစိုင်းသန်းနိုင်က ပြောသည်။

"လက်ရှိမှာလည်း ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို လာရောက်လည်ပတ် အနားယူပြီး သဘာဝသစ်တောထဲမှာ ဆင်စီးခြင်း၊ ဆင်ရေချိုး(ရေချ)တာကို အနီးကပ်ကြည့်ရှုခြင်း၊ ဆင်များကို ကိုယ်တိုင်ရေချိုးပေးခြင်း၊ ဆင်များ သဘာဝအတိုင်း တောထဲမှာနေထိုင်တဲ့ဝလေ့ကို ဆင်ဦးစီးများနဲ့အတူ လေ့လာခြင်း၊ ဆင်များနဲ့ ဓာတ်ပုံ ဗီဒီယိုများ ရိုက်ကူးခြင်း၊ ဆင်သမားကျေးရွာကို သွားရောက်လေ့လာခြင်း၊ ရေတံခွန်နဲ့ ရေအိုင်များမှာ ရေချိုးအပန်းဖြေခြင်းတွေ ပြုလုပ်နိုင်ပါတယ်"ဟုလည်း တာဝန်ခံက ဆက်ပြောသည်။

ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို ၂၀၁၈ ဖေဖော်ဝါရီ ၁၃ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး တစ်နှစ်ခွဲသား ဆင်အမြွာနှစ်ကောင်၊ ဆင်မ လေးကောင်နှင့် ဆင်ထီး နှစ်ကောင် စုစုပေါင်း ရှစ်ကောင်ရှိကာ လက်ရှိတွင် လာရောက်အပန်းဖြေသူများ ဆင်စီးနိုင်ရန် ဆင်ငါးကောင်ဖြင့် ဝန်ဆောင်မှုပေးထားပြီး ဆင်ကောင်ရေ ပိုမို ထားရှိနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပလင်းကမ်းသာယာဆင်စခန်းသို့ လာသူများအား ထမနဲထိုး၍ အာဟာရဒါနပြု

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**
ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပလင်းကျေးရွာအနီး ရောဝတီမြစ်ကမ်းဘေး၌ ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာ ဆင်စခန်းတွင် ဖေဖော်ဝါရီ ၁၉ ရက် (တပို့တွဲလပြည့်နေ့)က ဆင်စခန်းဝန်ထမ်းများ စုပေါင်း ထမနဲထိုး၍ လာရောက်လည်ပတ်သည့် ခရီးသွားများအား အာဟာရဒါနပြု ကျွေးမွေးခဲ့သည်။



မြန်မာ့ရိုးရာ ထမနဲအရသာကို မြည်းစမ်းနေသည့် နိုင်ငံခြားသားဧည့်သည်တစ်ဦးကို တွေ့ရစဉ်။

တပို့တွဲလ၏ မြန်မာ့ရိုးရာ ရာသီစာကို ခရီးသွားနေသည့်အချိန်တွင် မစားရမရှိရလေအောင် ဆင်စခန်းမှ ဝန်ထမ်းများစုပေါင်း၍ ထမနဲထိုးပြီး ဆင်စခန်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားများအား အာဟာရဒါနပြုခြင်းဖြစ်ကာ ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုက ဆင်စခန်းမှဝန်ထမ်းများအား ထမနဲထိုးစေပြီး ဆင်စခန်းသို့လာကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တိုင်းအား မြန်မာ့ရိုးရာ ထမနဲဖြင့် ဧည့်ခံကျွေးမွေးခြင်းဖြစ်ကြောင်း၊ လာရောက်ကြသည့် ပြည်တွင်း ပြည်ပ ခရီးသွားများအနေဖြင့် ထိုသို့ မြန်မာ့ရိုးရာထမနဲပွဲပြုလုပ်၍ အာဟာရဒါနပြုသည့် အစီအစဉ်ကို ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ထမနဲထိုးရာတွင် အဖွဲ့လိုက် စုပေါင်း၍ ထိုးရသလို လိုအပ်သည့် ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ချင်း၊ မြေပဲတို့ကို အချိုးကျထည့်နိုင်မှ စားကောင်းသည့်အတွက် ဆင်စခန်းဝင်းအတွင်းရှိ ဆင်ဦးစီး၊ ဆင်ပဲ့ချိတ်နှင့် ဆင်စာရောင်းချသည့် ဝန်ထမ်းများသည်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ကိုင်မှသာ ဆင်စခန်းအောင်မြင်ပြီး ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်းလည်း ဆင်စခန်းတာဝန်ခံက ထမနဲထိုးသည့် အလေ့အထနှင့် ဆက်စပ်၍ ဝန်ထမ်းများအား ပြောကြားခဲ့သည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၁၃၈)၊ အမှတ် (၃)လမ်းမကြီး၊ သဃ်န်းကျွန်းကြီး ရပ်ကွက်နေ ဦးရဲခိုင် ၁၂/ခရန(နိုင်)၀၀၂၁၆၈ က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ် စသည့်အရွယ်အစားအမျိုးမျိုးဖြင့် မင်္ဂလာဒုံမြို့နယ်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်း စသည့်အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်းမပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမှတ်အသားနှင့် ပတ်သက်၍ (အမည်တူ)ကန့်ကွက်လိုပါက သတင်းစာပါလာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲခိုင် ၁၂/ခရန(နိုင်)၀၀၂၁၆၈**
**အမှတ် (၁၃၈)၊ ၃လမ်းမကြီး၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း($F_1$)မှ မောင်မိုးမြင့်ဦးနှင့် ခေမာသီရိရပ်ကွက်၊ အမက(၁၉-မူလွန်)၊ ပဥ္စမတန်း(B)မှ မနန်းဒေဝီတို့၏ ဖခင်အမည်မှန်မှာ ဦးမိုးဟန် ၉/မကန(နိုင်)၁၂၄၇၇၁ ဖြစ်ပါကြောင်း။

## ငှားမည်

ဝါးတစ်ရာ စက်မှုဇုန်တွင် မြေ ၂ ဒသမ ၅ ဧက၊ စက်ရုံ sqft 70000 - 500 KVA
**ဖုန်း-၀၉-၇၆၉၇၆၃၀၁၃**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလာဘောချီ ၁/မကန(နိုင်)၂၁၁၄၆၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၅၇၁၆၃၅**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျောက်စံ(အထက) နဝမတန်းမှ မနွဲ့နွဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုထွန်း ၈/မဘန(နိုင်)၁၅၈၉၃၀ ဖြစ်ပါကြောင်း။
**ဦးဘိုထွန်း**

## အမည်ပြောင်း

ဦးအိုက်အေး၏သား ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ အထက(ခတ်ချို)၊ ဒုတိယတန်းမှ မောင်အာနွမ်အား မောင်စိုင်းဘုန်းသန့်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9817 Honda Fit GE6 Hatch Back (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာလှိုင် ၁၂/စခန(နိုင်)၀၅၉၈၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ နဝမတန်း (B)မှ မအင်ခွမ်ပန်ထွယ်၏ အမည်မှန်မှာ မအင်ခွမ်ပန်ထွဲဖြစ်ပြီး ၎င်း၏ဖခင် ဦးအင်ခွမ်ဘရန်မွန်း၏ အမည်မှန်မှာ ဦးတင်မျိုးသန်း(MKA -၁၃၆၀၅၀) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးထွန်းထွန်း ၉/ပမန(နိုင်)၂၀၄၈၉၇ (ဘ)ဦးအုန်းမောင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၀၀၉)ကို ဦးသက်နိုင်စိုး ၉/အမရ(နိုင်)၁၂၀၅၇၅ (ဘ)ဦးညွန့်သောင်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၁၀၂)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်နှင်း(ကိုယ်စား) ဦးသန်းလွင် (ဘ)ဦးကြီးစိန် ၉/လဝန(နိုင်)၁၁၀၂၅၁မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၃၅/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (၆၃၉)၊ ဦးခင်မောင်သန်း၊ ဒေါ်ရီရီထွေး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ပွေး (ဘ)ဦးသာရွှင်း ၈/ပခက(နိုင်)၂၆၈၃၇၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၄၆၇/၂၀၁၉)၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၁၅၆၇၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးပေါ်ကာအမည်ပေါက် ပါမစ်မြေကွက်အား ဦးရွှေစိုးပြည့် (ဘ)ဦးစိန်ရွှေ ၉/တကန(နိုင်)၁၃၃၆၇၆ မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ် ၁၉၆/၄၁၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသန်းဝင်းအမည်ပေါက်မြေကွက်အား ဒေါ်ပြုံးသန္တာဝင်း (ဘ)ဦးစောဝင်း ၉/မထလ(နိုင်)၂၃၅၁၂၅ မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားပေးရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ် ၄၁၃/၈၃၄၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမောင်ချိုအမည်ပေါက် ပါမစ်မြေကွက်အား ဦးမြင့်ဦး (ဘ)ဦးမောင်ခိုင် ၁၄/ဒဒရ(နိုင်)၀၀၄၈၆၄ မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဗန်းမော်မြို့ အထက(၂) ဆဋ္ဌမတန်း(C)မှ မောင်အောင်မျိုးဆန့်၏ဖခင် ဦးလဘန်ဆန်အောင်နှင့် ဦးဆန်အောင် ၁/မစန(နိုင်)၀၁၈၁၇၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးလဘန်ဆန်အောင်(ခ)ဦးဆန်အောင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၈၈၊ ဧရိယာ ၂ ဒသမ ၀၆ ဧကအား အမည်ပေါက် ဦးတင်ဝင်း ၇/ပခန(နိုင်)၁၈၄၇၈၁ ထံမှ ဒေါ်အဲဆိုင်(ခ)စန္ဒာအေး ၉/မမန(နိုင်)၀၂၀၁၅၆ က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်အဲဆိုင် (ခ)စန္ဒာအေးမှ ၎င်း၏အမည်ဖြင့် မြေငှားလိုင်စင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။
**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇင်သူနိုင် ၁၂/လသယ(နိုင်)၀၆၆၉၁၈ ၏ Passport (နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၂၃၈၅၂၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/1689 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6064 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6255 Nissan Diesel Truck ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/9151 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5196 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/5849 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွား၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၂၁၆၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပဲခူးခရိုင်တရားရုံးတော်၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၃

| | | |
|---|---|---|
| ဒေါ်အိနှင်းဖြူ | နှင့် | ၁။ ဦးဘညွန့် |
| | | ၂။ ဒေါ်သန်းရင် |
| | | ၃။ ဦးဝင်းဇော် |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးမြို့၊ မြို့သစ်(ခ)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် ၃/၄၅နေ (၁)တရားပြိုင် ဦးဘညွန့်၊ (၂)တရားပြိုင် ဒေါ်သန်းရင် (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက လက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၈ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၈၄၅/က၊ ရွှေရင်အေးဘုရားလမ်း၊ (၁၈)ရပ်ကွက်ဟုခေါ်တွင်သည့် မြေကွက်ကို လက်ရှိရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းထွေး ၁၂/လသယ(နိုင်) ၀၈၈၂၂၉ ထံမှ ဒေါ်သိန်းအုံးညွန့် ၁၂/လသယ(နိုင်)၀၃၇၄၀၆က ဝယ်ယူရန်အတွက် စရန်ပေးရောင်းဖိုးငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်မ (အထက်တန်းရှေ့နေ ဒေါ်ဇင်ဝေထွန်း)ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေထွန်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ် ၇၁၀/ခ၊ သုမင်္ဂလာ (၃)လမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၈၁၅၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၇၉၈၊ မြေအကျယ်အဝန်း (ပေ၄၀×ပေ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ထွန်း ၇/ပတန(နိုင်)၀၀၆၆၈၁ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးသိန်းဝင်း ၁၂/ကမတ(နိုင်)၀၁၅၄၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ် ၁၁၂၈၊ သရဖီ(၇)လမ်း၊ (၃၄) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လေးမျက်နှာမြို့နယ်၊ သိမ်ကုန်းအုပ်စု၊ ညောင်ပိုင်းကျေးရွာနေ ဦးမျိုးဆွေ-ဒေါ်အေးအေးမြင့်တို့၏သား မောင်မြတ်နိုင်ဆွေ ၁၄/လမန(နိုင်)၀၉၆၅၅၈ သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဦးမျိုးဆွေ ၁၄/လမန(နိုင်)၀၂၁၉၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ မြေကွက်အမှတ် (၅၁၄)၊ ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိ ဦးလွင်ဌေး (ခ)ရဲဌေး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးခင်မောင်ဝင်း (ဦးလွင်ဌေး(ခ)ရဲဌေး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၃၆/၂၀၁၈ ရသူ)မှ ဒေါ်တင်တင်အောင်(ဘ) ဦးခင်မောင်ကြည် ၉/ပဘန(နိုင်)၀၀၁၀၁၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဦးလွင်ဌေး(ခ)ရဲဌေးအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ ဦးဝင်းလှိုင်အမည်ပေါက် မြေကွက်အမှတ် (၄၆၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ပါမစ်မြေကွက်အား ဒေါ်စန္ဒာညိမ်းညိမ်းရည် (ဘ)ဦးကြည်ဝင်းစံ ၁၄/ပသန(နိုင်)၀၀၃၄၉၁ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၃၄၆/၂၀၁၇)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၄၂၇၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

# ရန်ကုန်မြို့ပတ်ရထားလမ်း ဒညင်းကုန်းနှင့် ပုရွက်ဆိတ်ကုန်းဘူတာအကြား အကြီးစားပြုပြင်မှုများ ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများကို အဆင့်မြှင့်တင်မှုများပြုလုပ်ရာ၌ ဒညင်းကုန်းနှင့် ပုရွက်ဆိတ်ကုန်း ဘူတာအကြား အကြီးစားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အင်ဂျင်နီယာမှူး(မြို့ပြ) ဦးမင်းအောင်ထံမှ သိရသည်။

"ဒညင်းကုန်းနဲ့ ပုရွက်ဆိတ်ကုန်းမှာဆို ကျိုက္ကလဲ့ကနေပြီးတော့ ဝေဘာဂီဘူတာအထိဆို မြေသားတာပေါင်ကမကောင်းတဲ့အတွက်ကြောင့်မို့လို့ အဲဒီအပိုင်းကို အကြီးစားပြုပြင်ဆောင်ရွက်နေတယ်။ တာပေါင်ကော ရထားလမ်းပိုင်းကော အကုန်လုံးပြုပြင်ဆောင်ရွက်သွားမှာဖြစ်တယ်။ ကျန်တဲ့အပိုင်းကတော့ ရထားလမ်းတွေပဲ ပြုပြင်ဆောင်ရွက်သွားမှာဖြစ်တယ်"ဟု အင်ဂျင်နီယာမှူး(မြို့ပြ) ဦးမင်းအောင်က ပြောကြားသည်။

အဆိုပါရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ် ၂၁ ရက်တွင် အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဒညင်းကုန်း-အင်းစိန်၊ ကြည့်မြင်တိုင်-ရန်ကုန်လမ်းပိုင်းကို အောဝမ်းကုမ္ပဏီမှ လည်းကောင်း၊ ဒညင်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်း- ရန်ကုန်လမ်းပိုင်းကို

*စာမျက်နှာ ၈ ကော်လံ ၆* ✻



ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများ စက်ယန္တရားများဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- အာကာစိုး

# မြန်မာ ယူ-၁၈ အသင်း ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**မြန်မာယူ-၁၈ အသင်းသည် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများအတွက် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပပေးလျက်ရှိပြီး ယခုကျင်းပမည့် ယူ-၁၉ ပြိုင်ပွဲကို မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။**



မြန်မာ ယူ-၁၈ အသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ယင်းပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်၊ မြန်မာ၊ ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တရုတ်တိုင်ပေအသင်းမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် နီးစပ်လျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၈ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းသည် လက်ရှိတွင် MNL ယူ-၂၁ ပြိုင်ပွဲ၌ MFF Youth အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။ ဦးစိုးမြတ်မင်းသည် မြန်မာယူ-၂၂ အသင်းတွင်လည်း လက်ထောက်နည်းပြအဖြစ် ပူးတွဲတာဝန်ပေးအပ်ခံထားရသောကြောင့် လက်ရှိတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ပူးပေါင်းနိုင်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ထောက်နည်းပြတစ်ဦး ခန့်အပ်မည်ဖြစ်ကာ ယင်းနည်းပြဖြင့် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ( ၂၀၁၉ ) ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲမြို့ Jasmine Ngapali Resort ၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် (MRTV)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် MRTV Facebook တို့တွင် နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖူဆယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၈) ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့်ပွဲစဉ်တွင် ဇယားထိပ်ပိုင်းမှ MIC၊ VUC၊ GV Athletic နှင့် မြို့မ YTD တို့ အသင်းလေးသင်းစလုံး နိုင်ပွဲရခဲ့သလို ဇယားအောက်ဆုံးမှ အသင်းနှစ်သင်းဖြစ်သည့် MFF ယူ-၁၉ နှင့် White Colour အသင်းလည်း နိုင်ပွဲပြန်ရခဲ့သည်။ ထို့ကြောင့် MFF ယူ-၁၉ အသင်းသည် အဆင့် ၁၁ နေရာမှ အဆင့် ၉ နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ပွဲစဉ် (၁၈) တွင် GV Athletic အသင်းက ရွှေမြဝတီအသင်းကို သုံးဂိုး-တစ်ဂိုး၊ MFF ယူ-၁၉ အသင်းက AMM အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ မြို့မ YTD အသင်းက Comrade အသင်းကို လေးဂိုး-တစ်ဂိုး၊ VUC အသင်းက Titan XII အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ MIC အသင်းက UPT အသင်းကို ၁၃ ဂိုး-တစ်ဂိုး၊ White Colour အသင်းက PU အသင်းကို ကိုးဂိုး-ငါးဂိုးဖြင့်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

**ဘောဂဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဘောဂဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀တွင် ဖော်ပြထားပါသည်။


ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ
KGတက်ပြီးသူမှ (၉)တန်းဖြေအတွက် 4-Skill English
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပတ် ၄ ရက်)
March 18 စမည်။
သင်တန်းကြေး- 90000/-
ကျောင်းကားစုံစမ်းနိုင်ပါသည်။
(၆+၇)တန်း ဖြေဆိုထားသူများအတွက်
(၈)တန်း အထောက်အကူပြု
Grammar သင်တန်း ▸▸ 7:30 - 9 (Mon to Thurs) 1 - 2:30 (Mon to Thurs) 18 Mar
Letter Writing + Essay သင်တန်း ▸▸ 7:30-10:30 (Sat + Sun) 12:00-3:00 (Sat + Sun) 60000/- 16 Mar
(၈+၉)တန်း ဖြေဆိုထားသူများအတွက်
တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
Letter Writing + Essay သင်တန်း ▸▸ 7:30-10:30 (Sat + Sun) 12:00-3:00 (Sat + Sun) 60000/- 16 Mar

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
01 392048,256954,202046
BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 25 Feb
1 - 2:30 (Mon~Thurs) 5 Mar
3:30 - 5 (Mon~Thurs) 18 Mar
9 - 12:00 (Sat + Sun) 23 Mar
1 - 4:00 (Sat + Sun) 30 Mar
BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 24 Feb
1 - 2:30 (Mon~Thurs) 25 Feb
1 - 4:00 (Sat + Sun) 16 Mar
9 - 12:00 (Sat + Sun) 23 Mar
VOCAB ENRICHMENT
10-11:30 (Mon~Thurs) 18 Feb
1 - 2:30 (Mon~Thurs) 4 Mar
BASIC WRITING
9 - 12:00 (Sat + Sun) 24 Feb
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon~Thurs) 18 Feb
1 - 4:00 (Sat + Sun) 31 Mar
INTERMEDIATE (ACADEMIC ENGLISH)
9 - 12:00 (Sat + Sun) 10 Feb
IELTS (Preparation)
1 - 3:30 (Mon~Thurs) 18 Feb
IELTS (Reading+Vocab)
1 - 3:00 (Mon~Thurs) 25 Feb
IELTS (Speaking+Vocab)
10-12:00 (Mon~Thurs) 11 Mar
IELTS (Writing+Grammar)
7:30-9:30 (Mon~Thurs) 25 Feb

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊
Ph: 09 443001453,01-503472, 09 30775232
BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 25 Feb
3:30 - 5 (Mon~Thurs) 25 Feb
1 - 2:30 (Mon~Thurs) 11 Mar
BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 5 Mar
3:30 - 5 (Mon~Thurs) 5 Mar
2:30-5:30 (Sat + Sun) 9 Mar
7:30 - 9 (Mon~Thurs) 11 Mar
BASIC GRAMMAR
1 - 2:30 (Mon~Thurs) 18 Feb
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 16 Feb
7:30 - 9 (Mon~Thurs) 25 Feb
10-11:30 (Mon~Thurs) 25 Feb
6 - 7:30 (Mon~Thurs) 25 Feb
INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 23 Mar
(၈+၉)တန်းဖြေထားသူများအတွက်
Letter Writing + Essay သင်တန်း
7:30 - 9 (Mon~Thurs) 18 Mar 60000/-
(၆+၇)တန်းဖြေဆိုထားသူများအတွက်
Grammar သင်တန်း 1 - 4:00 (Sat + Sun) 16 Mar